# ဆရာများအတွက်အမှာစာ

## ဆရာလမ်းညွှန်အသုံးပြုပုံ

### ၁.၁။ ရည်ရွယ်ချက်

ဤဆရာလမ်းညွှန်စာအုပ်ကို ဆရာများအနေဖြင့် စတုတ္ထတန်း အနုပညာ(ဂီတ)ဘာသာရပ် သင်ကြားရာတွင် အထောက်အကူပြုနိုင်ရန် ရေးသားပြုစုထားပါသည်။ မူလတန်းပြဆရာများ မွမ်းမံသင်တန်းအပြင် ပညာရေးကောလိပ်တွင်လည်း အသုံးပြုနိုင်ရန် ရေးသားပြုစုထားပါသည်။

အနုပညာ(ဂီတ)ဘာသာရပ်ကို နယ်ပယ် ၃ ခု ဖြင့် ဖွဲ့စည်းထားပါသည်။ ၎င်းတို့မှာ အဆို၊ အကနှင့် အတီးတို့ ဖြစ်ပါသည်။ စတုတ္ထတန်း အဆိုသင်ကြားရခြင်း၏ ရည်ရွယ်ချက်မှာ မြန်မာ့ရိုးရာတေးသီချင်းများကို သီဆိုရန်နှင့် တေးသီချင်း၏ အဓိပ္ပာယ်ကို သိရှိပြီး ဟန်အမူအရာများပြုလုပ်ကာ Rhythm၊ အသံအနိမ့်အမြင့်၊ အသံအပြင်းအပျော့၊ အနှေးအမြန်၊ သာယာသော အသံထွက်တို့ကို သတိထား၍ ခံစားချက်ကို ထည့်သွင်းကာ သီဆိုတတ်ရန် ဖြစ်ပါသည်။ ထို့ပြင် ကလေး၏ ဖွံ့ဖြိုးမှုအဆင့်နှင့်အညီ မြန်မာ့ရိုးရာသီချင်းများ၊ နိုင်ငံတကာသံစဉ်သီချင်းများကို လေ့လာသင်ယူနိုင်ရန် ရေးသားထားပါသည်။

အကသင်ကြားရခြင်း၏ ရည်ရွယ်ချက်မှာ မြန်မာ့အခြေခံအကကို စနစ်တကျနှင့် စည်းဝါးကျကျ ပျော်ရွှင်စွာ က ပြတတ်ရန် ဖြစ်ပါသည်။

အတီးသင်ကြားရခြင်း၏ ရည်ရွယ်ချက်မှာ တေးသီချင်းနှင့် ဗုံတီးခတ်သံကို နှုတ်ဖြင့် ရွတ်ဆိုပြီး၊ ပလွေဖြင့် တွဲဖက်သီဆိုတီးမှုတ်တတ်ရန်နှင့် ဖြစ်ပါသည်။ ဒို ရေ မီ ဖာ ဆို လာ တီ အသံ ၇ သံပါသော တေးသီချင်းများကို ပလွေဖြင့် မှုတ်တတ်ပြီး မိတ်ဖက်သံစဉ်နှစ်ခုကို ထပ်၍ တီးမှုတ်တတ်ရန် ဖြစ်ပါသည်။

အထက်ပါရည်ရွယ်ချက်များ ပေါက်မြောက်အောင်မြင်စွာ သင်ကြားနိုင်ရန် အထူးရည်ရွယ်၍ ကလေးများအား အဆိုပညာ၊ အကပညာနှင့် အတီးပညာတို့မှတစ်ဆင့် ထိုနယ်ပယ်အသီးသီး၏ အသိပညာ၊ ကျွမ်းကျင်မှု၊ သီဆိုတီးမှုတ်တင်ဆက်မှု တို့ကို မိမိတို့ ကိုယ်ပိုင်စိတ်ကူးဖြင့် ဆန်းသစ်ပြုလုပ်ခြင်း၊ ထိုသို့ပြုလုပ်နိုင်ရန် ကလေးများကိုယ်တိုင် ပါဝင်လုပ်ဆောင်လိုစိတ်ကို နှိုးဆွပေးနိုင်သော နည်းလမ်းများဖြစ်သော တက်ကြွစွာ သင်ကြားသင်ယူမှု (Active Learning)များ၊ သင်ကြားမှုလုပ်ငန်းများဖြင့် ဤဆရာလမ်းညွှန်ကို ပြုစုထားပါသည်။ တစ်ဖန် ကလေးများအား အနုပညာ(ဂီတ)ဘာသာရပ် သင်ကြားခြင်းသည် ကလေးတစ်ဦးချင်းစီ၏ နှလုံးရည်ပြည့်ဝမှုကို ပြုစုပျိုးထောင်ခြင်းဆိုသည့် အရေးကြီးသောအဓိပ္ပာယ်ရှိပါသည်။ အနုပညာ(ဂီတ) ဘာသာရပ်၏ နှလုံးရည်ပြည့်ဝမှုဆိုသည်မှာ အနုပညာဂီတလှုပ်ရှားမှုများမှတစ်ဆင့် လှပမှု၊ ပျော်ရွှင်ဖွယ်ကောင်းမှုကို ခံစားသိရှိပြီး ထိုထက်ပို၍ကောင်းမွန်အောင် ဖန်တီးလိုသည့် နူးညံ့သိမ်မွေ့သော စိတ်ဆန္ဒဖြင့် ပြုစုပျိုးထောင်သွားရမည့်အရာဖြစ်ပါသည်။ အများနှင့် ပူးပေါင်းကူညီ၍ လုပ်ဆောင်ခြင်း၊ နောက်လာမည့် သင်ခန်းစာအသစ်များအပေါ်တွင် စိတ်ဝင်စားမှုရှိပြီး စိတ်ရောကိုယ်ပါ အဓိကပါဝင်လုပ်ဆောင်လိုသည့် အပြုအမူကို ပျိုးထောင်ခြင်း၊ ကျောင်းနေပျော်၍ သင်ယူလိုစိတ်ထက်သန်လာခြင်းနှင့်အတူ ပိုမို၍ မှန်ကန်ကောင်းမွန်သော၊ မြင့်မြတ်သော စိတ်နှလုံးသားကို ပြုစုပျိုးထောင်ခြင်းလည်း ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဆရာများအနေဖြင့် သင်ခန်းစာမသင်ကြားမီ ဆရာလမ်းညွှန်စာအုပ်ပါ အကြောင်းအရာများကို ကြိုတင်ဂရုတစိုက် လေ့လာထားရန် တိုက်တွန်းအပ်ပါသည်။

### ၁.၂။ ဆရာလမ်းညွှန် ဖွဲ့စည်းတည်ဆောက်ပုံ

ဤဆရာလမ်းညွှန်စာအုပ်တွင် သင်ခန်းစာတစ်ခုချင်းစီကို အောက်ပါအပိုင်းကဏ္ဍ ၈ ခုဖြင့် ပြုစုထားပါသည်။

(၁) သင်ခန်းစာခေါင်းစဉ်

(၂) ရည်ရွယ်ချက်

(၃) သင်ယူမှု ဦးတည်ချက်

(၄) သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

(၅) သင်ကြားသင်ယူမှု လုပ်ငန်းစဉ်

(၆) သတိပြုရမည့်အချက်များ

(၇) ကျောင်းသုံးစာအုပ်ပါသင်ခန်းစာ

(၈) စစ်ဆေးအကဲဖြတ်ချက်

# ဆရာလမ်းညွှန် ဖွဲ့စည်းတည်ဆောက်ပုံ နမူနာ

**(၁)သင်ခန်းစာခေါင်းစဉ်**

**(၂)ရည်ရွယ်ချက်**

**(၃)သင်ယူမှုဦးတည်ချက်**

**(၄)သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ**
စာသင်ချိန်အတွင်း လိုအပ်သည့် သင်ထောက်ကူပစ္စည်းများစာရင်း ဖြစ်ပါသည်။

**(၅)သင်ကြားသင်ယူမှုလုပ်ငန်းစဉ်**
သင်ကြားမှု အကြောင်းအရာနှင့် သင်ကြားရမည့် နည်းလမ်းများကို ပေါင်း၍ရေးသားထားပါသည်။ စာသင်ချိန် တစ်ချိန်အား နိဒါန်း၊ လုပ်ငန်းစဉ်နှင့် နိဂုံးဟူ၍ အပိုင်း ၃ပိုင်းခွဲကာ ရေးထားပါသည်။

၁

**အခန်း(၁) ကျောင်းသွားကြမယ်**

**ရည်ရွယ်ချက်** – ကျောင်းသွားကြမယ် တေးသီချင်းကို အနှစ်သာရပြည့်ဝစွာ သီဆိုတတ်ရန် ဖြစ်သည်။ ၂

**စာသင်ချိန်** – ၁/၅

**သင်ယူမှုဦးတည်ချက်** ၃

တေးစာသား၏ အဓိပ္ပာယ်ကို သိရှိနားလည်ပြီး အသံနေအသံထား မှန်ကန်စွာဖြင့် ပျော်ရွှင်စွာ သီဆိုတတ်ရန်။

**သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ** ၄

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်၊ စည်း၊ ဝါး။

**သင်ကြားသင်ယူမှုလုပ်ငန်းစဉ်** ၅

**နိဒါန်း**

- ဆရာက ကလေးများအား အောက်ပါမေးခွန်းများဖြင့် သင်ခန်းစာကို နိဒါန်းပျိုးပါမည်။ သားတို့ သမီးတို့ ကျောင်းကို လာရတာ ပျော်ကြရဲ့လား၊ ဘယ်သူတွေနဲ့ လာသလဲ။(၅ မိနစ်)

**လုပ်ငန်းစဉ်**

- ဆရာက သင်ထောက်ကူကားချပ် သို့မဟုတ် ကျောင်းသုံးစာအုပ်ကို ပြ၍ ပုံပါအကြောင်းအရာများကို ကလေးများအားပြောပြစေပါမည်။ လိုအပ်ပါက ဆရာက ဖြည့်စွက်ရှင်းလင်းပေးရပါမည်။
- တေးသီချင်းအား သီဆိုပြ၍ အဓိပ္ပာယ်ကို ဆွေးနွေးမေးမြန်းပါမည်။
- ဆရာက အသံနေအသံထား မှန်ကန်စွာဖြင့် အမူအရာများပြုလုပ်၍ နှစ်ကြိမ်ခန့် တေးသီချင်းအား သီဆိုပြပါမည်။ သီဆိုနေစဉ် 4/4 Timing ရိုက်ချက်လိုက်ရင်း နားထောင်စေပါမည်။ ဆရာက တေးစာသားနှစ်ကြောင်းစီကို သီဆိုပြပြီး ကလေးများအား လိုက်ဆိုစေပါမည်။
- ပထမပိုဒ်သီဆိုသောအခါ Eighth Restကို သတိပြု၍ဆရာနှင့်အတူ သီဆိုစေပါမည်။ ကလေးများ ကိုယ်တိုင်သီဆိုစေပါမည်။
- အထက်ပါအတိုင်း ဒုတိယပိုဒ်နှင့် တတိယပိုဒ်ကို ဆက်လက်သင်ကြားပေးပြီး သီဆိုစေပါမည်။
- ဆရာက ထပ်ကျော့သင်္ကေတ(Repeat) အကြောင်းကို ကလေးများအား ပြန်လည်မေးမြန်းပြီး ဒုတိယပိုဒ်ကို နှစ်ကျော့သီဆိုရမည်ဖြစ်ကြောင်း ရှင်းပြရပါမည်။ ကလေးများကိုယ်တိုင် အစမှ အဆုံးထိ သီဆိုစေပါမည်။
- Grade 3 တွင် သီဆိုခဲ့ဖူးသော အသံတူထပ်ဆင့်သီဆိုခြင်း အကြောင်းကို မေးမြန်းပြီး ပြန်လည်သီဆိုပြစေပါမည်။
- တတိယပိုဒ်တွင်လည်း အသံတူထပ်ဆင့်သီဆိုသည့်နေရာ ပါဝင်ကြောင်း ပြောပြီး အုပ်စု ၂စုဖွဲ့၍ အသံတူထပ်ဆင့်ဆိုရသည့်နေရာတွင် ပထမအဖွဲ့အား တေးစာသားကို သီဆိုစေ၍ဒုတိယအဖွဲ့အား အသံတူထပ်ဆင့် သီဆိုစေပါမည်။
- ဆရာက ကလေးများအား တေးသီချင်း၏ အဓိပ္ပာယ်ကို စဉ်းစားပြီး မည်သို့ခံစားရသည်ကို အချင်းချင်း ဆွေးနွေးစေပါမည်။
- တေးသီချင်းရှိ Forte အမှတ်အသားသည် အသံပြင်းပြင်းကျယ်ကျယ်နှင့် Mezzoforte အမှတ်အသားသည် အသံအနည်းငယ်ပြင်းပြင်းကျယ်ကျယ် သီဆိုရသော သင်္ကေတအမှတ်အသားဖြစ်ကြောင်း ရှင်းပြပြီး ၎င်းတို့ကို သတိပြု၍ နောက်တစ်ကြိမ် ခံစားသီဆိုစေပါမည်။ (၂၅ မိနစ်)

**နိဂုံး**

- အတန်းရှိကျောင်းသားဦးရေအပေါ် မူတည်၍ သင့်လျော်သလို အဖွဲ့ဖွဲ့ပြီး တစ်ဖွဲ့ချင်းစီကို သီဆိုစေပါမည်။ တစ်ဖွဲ့က သီဆိုနေစဉ် ကျန်အဖွဲ့များက ဆရာနှင့်အတူ 4/4 Timing ရိုက်ချက်လိုက်ရင်း ကြည့်ရှုအားပေးပါမည်။(၁၀ မိနစ်)





**အခန်း(၁) ကျောင်းသွားကြမယ်** ၇

**ကျောင်းသွားကြမယ်**



တေးရေး - ဦးဗိုလ်မြင့် ကျောင်းအုပ်ကြီး(ငြိမ်း)

လာသူငယ်ချင်းများတို့
ကျောင်းသွားကြမယ်
သားသားတို့လဲ လိုက်မယ်
မီးမီးတို့လဲ လိုက်မယ်
ကျောင်းနေရွယ်သူငယ်ချင်းများ
ပျော်ပျော်ရွှင်ရွှင် ခင်ခင်မင်မင်
သွားကြမယ် ကျောင်းသို့ကွယ်
ညီညီညာညာ တို့တတွေ
ကျောင်းသွားကြမယ်။

(လူတော်လူကောင်းဖြစ်ဖို့ကွယ်
နိုင်ငံတော်အတွက်အားထားဖွယ်
အသိစိတ်ဓာတ်တာဝန်အပြည့်နဲ့
ကြိုးစားကြရမယ်)၂

လွယ်အိတ်လေးလဲလွယ်
ရောင်စုံပန်းများအလယ်
ပျော်ပျော်ရွှင်ရွှင် ခင်ခင်မင်မင်
သွားကြမယ် ကျောင်းသို့ကွယ်
ညီညီညာညာ တို့တတွေ
ကျောင်းသွားကြမယ်။

၁

**သတိပြုရမည့်အချက်များ** ၆

- ကျောင်းသွားသည့်အခါ ပျော်ရွှင်ဖွယ်ကောင်းပုံကို ပေါ်လွင်အောင် တက်ကြွပျော်ရွှင်စွာ သီဆိုစေပါမည်။
- သီချင်းစတင် သီဆိုသည့်အခါ အစပြုသည့်အသံ မီ ကို ပလွေဖြင့် အသံတည်ပေးရပါမည်။
- အသံတူထပ်ဆင့် သီဆိုသည့်အခါ ကျောင်းသုံးစာအုပ်တွင် နမူနာပြထားသည့်အတိုင်း ပထမသီဆိုသည့်အဖွဲ့၏ နောက်ဆုံးသံစဉ်နေရာတွင် ဒုတိယအဖွဲ့က အသံထပ်၍ စတင်သီဆိုရကြောင်း ရှင်းပြပေးရပါမည်။
- Forte ဆိုသည်မှာ ခပ်ကျယ်ကျယ် ခပ်ပြင်းပြင်း သီဆိုတီးမှုတ်ရန် ဖော်ပြသည့် သင်္ကေတဖြစ်သည်။
- Mezzoforte မှာ အနည်းငယ် အားပြင်းပြင်း သီဆိုတီးမှုတ်ရန် ဖော်ပြသည့် သင်္ကေတဖြစ်သည်။
- Eighth Rest, Forte, Mezzoforte စသည့် သင်္ကေတများကို နားလည်မှု ရှိ မရှိ ပြန်လည်မေးမြန်း၍ အနှစ်ချုပ်ပေးရပါမည်။

**စစ်ဆေးအကဲဖြတ်ချက်** ၈

- တေးစာသား၏ အဓိပ္ပာယ်ကို သိရှိနားလည်ပြီး အသံနေအသံထား မှန်ကန်စွာဖြင့် ပျော်ရွှင်စွာ ခံစား၍ သီဆိုနိုင်သည်။ (A)
- တေးစာသား၏ အဓိပ္ပာယ်ကို သိရှိနားလည်ပြီး အသံနေအသံထား မှန်ကန်စွာဖြင့် ပျော်ရွှင်စွာ သီဆိုနိုင်သည်။ (S)
- တေးစာသား၏ အဓိပ္ပာယ်ကို သိရှိနားလည်ပြီး အသံနေအသံထား မှန်ကန်စွာ မသီဆိုနိုင်ပါ။ (E)

**(၆)သတိပြုရမည့်အချက်များ**
သင်ကြားသည့်အခါ စိတ်ဝင်စားစွာဖြင့် လေ့လာသင်ယူနိုင်ရန်အတွက် အရေးကြီးသောသတိပြုရမည့်အချက်များနှင့် သင်ကြားမှုတွင် ပိုမိုထိရောက်စေနိုင်သော အကြံပေးချက်များကို ထည့်သွင်းရေးသားထားပါသည်။

**(၇)ကျောင်းသုံးစာအုပ်ပါသင်ခန်းစာ**
ကျောင်းသားကိုင်စာအုပ်ပါသင်ခန်းစာသည် ဆရာများအနေဖြင့် သင်ခန်းစာသင်ကြားရာတွင် ကိုးကားနိုင်ရန် ဖြစ်ပါသည်။

**(၈)စစ်ဆေးအကဲဖြတ်ချက်**
သင်ယူမှုဦးတည်ချက်ကို အခြေခံ၍ စစ်ဆေးအကဲဖြတ်ချက် အခြေခံစံနှုန်းကို သတ်မှတ်ကာ (A. အလွန်ကောင်း)၊ (S. ကောင်း)၊ (E. ထပ်မံကြိုးစားရန်လို)ဟူ၍ စစ်ဆေးအကဲဖြတ်ရမည့် အချက်များကို ဖော်ပြထားပါသည်။

DRAFT

## ၂။ အနုပညာ(ဂီတ)ဘာသာ၏ အထွေထွေဖွဲ့စည်းပုံ

ပထမတန်းမှ ပဥ္စမတန်းအထိ သင်ကြားမည့် အကြောင်းအရာနှင့် စာသင်နှစ်အလိုက် သင်ယူတတ်မြောက်မည့် အသိပညာ (ကျွမ်းကျင်မှု)မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**အတန်းလိုက် နယ်ပယ်နှင့် ရည်ရွယ်ချက်**

| နယ်ပယ် | ပထမတန်း | ဒုတိယတန်း | တတိယတန်း | စတုတ္ထတန်း | ပဥ္စမတန်း |
|---|---|---|---|---|---|
| အဆိုပညာ | တေးကဗျာ၏ အဓိပ္ပာယ်ကို သိရှိပြီး အသံနေအသံထား မှန်ကန်စွာ စည်းချက် ညီညီဖြင့် ပျော်ရွှင်စွာ သီဆိုတတ်ရန်။ | တေးကဗျာ၏ အဓိပ္ပာယ်ကို သိရှိပြီး ဟန်အမူအရာများ ပြုလုပ်ကာ Rhythm၊ အသံအနိမ့်အမြင့်တို့ကို သတိထား၍ သီဆိုတတ်ရန်။ | တေးကဗျာ၏ အဓိပ္ပာယ်ကို သိရှိပြီး ဟန်အမူအရာများ ပြုလုပ်ကာ Rhythm၊ အသံအနိမ့်အမြင့်၊ အသံအပြင်းအပျော့၊ အသံထပ်တူ သီဆိုခြင်းတို့ကို သတိထား၍ သီဆိုတတ်ရန်။ | မြန်မာရိုးရာတေးသီချင်းများနှင့် နိုင်ငံတကာ သံစဉ်သီချင်းများကို သီဆိုတတ်ရန်။<br><br>တေးသီချင်း၏ အဓိပ္ပာယ်ကို သိရှိပြီး ဟန်အမူအရာများ ပြုလုပ်ကာ Rhythm၊ အသံအနိမ့်အမြင့်၊ အသံအပြင်းအပျော့၊ အနှေးအမြန်၊ သာယာသော အသံထွက်တို့ကို သတိထား၍ ခံစားချက်ကို ထည့်သွင်းကာ သီဆိုတတ်ရန်။ | မြန်မာရိုးရာတေးသီချင်းများနှင့် နိုင်ငံတကာ သံစဉ်သီချင်းများကို သီဆိုတတ်ရန်။<br><br>တေးသီချင်း၏ အဓိပ္ပာယ်ကို သိရှိပြီး ဟန်အမူအရာများ ပြုလုပ်ကာ Rhythm၊ အသံအနိမ့်အမြင့်၊ အသံအပြင်းအပျော့၊ အနှေးအမြန်၊ သာယာသော အသံထွက်တို့ကို သတိထား၍ သီဆိုတတ်ရန်။ |
| အကပညာ | မြန်မာ့အခြေခံ အကတွင် ကိုယ်ခန္ဓာအစိတ်အပိုင်းများလှုပ်ရှားမှုကို စနစ်တကျ သိရှိပြီး အခြေခံ ခေါင်းအကကို က တတ်ရန်။ | မြန်မာ့အခြေခံ လက်အကကို စည်းဝါးကျနစွာ က ပြတတ်ရန်။ | မြန်မာ့အခြေခံအကကို စနစ်တကျနှင့် စည်းဝါးကျကျ ပျော်ရွှင်စွာ က ပြတတ်ရန်။ | မြန်မာ့အခြေခံအကကို စနစ်တကျနှင့် စည်းဝါးကျကျ ပျော်ရွှင်စွာ က ပြတတ်ရန်။ | မြန်မာ့အခြေခံ အကကို နားလည်ခံစားပြီး ပျော်ရွှင်စွာ က ပြတတ်ရန်။ |
| အတီးပညာ | ပလွေတူရိယာ ကို သိရှိစေရန်။<br><br>ဂီတသင်္ကေတ အသံထွက် (၇) မျိုးကို ရွတ်ဆိုပြီး ပလွေလက်ပေါက်၊ အသံအပြင်းအပျော့နှင့် အသံထွက်မှန်ကန်စွာ ပလွေဖြင့် မှုတ်တတ်ရန်။ | ဂီတသင်္ကေတများ၏ အသံ အနိမ့်အမြင့်၊ အတို အရှည်ကို နားလည်သိရှိရန်။<br><br>ဒို ရေ မီ အသံ(၃) သံပါသော တေးကဗျာကို ပလွေဖြင့် မှုတ်တတ်ရန်။ | လွယ်ကူသော ဂီတသင်္ကေတများကို သိရှိပြီး တီးမှုတ်တတ်ရန်။<br><br>ဒို ရေ မီ ဖာ ဆို အသံ(၅)သံ ပါသော တေးကဗျာကို ပလွေဖြင့် မှုတ်တတ်ရန်။ | တေးသီချင်းနှင့် ဗုံတီးခတ်သံကို နှုတ်ဖြင့် ရွတ်ဆိုပြီး ပလွေဖြင့် တွဲဖက်သီဆိုတီးမှုတ်တတ်ရန်။<br><br>ဒို ရေ မီ ဖာ ဆို လာ တီ အသံ (၇) သံပါသော တေးသီချင်းများကို ပလွေဖြင့်မှုတ်တတ်ပြီး မိတ်ဖက်သံစဉ်နှစ်ခုကို ထပ်၍ တီးမှုတ်တတ်ရန်။ | ရှေးတူရိယာ (၅)မျိုး၏ အမည်နှင့် ထူးခြားချက်များကို သိရှိရန် သီဆိုတီးမှုတ်၊ ကခုန်ခြင်းကို စုပေါင်း၍ တင်ဆက်တတ်ရန်။<br><br>C Major၊ ဂီတသင်္ကေတ Note၊ ရပ်နားသင်္ကေတ စသည်တို့ကို ရေးတတ်ရန်။ |

DBE BOX

**အတန်းလိုက် နယ်ပယ်နှင့် အကြောင်းအရာ**

| နယ်ပယ် | ပထမတန်း | ဒုတိယတန်း | တတိယတန်း | စတုတ္ထတန်း | ပဉ္စမတန်း |
|---|---|---|---|---|---|
| အဆိုပညာ | တေးဆိုငှက်တေးကဗျာ ၏ အဓိပ္ပာယ်ကို သိရှိပြီး ဒို ရေ မီ သင်္ကေတ အသံအနိမ့်အမြင့်ကို လက်ဟန်ဖြင့်ဖော်ပြ၍ သီဆိုခြင်း၊ဟန်အမူအရာ ပြုလုပ်၍ သီဆိုခြင်း။<br><br>ပေါင်းစုညီညာ ဆိုကမယ် တေးသီချင်းကို ဟန်အမူအရာပြုလုပ်ပြီး အသံနေအသံထား မှန်ကန်စွာ သီဆိုခြင်း။ | ပန်းသည်တေးကဗျာ ၏ အဓိပ္ပာယ်ကို သိရှိပြီး ဒို ရေ မီ သင်္ကေတ အသံအနိမ့်အမြင့်ကို လက်ဟန်ဖြင့်ဖော်ပြ၍ သီဆိုခြင်း၊ ဟန်အမူ အရာ ပြုလုပ်၍ သီဆိုခြင်း။<br><br>မင်္ဂလာပါ တေးကဗျာကို Rhythmစည်းချက် မှန်ကန်စွာ သီဆိုခြင်း။ | တစ်ကိုယ်ရေ သန့်ရှင်း ကျန်းမာခြင်းတေးကဗျာ ၏ အဓိပ္ပာယ်ကို သိရှိ နားလည်ကာ ဟန်အမူ အရာ ပြုလုပ်ပြီး အသံ နေ အသံထားမှန်ကန် စွာ ဖြင့် ခံစားသီဆို ခြင်း။<br><br>ချစ်စရာတောသူလေးနဲ့ ဝက်ဝံလေး တေးကဗျာ ကို အသံထပ်ဆင့်သီဆို ဟန်ဖြင့် သီဆိုခြင်း။ | ကျောင်းသွားကြမယ် တေးသီချင်း၏ အဓိပ္ပာယ်ကို သိရှိ နားလည်ပြီး တေးသီချင်းနှင့် လိုက်ဖက်သော မှန်ကန်သာယာသည့် အသံဖြင့် သံစဉ်အမြန် နှုန်းကို သတိပြုကာ တေးကဗျာ၏ အနှစ်သာရကို ပေါ်လွင်အောင် ခံစားသီဆိုခြင်း။<br><br>တူးပို့ တူးပို့ တေးသီချင်းကို အနှစ်သာရ ပေါ်လွင်အောင် ခံစားသီဆိုခြင်း။ | လက်ပံပွင့်ကောက် တေးသီချင်း၏ အဓိပ္ပာယ်ကို သိရှိနားလည်ကာ အသံအပြင်းအပျော့၊ အနှေးအမြန်တို့ကို သတိပြု၍ မှန်ကန် သာယာသောအသံဖြင့် တေးသီချင်း၏ အနှစ်သာရကို ပေါ်လွင်အောင် ခံစား သီဆိုခြင်း။<br><br>တေးသီချင်းကို အနှစ်သာရ ပေါ်လွင် အောင်ခံစားသီဆိုခြင်း။ |
| အကပညာ | မြန်မာ့အခြေခံ အက ၏ အဓိက ကျသော အချက်(၅)ချက် ဖြစ် သည့် ခေါင်း၊ ခါး၊ ခြေ၊ လက် နှင့် မျက်နှာဟန် တို့ကို လှုပ်ရှားပြီး က ခြင်း။<br><br>တေးကဗျာနှင့်အတူ အခြေခံ ခေါင်းအက ကို ကခြင်း။ | အခြေခံ ကဗျာလွတ် မိတ်ဆက် လက် သင်တန်း (၅) ကွက် အပိုင်း(၁) ကို စည်းဝါး တကျ လက်လှုပ်ရှားပြီး ကခြင်း။<br><br>အခြေခံ ကဗျာလွတ် မိတ်ဆက် လက် သင်တန်း (၅) ကွက် အပိုင်း(၂) ကို စည်းဝါး တကျ လက်လှုပ်ရှားပြီး ကခြင်း။ | အခြေခံ ခွင်ပုံစံ ကို သိရှိပြီး စည်းဝါး (ခြေရှေ့ထိုး) အကကို စည်းဝါးတကျ ကခြင်း။<br><br>စည်းဝါး(ခြေနောက်ထိုး) အကကို စည်းဝါးတကျ ကခြင်း။ | ခြေရှေ့ထိုး အက ကို စည်းဝါးတကျ ညင်သာ စွာ ခြေထောက်ကို ရွှေ့လျားပြီး ကခြင်း။<br><br>အရုပ်အတက်အဆင်း အကကို စည်းဝါးတကျ ညင်သာစွာ ခြေထောက်ကို ရွှေ့လျားပြီး ကခြင်း။ | အငြိမ့်ပြေး(နှစ်ဆင့်သွား အထ) အကကိုစည်းဝါး တကျ ခြေနှစ်ဆင့် ရွှေ့လျားပြီး က ခြင်း။<br><br>ထဘီနားဆွဲ အကကို ခြေထောက်၊ ပခုံး၊ ခါး နှင့် ခေါင်းတို့အား ပေါင်းစပ်၍ ကခြင်း။ |

DBE BOX

| | | | | | |
|---|---|---|---|---|---|
| အတီးပညာ | ၆ပေါက် ပလွေအသုံးပြု ပုံ၊ အသံအတိုအရှည်၊ အနိမ့်အမြင့်၊ သံစဉ် လှေကား(စကေး)ကို သိရှိပြီး ပလွေဖြင့် ပျော်ရွှင်စွာ တီးမှုတ်ခြင်း။<br><br>အသံ ၇ သံ ၏ လက်ပေါက် အဖွင့် အပိတ်ကို သိရှိပြီး ပလွေဖြင့် မှုတ်ခြင်း။ | သံစဉ် လှေကားကို သိရှိပြီး အသံအနိမ့်အမြင့် ခွဲခြားခြင်းကို မှုတ်ခြင်း။<br><br>ညီညီလေးရဲ့ လ တေးကဗျာကို လက်ပေါက်မှန်မှန်ဖြင့် မှုတ်ခြင်း။ | အားလုံးလှ တေးသီချင်းကို Staccato သင်္ကေတ အား အသုံးပြု၍ လက်ပေါက်မှန်ကန်စွာ ဖြင့် တီးမှုတ်ခြင်း။<br><br>ငြိမ်းချမ်းတဲ့ မြန်မာပြည် တေးသီချင်းကို Slur သင်္ကေတ အသုံးပြု၍ လက်ပေါက်မှန်ကန် စွာဖြင့် တီးမှုတ်ခြင်း။ | ဗုံကြီးသံ တေးသီချင်း ကို မြန်မာ့ရိုးရာ ဗုံ အသံထွက်ဖြင့် ရွတ်ဆို ကာ ပလွေဖြင့် တွဲဖက်၍ သီဆိုတီးမှုတ်ခြင်း။<br><br>မိဘမေတ္တာတေးသီချင်း ကို လက်ပေါက်မှန်မှန် ဖြင့်အသံအပြင်းအပျော့ များထည့်သွင်းကာသံစဉ် (၂)ခုကို တစ်ထပ်တည်း ကျအောင်တီးမှုတ်ခြင်း။ | ဗျောသံ တေးသီချင်း အား မြန်မာ့ရိုးရာ တူရိယာကို အသုံးပြု၍ ဗုံ၊ ပလွေ တို့ဖြင့် တွဲစပ် ကာ သီဆိုတီးမှုတ်ခြင်း။<br><br>မြန်မာ့ကျောင်း တေးသီချင်း ၏ အနှစ်သာရကို ပေါ်လွင်စေရန် သီဆို တီးမှုတ်ခြင်း။<br><br>C Major၊ ဂီတသင်္ကေတ Note၊ ရပ်နားသင်္ကေတ စသည်တို့ကို ရေးခြင်း။ |

**၃။ စတုတ္ထတန်းတွင် အထူးသင်ယူတတ်မြောက်စေလိုသော စွမ်းရည်၊ ကျွမ်းကျင်မှု**

စတုတ္ထတန်းတွင် အထူးသင်ယူတတ်မြောက်စေလိုသော စွမ်းရည်၊ ကျွမ်းကျင်မှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**အဆိုပိုင်းဆိုင်ရာ စွမ်းရည်၊ ကျွမ်းကျင်မှု**

အခန်း ၁ ကျောင်းသွားကြမယ်

(၁) တေးစာသား၏ အဓိပ္ပာယ်ကို သိရှိနားလည်ပြီး၊ တေးသီချင်း၏ အနှစ်သာရ ပေါ်လွင်စေရန် ခံစားသီဆိုမည်။ (သီဆိုမှု အပိုင်း၏ တီထွင်ဖန်တီးမှု)

(၂) တေးသီချင်းအနှစ်သာရမှာ တေးစာသားအပြင် Phrase အစုအဖွဲ့၊ သံစဉ်တက်သွားခြင်း၊ ကျသွားခြင်းဖြင့် သီဆိုပုံပြောင်းလဲသွားခြင်းကို နားလည် သိရှိစေမည်။ (အသိပညာ)

(၃) တေးသီချင်းအနှစ်သာရကို သီဆိုဖော်ကျူးရာတွင် အသံအပြင်းအပျော့ သင်္ကေတများ၊ ဂီတသင်္ကေတများကို အသုံးပြု၍ ဖော်ပြပါသည်။ (ကျွမ်းကျင်မှု) (Mezzoforte, Forte, Tie, Slur)

အခန်း ၂ တူးပို့ တူးပို့

(၁) မြန်မာရိုးရာ တေးသီချင်းသံစဉ်ကို သီဆိုမည်။ (သီဆိုမှုအပိုင်း၏ တီထွင်ဖန်တီးမှု)

(၂) Ostinart ပုံစံအသံထွက်ရွတ်ဆိုပြီး တေးသီချင်းနှင့် ပေါင်းစပ်သီဆိုမှုကို နားလည်ခံစားမည်။ (ကျွမ်းကျင်မှု)

(၃) မြန်မာရိုးရာသံစဉ်ကို သီဆိုတီးမှုတ်ရန်အတွက် လိုအပ်သောဂီတသင်္ကေတကို အသုံးပြုပြီး သီဆိုမည်။ (အသိပညာ)
(Ritardando, Fermata)

**အကပိုင်းဆိုင်ရာ စွမ်းရည်၊ ကျွမ်းကျင်မှု**

အခန်း ၃ ခြေရှေ့ထိုးအက

(၁) ကကွက်လှုပ်ရှားမှုကို သေချာစွာ မှတ်သားမည်။ မှတ်သားထားသော အကများကို စည်းဝါးတကျ ကမည်။ (အသိပညာ၊ ကျွမ်းကျင်မှု)

(၂) သင်ယူပြီးသော အကများကို ပေါင်းစပ်ကာ အဖွဲ့လိုက်ဖန်တီး ကမည်။ (တေးသီချင်းနှင့် အကများတီထွင်ဖန်တီးမှု၊ ပူးပေါင်းကူညီမှု၊ လုပ်ဆောင်မှု)

အခန်း ၄ အရုပ်အတက်အဆင်းအက

(၁) ကကွက် လှုပ်ရှားမှု ကို သေချာစွာ မှတ်သားမည်။ မှတ်သားထားသော အကများကို စည်းဝါးတကျ ကမည်။ (အသိပညာ၊ ကျွမ်းကျင်မှု)

(၂) သင်ယူပြီးသော အကများကို ပေါင်းစပ်ကာ အဖွဲ့လိုက်ဖန်တီး ကမည်။ (တေးသီချင်းနှင့် အကများတီထွင်ဖန်တီးမှု၊ ပူးပေါင်းကူညီမှု၊ လုပ်ဆောင်မှု)

**အတီးပိုင်းဆိုင်ရာ စွမ်းရည်၊ ကျွမ်းကျင်မှု**

အခန်း ၅ ဗုံကြီးသံ

(၁) ဗုံကြီးတီးဝိုင်း၏ ဖွဲ့စည်းပုံနှင့် နောက်ခံခေတ်၊ သမိုင်းကို သိရှိနားလည်ပြီး မြန်မာ့ရိုးရာတေးသီချင်းကို သီဆိုမည်။ (အသိပညာ)

(၂) ဗုံအသံထွက် (Rhythm Pattern)ကို ရွတ်ဆိုနိုင်မည်။ (ကျွမ်းကျင်မှု)

(၃) ဗုံအသံထွက် (Rhythm Pattern)ကို မိမိတို့ပတ်ဝန်းကျင်ရှိ တီးခတ်နိုင်သောပစ္စည်းများဖြင့် ခံစားတီးခတ်မည်။ (ရေသန့်ဘူး၊ ကွန်ပါဘူး၊ တစ်ရှူးဘူး ဖြင့် ဗုံအသံများဖန်တီးမည်။) (တီထွင်ဖန်တီးမှု)

(၄) သီချင်း၊ ပလွေ၊ ဗုံအသံထွက်တို့ ပေါင်းစပ်တွဲဖက်ပြီး သီဆိုတီးမှုတ်မှုကို ခံစားဖန်တီးမည်။ (တီထွင်ဖန်တီးမှု)

အခန်း ၆ မိဘမေတ္တာ

(၁) တေးစာသား၊ Rhythm ရိုက်ချက်၊ သံစဉ်တို့မှ တေးသီချင်းအနှစ်သာရကို သိရှိနားလည်ပြီး သီဆိုမည်။ (အသိပညာ)

(၂) တေးသီချင်း အနှစ်သာရကို ဖော်ပြရန်အတွက် အသံအပြင်းအပျော့သင်္ကေတ၊ ဂီတသင်္ကေတတို့ကို အသုံးပြုပြီး သီဆိုဖော်ပြမည်။ (ကျွမ်းကျင်မှု) (Mezzopiano, Crescendo, Decrescendo)

(၃) Rhtyhm ရိုက်ချက်လိုင်း ၄ခုကိုကြည့်၍ တူညီသောအပိုင်းကို ရှာမည်။ (အသိပညာ၊ ကျွမ်းကျင်မှု)

(၄) တေးသံစဉ်မှာ တူညီသောသံစဉ်များ ထပ်ကျော့ခြင်း၊ ပြောင်းလဲခြင်းတို့ဖြင့် ရေးစပ်ထားကြောင်း နားလည်သိရှိမည်။ (အသိပညာ)

(၅) မိတ်ဖက်သံစဉ် ၂ခုကို တီးမှုတ်သီဆိုခြင်းဖြင့် မိတ်ဖက်အသံ ၂ခု၏ လိုက်ဖက်ညီပုံကို ခံစား၍ သီဆိုတီးမှုတ်မည်။ (တီထွင်ဖန်တီးမှု)

## ၄။ စတုတ္ထတန်းတွင် အသစ်ထပ်ပေါင်းပါဝင်သောကဏ္ဍ

စတုတ္ထတန်းတွင် အသစ်ထပ်ပေါင်းပါဝင်သောကဏ္ဍ မရှိပါ။

## ၅။ စတုတ္ထတန်းတွင် သင်ယူတတ်မြောက်စေလိုသော စွမ်းရည်၊ ကျွမ်းကျင်မှု ပျိုးထောင်ရန်အတွက် ထိရောက်သောသင်ကြားမှု

စတုတ္ထတန်း အနုပညာ(ဂီတ)ဘာသာရပ်တွင် နယ်ပယ် (၃)ခုပါဝင်ပါသည်။ ဆရာကနယ်ပယ်အလိုက် သင်ခန်းစာတစ်ခုချင်းစီကို ထိရောက်အောင်မြင်စွာ သင်ကြားပြသနိုင်ရန် အရေးကြီးသောအချက်အလက်များနှင့် သတိပြုရမည့်အချက်များကို ဤဆရာလမ်းညွှန်စာအုပ်တွင် စုစည်းတင်ပြထားပါသည်။ ဥပမာ- အောက်တွင် ရေးသားထားသကဲ့သို့ နမူနာသင်ကြားသင်ယူမှု ပုံစံပါရှိပါသည်။

DBE Box

**နမူနာ ၁ အတီးပညာရပ် သင်ကြားသင်ယူမှုပုံစံ**

ပလွေကို နှစ်ယောက်တစ်တွဲ အပြန်အလှန် မှုတ်စေပါမည် ➔ Phrase အလိုက် တစ်လှည့်စီ မှုတ်စေပါမည် ➔ အဖွဲ့လိုက် စုပေါင်းသီဆိုတီးမှုတ်စေပါမည် ➔ အတန်းရှိကလေးများကို ၂ဖွဲ့မှ ၄ဖွဲ့အထိခွဲပြီး အဖွဲ့အလိုက် သီဆိုတီးမှုတ်စေပါမည် ➔ Phrase တစ်ခုစီ အစဉ်လိုက်မှုတ်ပြီး လက်ဆင့်ကမ်း သီဆိုတီးမှုတ်စေပါမည် ➔ အဆို၊ စည်းဝါး ၊ ဗုံ၊ Rhythm ရိုက်ချက်စသည်တို့ကို အတူတကွ စုပေါင်းသီဆိုတီးမှုတ်စေပါမည်။

**နမူနာ ၂ မြန်မာရိုးရာတေးဂီတကို သင်ကြားသင်ယူမှုအဆင့်**

ဗုံတီးခတ်သံ နားထောင်စေပါမည် ➔ ဗုံအသံထွက် Rhythm ကို ပါးစပ်ဖြင့် ရွတ်ဆိုစေပါမည် ➔ ဗုံအသံထွက်ကို ပါးစပ်ဖြင့် ရွတ်ဆိုခြင်း၊ အရာဝတ္ထုများကို တီးခတ်ခြင်းတို့ကို ပေါင်းစပ်ပြုလုပ်စေပါမည် ➔ သီချင်းစာသားဆိုခြင်း၊ ဗုံအသံထွက်ကို ရွတ်ဆို၍ တီးခြင်းတို့ကို ပေါင်းစပ်ပြုလုပ်ကာ သီဆိုတီးခတ်စေပါမည်။

ဆရာများအနေဖြင့် အနုပညာ(ဂီတ)ဘာသာရပ်ကို သင်ကြားရာတွင် ထိရောက်မှုရှိစေရန်အတွက် သင်ခန်းစာမသင်မီ သင်ခန်းစာအလိုက် ပြုစုထားသည့် ဆရာလမ်းညွှန်စာအုပ်ပါ အကြောင်းအရာများကို အသေးစိတ်ဖတ်ရှု၍ ကြိုတင်ပြင်ဆင်ထားရန် လိုအပ်ပါသည်။

နိဒါန်းပိုင်းကို ကလေးများ၏ လေ့လာသင်ယူလိုစိတ် ပိုမိုဖြစ်ထွန်းလာစေရန် ကောင်းမွန်စွာ ပြင်ဆင်ထားရပါမည်။ သို့မှသာ သင်ကြားပြသရာတွင် ကလေးများ၏စိတ်ဝင်စားမှုကို ကောင်းစွာရရှိနိုင်ပြီး သင်ခန်းစာကိုလည်း ထိရောက်အောင်မြင်စွာ သင်ကြားနိုင်ရန် အစပျိုးနိုင်မည်ဖြစ်ပါသည်။ နိဒါန်းပိုင်းမှာ အချိန် (၅)မိနစ်မှ (၇)မိနစ်ခန့်သုံးသင့်ပါသည်။

သင်ကြားမှုသင်ယူမှုလုပ်ငန်းစဉ်သည် သင်ခန်းစာတစ်ခုလုံး၏အရေးကြီးသော အစိတ်အပိုင်းဖြစ်ပါသည်။ ဆရာသည် သင်ကြားမည့် အကြောင်းအရာများကို ပိုမိုကောင်းမွန်စွာ သင်ယူတတ်မြောက်စေရန်အတွက် ကလေးများအား မည်ကဲ့သို့သရုပ်ဖော် သီဆိုကပြမည်ကို စဉ်းစားစေခြင်း၊ ကလေးအချင်းချင်း အပြန်အလှန်ဆွေးနွေးစေခြင်းတို့ ပြုလုပ်စေခြင်းမှာ အရေးကြီးပါသည်။ အကယ်၍ စာသင်ခန်းအတွင်း အများနှင့်မတူ စဉ်းစားတွေးခေါ်တတ်သော၊ တင်ဆက်ပြသတတ်သော ကလေးများရှိခဲ့ပါက ထိုကလေးများ၏ တွေးခေါ်မှုနှင့် တင်ဆက်ပြသမှုများကို အခြားကလေးများအား လေ့လာစေပါမည်။ ဆရာများအနေဖြင့် ကလေးအချင်းချင်း ပူးပေါင်းဆောင်ရွက်ကာ လေ့လာသင်ယူခြင်းကို အားပေးသင်ကြားခြင်းမှာလည်း အရေးကြီးပါသည်။ တစ်ဖန် စတုတ္ထတန်းမှစ၍ အသစ်ပါဝင်လာသော အဆိုနှင့် ပလွေသီဆိုတီးမှုတ်ခြင်း စွမ်းရည်များလိုအပ်ပါသည်။ ထို့အတွက် သီဆိုတီးမှုတ်ပုံကို သင်ယူတတ်မြောက်နိုင်ရန်အတွက် လေ့ကျင့်ချိန်များ သတ်မှတ်ထားရန်မှာ ပို၍ အရေးကြီးလာပါသည်။

စာသင်ချိန်တစ်ချိန် ပြီးဆုံးသွားသည့်အချိန်တိုင်း ကလေးများသည် ပြန်လည်သုံးသပ်သည့်အနေဖြင့် လေ့လာသင်ယူခဲ့သော အကြောင်းအရာများကို အဖွဲ့လိုက်သော်လည်းကောင်း စုပေါင်း၍သော်လည်းကောင်း၊ ဆောင်ရွက်ရသည့်လုပ်ငန်းများဖြင့် သင်ခန်းစာကို နိဂုံးချုပ်ထားပါသည်။ သင်ခန်းစာတစ်ခန်းချင်းစီကို ထိရောက်စွာ သင်ကြားနိုင်ရန်အတွက် အသေးစိတ်အချက်များမှာ သင်ကြားသင်ယူမှု အစီအစဉ်နှင့် ဆရာလမ်းညွှန်စာအုပ်တွင် ရေးသားဖော်ပြထားပါသည်။ ဆရာများအနေဖြင့် သင်ခန်းစာ လေ့ကျင့်သင်ကြားရာတွင် ဆရာလမ်းညွှန်စာအုပ်၌ ထည့်သွင်းရေးသားထားသော လုပ်ငန်းများအပြင် ပိုမိုကောင်းမွန်သည့် အကြံဉာဏ်များရှိပါက ယင်းအကြံဉာဏ်များကိုပါ ထည့်သွင်း၍ လေ့ကျင့်သင်ကြားပေးနိုင်ပါသည်။

ကျောင်းသားကိုင်စာအုပ်၏ ဆက်လက်လေ့ကျင့်ရန် သီချင်းများကို အောက်ပါရည်ရွယ်ချက် (၃)ခုဖြင့် ထည့်သွင်းဖော်ပြထားပါသည်။

- အသစ်ပါသော ဂီတသင်္ကေတအသုံးအနှုန်းများကို ဆက်လက်လေ့ကျင့်ပြီး ပိုမိုကျွမ်းကျင်စေရန်အတွက် ကိုးကားလေ့ကျင့်ရန်သီချင်း။
- သင်ခန်းစာများသင်ယူရာတွင် သတ်မှတ်အချိန်ထက် ပိုမိုစောလျင်စွာ ကလေးများတတ်မြောက်ခဲ့ပါက အဆင့်တိုးမြှင့် လေ့ကျင့်နိုင်ရန်အတွက် ဆက်လက်လေ့ကျင့်ရန်သီချင်း။
- ကျောင်းသားကိုင်စာအုပ်ပါ သင်ခန်းစာများဖြင့် သင်ယူရာတွင် အခက်အခဲရှိသော ကလေးများအတွက် လွယ်ကူသော သီချင်းများဖြင့် အခြေခံကို လေ့လာသင်ယူနိုင်ရန်အတွက် ဖြည့်စွက်လေ့ကျင့်ရန်သီချင်း။

စတုတ္ထတန်းကျောင်းသားကိုင်စာအုပ်တွင် ဆက်လက်လေ့ကျင့်ရန်အတွက် အောက်ပါသီချင်းများကို ထည့်သွင်းဖော်ပြထားပါသည်။ ဆရာသည် ကျောင်းသားများ၏ အခြေအနေပေါ်မူတည်၍ အောက်ပါသီချင်းများကို အသုံးပြုသင်ကြားနိုင်ပါသည်။

(၁) ပုပ္ပါးတောင် - Forte ၊ Mezzoforte တို့ကို ပလွေဖြင့် ပိုမိုကျွမ်းကျင်စွာ မှုတ်တတ်ရန်။ (ဆက်လက်လေ့ကျင့်ရန်သီချင်း)

(၂) ဖိတ်ခေါ်တယ် - မိတ်ဖက်သံစဉ် နှစ်ခုကို ပလွေဖြင့် တီးမှုတ်ခြင်းကို ပိုမိုကျွမ်းကျင်စေရန်။ (ဆက်လက်လေ့ကျင့်ရန်သီချင်း)

DBE BOX

(၃) တို့တာဝန် - ပလွေတီးမှုတ်ခြင်းကို ပိုမိုကျွမ်းကျင်စေရန်။ (အဆင့်တိုးမြှင့်လေ့ကျင့်ပေးရန်)

(၄) စောစောအိပ်မယ် - တေးသီချင်းသီဆိုခြင်းနှင့် ပလွေမှုတ်ခြင်းကို ပိုမိုကျွမ်းကျင်စေရန်။ (ဖြည့်စွက်လေ့ကျင့်ပေးရန်)

## ၆။ သင်ကြားရာတွင် သတိပြုရမည့်အချက်များ

**အဆိုပညာ**

- တေးစာသား၊ Rhythm ရိုက်ချက်၊ Phrase အစုအဖွဲ့မှ တေးသီချင်းအနှစ်သာရကို နားလည်သိရှိစေပါမည်။
- မြန်မာ့ရိုးရာကျေးလက် တေးသီချင်းများကို မြန်မာ့ရိုးရာသီချင်းနှင့် လိုက်ဖက်မည့်သီဆိုဟန်ဖြင့် သီဆိုစေပါမည်။
- စတင်သီဆိုသည့် အသံကိုပလွေဖြင့် မှုတ်ပြီး အသံတည်စေပါမည်။
- ကျောင်းသုံးစာအုပ်တွင် Tempo (သံစဉ်အနှေးအမြန်သင်္ကေတ) သတ်မှတ်ချက်ပါရှိသော်လည်း အခြေခံကိုးကားရန်အတွက်သာဖြစ်ပြီး ကလေးများ တီထွင်ဖန်တီးသီဆိုရာတွင် ပြောင်းလဲသီဆိုနိုင်ပါသည်။
- ကလေးများသီဆိုသည့် အသံနေအသံထား လွဲနေလျှင် ဆရာက ကလေးများနှင့်အတူ သီဆိုပြီး အသံနေအသံထားမှန်စေရန် ပံ့ပိုးကူညီပေးရပါမည်။

**အကပညာ**

- ကလေးများ စိတ်ပါဝင်စားမှု ရှိစေရန် သတိပြု၍ စည်းဝါးတကျ က စေပါမည်။
- အကများ ပေါင်းစပ်ကချိန်တွင် ကျား၊ မ မခွဲခြားပဲ အဖွဲ့လိုက်ညီညွတ်စွာ တိုင်ပင်ဆွေးနွေးစေပါမည်။

**အတီးပညာ(ပလွေ)**

- ပလွေမှုတ်သည့် လေအားအရှိန်ကို ထိန်းချုပ်ပြီး အသံကျယ်လောင်စူးရှစွာ အားပြင်းပြင်း မမှုတ်စေရပါ။
- လျှာကို အသုံးပြု၍ မှုတ်ခြင်း၊ Slur ၊ Tie တို့ တီးမှုတ်ပုံကို ဆရာက နမူနာမှုတ်ပြပြီး နားလည်သိရှိစေပါမည်။
- ပလွေအသုံးပြုပြီးလျှင် သန့်ရှင်းမှုရှိစေရန် အဝတ်စဖြင့် မပျက်မကွက် သုတ်စေပါမည်။
- ပလွေမရှိသော ကျောင်းများတွင် ဆရာက ပလွေဖြင့် မှုတ်ပြ၍ သင်္ကေတကို စည်းချက်ညီအောင် သီဆိုစေပါမည်။
- လက်ပေါက်အဖွင့်အပိတ် လေ့ကျင့်ရန်အတွက်မှာ ကတ်ထူစက္ကူ စသည်တို့ကို လိပ်၍ အပေါက်နေရာများတွင် ဆေးရေးခြယ်ကာ ဆရာမှုတ်ပြသော လက်ပေါက်အဖွင့်အပိတ်အတိုင်း ဒို ရေ မီ အသံထွက်ကို ပါးစပ်မှ ရွတ်ဆိုကာ လေ့ကျင့်စေပါမည်။
- မိမိပတ်ဝန်းကျင်ရှိ အရာဝတ္ထုများကို အသုံးပြု၍ Rhythm ပုံစံ ပုံအသံထွက်ကို လေ့ကျင့်ချိန်တွင် ဟိန်းသောအသံထွက်သည့်အရာများ၊ မတူညီသော အသံထွက်သည့် အရာများကို ရှာဖွေ၍ တီးမှုတ်သီဆိုစေပါမည်။

**ပူးပေါင်းဆောင်ရွက်မှု**

စတုတ္ထတန်းကျောင်းသားအရွယ်သည် အဖွဲ့လိုက် လုပ်ဆောင်ခြင်း၏ ပျော်ရွှင်ဖွယ်ကောင်းမှုကို ခံစားသိရှိသည့် အရွယ်ဖြစ်ပြီး အဖွဲ့လိုက်လှုပ်ရှားမှုများမှာ အလွန်ပင်တက်ကြွမှုရှိတတ်ပါသည်။ အဖွဲ့လိုက်တီထွင်ဖန်တီး၍ သီဆိုတီးမှုတ်မှုကို တက်ကြွမှုရှိစေရန်အတွက် မည်သည့်အရာကို တီထွင်ဖန်တီးပြီး သီဆိုတီးမှုတ်မည်ဆိုသည့် အမြင်ကို ထင်ရှားပြတ်သားစွာ ထားရှိရပါမည်။

**သင်ကြားရန်အတွက် အရေးကြီးသည့်အချက်များ**

ဆရာက သေချာစွာ သင်ကြားပေးရမည့် အချိန်၊ ကလေးများ စဉ်းစားမည့် အချိန်၊ လေ့ကျင့်မည့် အချိန်တို့ကို စီစဉ်ထားရှိပြီး ထိုစာသင်ချိန်တွင် မည်သည့်အကြောင်းအရာ သင်ကြားမည်ကို ထင်ရှားပြတ်သားစွာ ထားရှိမည်။ (သင်ကြားသင်ယူမှု လုပ်ငန်းစဉ်အစီအစဉ်များ)

DBE Box

## ၇။ စတုတ္ထတန်း၏ စစ်ဆေးအကဲဖြတ်ခြင်းနှင့် စပ်လျဉ်း၍ သတိပြုရမည့်အချက်များ

စစ်ဆေးအကဲဖြတ်ခြင်းဆိုသည်မှာ စာသင်ချိန်အတွင်း ကလေးများ မည်မျှတတ်မြောက်မှုရှိသည်၊ မည်သည့်နေရာများ၌ လိုအပ်နေသည်ကို သိရှိစေရန် စစ်ဆေးအကဲဖြတ်ခြင်း ဖြစ်သည်။ ကလေးများ ပိုမိုကောင်းမွန်စွာ လေ့လာသင်ယူနိုင်စေရန်အတွက် အရေးကြီးသောလုပ်ငန်းစဉ်တစ်ခုလည်း ဖြစ်ပါသည်။

စစ်ဆေးအကဲဖြတ်ခြင်းကို စာသင်ချိန်မတိုင်မီ၊ စာသင်ချိန်အတွင်း၊ စာသင်ချိန် ပြီးဆုံးချိန် စသည့်အချိန်များတွင် ပုံစံအမျိုးမျိုးဖြင့် ပြုလုပ်ကြသည်။ စစ်ဆေးအကဲဖြတ်ခြင်းဖြင့် ဆရာက သင်ခန်းစာတစ်ခုအား မည်မျှပေါက်မြောက်အောင် သင်ကြားပေးနိုင်သည်ကို သိရှိနိုင်သကဲ့သို့ ကလေးများအနေဖြင့်လည်း မည်မျှလေ့လာသင်ယူရရှိနိုင်သည်ကို သိရှိနိုင်ပါသည်။ စစ်ဆေးအကဲဖြတ်ခြင်းဖြင့် သင်ခန်းစာ၏ ရည်ရွယ်ချက်ပေါက်မြောက်မှု ရှိ မရှိကို သိရှိနိုင်ပါသည်။ စစ်ဆေးအကဲဖြတ်ခြင်း၏ ရလဒ်အပေါ် မူတည်၍ ဆရာက သင်ကြားမှုပုံစံနှင့် သင်ကြားနည်းများပြောင်းလဲခြင်း၊ ကလေးများအား ပံ့ပိုးကူညီခြင်းတို့ဖြင့် ပိုမိုကောင်းမွန်သော လေ့လာသင်ယူမှုကို ဖြစ်စေပါသည်။

အနုပညာ(ဂီတ)ဘာသာရပ်တွင်  စိတ်ပါဝင်စားမှု၊ သင်ယူလိုမှု၊ အပြုအမူ၊ အသိပညာ၊ ကျွမ်းကျင်မှု၊ တီထွင်ဖန်တီးနိုင်မှု စသည်တို့ကို စစ်ဆေးအကဲဖြတ်ရပါမည်။

(၁) စိတ်ပါဝင်စားမှုကို စစ်ဆေးအကဲဖြတ်ရာတွင် ဂီတသင်ခန်းစာများကို ကလေးများအနေဖြင့် လေ့လာသင်ယူလိုစိတ်နှင့် စိတ်ဝင်စားမှု မည်မျှရှိပြီး လေ့လာသင်ယူနေသည်ကို စစ်ဆေးအကဲဖြတ်ခြင်းဖြစ်ပါသည်။

(၂) တီထွင်ဖန်တီးသရုပ်ဖော်နိုင်မှုကို စစ်ဆေးအကဲဖြတ်ရာတွင် မည်ကဲ့သို့ သရုပ်ဖော်သီဆိုတီးမှုတ် ကပြမည်တို့ကို စဉ်းစားပြီး နည်းလမ်းများ တီထွင်ကာ လုပ်သောအနုပညာဂီတကို  တီထွင်ဖန်တီးရန် ကြိုးစားမှု ရှိ မရှိ အကဲဖြတ်ခြင်းဖြစ်ပါသည်။

(၃) အသိပညာ၊ ကျွမ်းကျင်မှုကို စစ်ဆေးအကဲဖြတ်ရာတွင် အဆို၊ အက၊ အတီးဆိုင်ရာအရေးပါသော အသိပညာများနှင့် အနုပညာစွမ်းရည်များ မည်မျှရရှိသည်ကို အကဲဖြတ်ခြင်းဖြစ်ပါသည်။

အထက်ပါ စစ်ဆေးအကဲဖြတ်မှုများကို ပြုလုပ်ချိန်တွင် အခန်းတစ်ခုချင်းစီ၏ သင်ယူမှုဦးတည်ချက်ကို အခြေခံ၍ ကလေးများလုပ်ဆောင်နိုင်မှုအခြေအနေကို အကဲဖြတ်ထားသည့် စစ်ဆေးအကဲဖြတ်ချက်ကို ကိုးကားနိုင်ပါသည်။ စစ်ဆေးအကဲဖြတ်ချက်အတွက်အသုံးပြုရမည့် အခြေခံစံနှုန်းမှာ အလွန်ကောင်း(A)၊ ကောင်း(S)၊ ထပ်မံကြိုးစားရန်လို(E) အဆင့်သုံးဆင့်ဖြင့် စစ်ဆေးအကဲဖြတ်ရပါမည်။ စစ်ဆေးအကဲဖြတ်မှု အခြေခံစံနှုန်းနမူနာပုံစံကိုလည်း အောက်တွင် ဖော်ပြထားပါသည်။ စတုတ္ထတန်းမှာ တတိယတန်းထက်ပို၍ အသံအနိမ့်အမြင့် သင်္ကေတ၊ ရပ်နားသင်္ကေတ၊ ဂီတသင်္ကေတ စသဖြင့် သင်ကြားရမည့် အကြောင်းအရာများ တိုးလာသည့်အတွက် ထိုသင်္ကေတတို့၏ အသိပညာ၊ ကျွမ်းကျင်မှုနှင့် စပ်လျဉ်း၍ မူလတေးသီချင်း သီဆိုတီးမှုတ်ခြင်းမှတစ်ဆင့် ပိုမိုသိရှိတတ်မြောက်စေရပါမည်။ တစ်ဖန် ထပ်မံကြိုးစားရန်လို (E)အဆင့်ရသော ကလေးများအတွက် မည်သည့်နေရာတွင် အခက်အခဲရှိနေသည်ကို သေချာစွာ စိစစ်ပြီး သင်ကြားသင်ယူမှုပုံစံ ပြုပြင်မွမ်းမံရာတွင် ထည့်သွင်းစဉ်းစားရပါမည်။ ထို့အပြင် မိဘအုပ်ထိန်းသူများကို ရှင်းပြမည့် ပညာရည်တိုးတက်မှု မှတ်တမ်းတွင်လည်း စစ်ဆေးအကဲဖြတ်ထားသည့် အကဲဖြတ်ချက်များကို စုစည်းထားသင့်ပါသည်။

သင်ကြားသင်ယူခဲ့သော အကြောင်းအရာများကို မှတ်မိခြင်း၊ နားလည်ခြင်းနှင့် အသုံးချခြင်းတို့ကို စစ်ဆေးအကဲဖြတ်သော နမူနာမေးခွန်းပုံစံများကိုလည်း နမူနာမေးခွန်းပုံစံများတွင် ထည့်သွင်းဖော်ပြထားပါသည်။ ဆရာ၊ ဆရာမများသည် သင်ခန်းစာအဆုံး စသည်တို့တွင် ကလေးများ၏ အသိပညာ၊ ကျွမ်းကျင်မှုတို့ကို စစ်ဆေးအကဲဖြတ်ရာတွင် အသုံးချနိုင်ပါသည်။ အသေးစိတ်ကို နမူနာမေးခွန်းစာအုပ်တွင် ကိုးကားကြည့်ရှုနိုင်ပါသည်။ အသေးစိတ်ကို မူလတန်းအဆင့် စာသင်ခန်းတွင်း စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ ရည်ညွှန်းစာအုပ်ကို ကိုးကားကြည့်ရှုနိုင်ပါသည်။

**မေးခွန်းပုံစံဖြင့် စစ်ဆေးအကဲဖြတ်ခြင်း (နမူနာ–၁)**

| | |
|---|---|
| သင်ခန်းစာ | အခန်း (၁) ကျောင်းသွားကြမယ်၊ စာသင်ချိန် (၃) |
| သင်ယူမှုဦးတည်ချက် | Slur နှင့် Tie တို့၏ ကွာခြားချက်ကို သိရှိနားလည်ပြီး အသံနေအသံထား မှန်ကန်စွာ သီဆိုတတ်ရန်။ |
| သိမှုအဆင့် | မှတ်မိခြင်း |
| မေးခွန်းပုံစံ | နှုတ်ဖြေ၊ ရေးဖြေ (အပိတ်မေးခွန်း) |

မေးခွန်း - အသံတူညီသော ဂီတသင်္ကေတကို မျဉ်းကွေးဖြင့် ဆက်၍ ဖော်ပြသည့် အောက်ပါသင်္ကေတကို မည်သို့ခေါ်သနည်း။



နမူနာအဖြေ - Tie (တိုင်း)

| | |
|---|---|
| သိမှုအဆင့် | နားလည်ခြင်း |
| မေးခွန်းပုံစံ | နှုတ်ဖြေ၊ ရေးဖြေ (အပိတ်မေးခွန်း) |

မေးခွန်း - အသံတူညီသော ဂီတသင်္ကေတကို မျဉ်းကွေးဖြင့် ဆက်၍ ဖော်ပြသည့် သင်္ကေတကို ပလွေဖြင့် မည်သို့မှုတ်ရသနည်း။



နမူနာအဖြေ - လျှာကို အသုံးပြု၍ အသံမဖြတ်ဘဲ တစ်ဆက်တည်းချောမွေ့စွာ သီဆိုတီးမှုတ်မည်။
မှတ်ချက် - ကလေးနားလည်သလို ဖြေဆိုမှုကို လက်ခံပေးပါ။

| | |
|---|---|
| သိမှုအဆင့် | အသုံးချခြင်း |
| မေးခွန်းပုံစံ | လက်တွေ့လုပ်ဆောင်စေခြင်း |

မေးခွန်း - အောက်ပါ သင်္ကေတကို ပလွေဖြင့် မှုတ်ပြပါ။



နမူနာအဖြေ - Tie (တိုင်း) သင်္ကေတကို မှန်ကန်စွာ မှုတ်နိုင်ခြင်း ရှိ မရှိကို ဆရာက စစ်ဆေးရမည်။
မှတ်ချက် - စတုတ္ထတန်း ကျောင်းသုံးစာအုပ်၏ နောက်ဆုံးစာမျက်နှာရှိ သင်ခန်းစာအနှစ်ချုပ်တွင် ပါရှိသော ဂီတသင်္ကေတများကို အသုံးပြု၍လည်း စစ်ဆေးအကဲဖြတ်နိုင်ပါသည်။ မိမိကိုယ်တိုင် မေးခွန်းတည်ဆောက်၍လည်း အထက်ပါပုံစံများအတိုင်း စစ်ဆေးအကဲဖြတ်နိုင်ပါသည်။

**မေးခွန်းပုံစံဖြင့် စစ်ဆေးအကဲဖြတ်ခြင်း (နမူနာ-၂)**

| | |
|---|---|
| သင်ခန်းစာ | အခန်း (၆) မိဘမေတ္တာ၊ စာသင်ချိန် (၃) |
| သင်ယူမှုဦးတည်ချက် | အသံအပြင်းအပျော့ သင်္ကေတများကို သတိပြု၍ ခံစားချက်ဖြင့် တီးမှုတ်တတ်ရန်။ |
| သိမှုအဆင့် | မှတ်မိခြင်း |
| မေးခွန်းပုံစံ | နှုတ်ဖြေ၊ ရေးဖြေ (အမှန်ရွေးမေးခွန်း) |

မေးခွန်း - အောက်ပါဘားရှိ သင်္ကေတအမည်ကို (A/ B/ C) ထဲမှ ရွေးပါ။

(A) Crescendo (B) Decrescendo (C) Mezzoforte




နမူနာအဖြေ - (A)

| | |
|---|---|
| သိမှုအဆင့် | နားလည်ခြင်း |
| မေးခွန်းပုံစံ | နှုတ်ဖြေ၊ ရေးဖြေ (အပိတ်မေးခွန်း) |

မေးခွန်း - Crescendo သင်္ကေတကို မည်သို့မှုတ်ရသနည်း။

နမူနာအဖြေ - တဖြည်းဖြည်း အားပြင်းပြင်း မှုတ်မည်။

မှတ်ချက် - ကလေးနားလည်သလို ဖြေဆိုမှုကို လက်ခံပေးပါ။

| | |
|---|---|
| သိမှုအဆင့် | အသုံးချခြင်း |
| မေးခွန်းပုံစံ | နှုတ်မေး (လက်တွေ့လုပ်ဆောင်စေခြင်း) |

မေးခွန်း - အောက်ပါ သင်္ကေတကို ပလွေဖြင့် မှုတ်ပြပါ။




နမူနာအဖြေ - Crescendo သင်္ကေတကို မှန်ကန်စွာ မှုတ်နိုင်ခြင်း ရှိ မရှိကို ဆရာက စစ်ဆေးရမည်။

မှတ်ချက် - စတုတ္ထတန်း ကျောင်းသုံးစာအုပ်၏ နောက်ဆုံးစာမျက်နှာရှိ သင်ခန်းစာအနှစ်ချုပ်တွင် ပါရှိသော ဂီတသင်္ကေတများကို အသုံးပြု၍လည်း စစ်ဆေးအကဲဖြတ်နိုင်ပါသည်။ မိမိကိုယ်တိုင် မေးခွန်းတည်ဆောက်၍လည်း အထက်ပါပုံစံများအတိုင်း စစ်ဆေးအကဲဖြတ်နိုင်ပါသည်။

DBE BOX

**Rubric ဖြင့် စစ်ဆေးအကဲဖြတ်ခြင်း (နမူနာ–၁)**

| | |
|---|---|
| သင်ခန်းစာ | အခန်း (၂) တူးပို့ တူးပို့ |
| ရည်ရွယ်ချက် | တူးပို့ တူးပို့ တေးသီချင်းကို ဗုံစသည့် တူရိယာတို့ဖြင့် တွဲဖက်သီဆိုပြီး က တတ်ရန်ဖြစ်သည်။ |
| စာသင်ချိန် | စာသင်ချိန် (၁) |
| သင်ယူမှုဦးတည်ချက် | တေးစာသား၏ အဓိပ္ပာယ်ကို သိရှိနားလည်ပြီး အသံနေအသံထား မှန်ကန်စွာဖြင့် ပျော်ရွှင်စွာ သီဆိုတတ်ရန်။ |
| လုပ်ငန်း | တေးကဗျာ၏ အဓိပ္ပာယ်ကို သိရှိနားလည်ပြီး အသံနေအသံထား မှန်ကန်စွာဖြင့် ပျော်ရွှင်စွာ သီဆိုမည်။ |

| စစ်ဆေးမည့်အချက် | အလွန်ကောင်း(A) | ကောင်း(S) | ထပ်မံကြိုးစားရန်လို(E) |
|---|---|---|---|
| စိတ်ပါဝင်စားစွာ လုပ်ဆောင်မှု။ (သဘောထား) | တေးစာသား၏ အဓိပ္ပာယ်ကို သိရှိနားလည်ပြီး အသံနေအသံထား မှန်ကန်စွာဖြင့် ပျော်ရွှင်စွာ ခံစား၍ သီဆိုနိုင်သည်။ | တေးစာသား၏ အဓိပ္ပာယ်ကို သိရှိနားလည်ပြီး အသံနေအသံထား မှန်ကန်စွာဖြင့် ပျော်ရွှင်စွာ သီဆိုနိုင်သည်။ | တေးစာသား၏ အဓိပ္ပာယ်ကို သိရှိနားလည်ပြီး အသံနေအသံထား မှန်ကန်စွာ မသီဆိုနိုင်ပါ။ |

| | |
|---|---|
| စာသင်ချိန် | စာသင်ချိန် (၂) |
| သင်ယူမှုဦးတည်ချက် | ဂီတသင်္ကေတတန်ဖိုး အသံအနိမ့်အမြင့်ကို မှန်ကန်သာယာစွာဖြင့် သီဆိုတတ်ရန်။ |
| လုပ်ငန်း | ဂီတသင်္ကေတ၏ အသံအနိမ့်အမြင့်ကို မှန်ကန်သာယာစွာဖြင့် သီဆိုမည်။ |

| စစ်ဆေးမည့်အချက် | အလွန်ကောင်း(A) | ကောင်း(S) | ထပ်မံကြိုးစားရန်လို(E) |
|---|---|---|---|
| ဂီတသင်္ကေတကို မှန်ကန်သာယာစွာ သီဆိုနိုင်ခြင်း။ (အသိပညာနှင့် ကျွမ်းကျင်မှု) | ဂီတသင်္ကေတ တန်ဖိုး၊ အသံအနိမ့်အမြင့်တို့ကို ရိုက်ချက်မှန်ကန်သာယာစွာဖြင့် စိတ်ရောကိုယ်ပါ သီဆိုနိုင်သည်။ | ဂီတသင်္ကေတ တန်ဖိုး၊ အသံအနိမ့်အမြင့်တို့ကို မှန်ကန်သာယာစွာဖြင့် သီဆိုနိုင်သည်။ | ဂီတသင်္ကေတ တန်ဖိုး၊ အသံအနိမ့်အမြင့်တို့ကို မှန်ကန်စွာ မသီဆိုနိုင်ပါ။ |

| | |
|---|---|
| စာသင်ချိန် | စာသင်ချိန် (၃) |
| သင်ယူမှုဦးတည်ချက် | ဂီတဝေါဟာရအသုံးအနှုန်းဖြစ်သော Ostinart ကို နားလည်သိရှိပြီး သီဆိုတတ်ရန်။ |
| လုပ်ငန်း | ဂီတဝေါဟာရအသုံးအနှုန်းဖြစ်သော Ostinart ကို နားလည်သိရှိပြီး သီဆိုမည် |

| စစ်ဆေးမည့်အချက် | အလွန်ကောင်း(A) | ကောင်း(S) | ထပ်မံကြိုးစားရန်လို(E) |
|---|---|---|---|
| တွဲဖက်သီဆိုတီးခတ်မှု (အသိပညာနှင့် ကျွမ်းကျင်မှု) | ဂီတဝေါဟာရအသုံးအနှုန်းဖြစ်သော Ostinart ကို နားလည်သိရှိပြီး တေးသီချင်းတွင် အသုံးချ၍ စည်းချက်မှန်ကန်စွာ သီဆိုနိုင်သည်။ | ဂီတဝေါဟာရအသုံးအနှုန်းဖြစ်သော Ostinart ကို နားလည်သိရှိပြီး သီဆိုနိုင်သည်။ | Ostinart ကို နားလည်သိရှိပြီး မသီဆိုနိုင်ပါ။ |

| | |
|---|---|
| စာသင်ချိန် | စာသင်ချိန် (၄) |
| သင်ယူမှုဦးတည်ချက် | Ostinart ဖြစ်သော Rhythm ပုံစံဗုံသံကို တေးသီချင်းနှင့် လိုက်ဖက်ညီစွာ သီဆို၍ က တတ်ရန်။ |
| လုပ်ငန်း | Ostinart ဖြစ်သော Rhythm ပုံစံဗုံသံကို တေးသီချင်းနှင့် လိုက်ဖက်ညီစွာ သီဆို၍ က မည်။ |

| စစ်ဆေးမည့်အချက် | အလွန်ကောင်း(A) | ကောင်း(S) | ထပ်မံကြိုးစားရန်လို(E) |
|---|---|---|---|
| Ostinart ၏ Rhythm ပုံစံနှင့် တေးသီချင်းကို လိုက်ဖက်ညီစွာ သီဆို၍ တီထွင်ဖန်တီးပြီး က ခြင်း။ (တီထွင်ဖန်တီးနိုင်မှု) | Ostinart ဖြစ်သော Rhythm ပုံစံဗုံသံကို တေးသီချင်းနှင့် လိုက်ဖက်ညီစွာ စည်းချက်ညီညီ ပျော်ရွှင်စွာ သီဆို၍ က နိုင်သည်။ | Ostinart ဖြစ်သော Rhythm ပုံစံဗုံသံကို တေးသီချင်းနှင့် လိုက်ဖက်ညီစွာ သီဆို၍ က နိုင်သည်။ | Ostinart ဖြစ်သော Rhythm ပုံစံဗုံသံကို တေးသီချင်းနှင့် လိုက်ဖက်ညီစွာ သီဆို က ပြနိုင်ခြင်း မရှိပါ။ |



DBE Box

| | |
|---|---|
| စာသင်ချိန် | စာသင်ချိန် (၅) |
| သင်ယူမှုဦးတည်ချက် | အဖွဲ့လိုက် ပူးပေါင်းပြီး တီထွင်ဖန်တီး၍ သီဆိုတီးခတ် က ပြဖျော်ဖြေတတ်ရန်။ |
| လုပ်ငန်း | အဖွဲ့လိုက် ပူးပေါင်းပြီး တီထွင်ဖန်တီး၍ သီဆိုတီးခတ် က ပြဖျော်ဖြေမည်။ |

| စစ်ဆေးမည့်အချက် | အလွန်ကောင်း(A) | ကောင်း(S) | ထပ်မံကြိုးစားရန်လို(E) |
|---|---|---|---|
| အဖွဲ့လိုက်ပူးပေါင်း၍ အမူအယာပြု လုပ်ခြင်း၊ အဖွဲ့လိုက်ပူးပေါင်း၍ သီဆို ကပြခြင်း။ (တီထွင်ဖန်တီးနိုင်မှု) | အဖွဲ့လိုက်ပူးပေါင်းပြီး တေးသီချင်း၏ အဓိပ္ပာယ်ကို ပိုမိုပေါ်လွင်အောင် တီထွင် ဖန်တီး၍ ပျော်ရွှင်စွာ သီဆိုတီးခတ် က ပြဖျော်ဖြေနိုင်သည်။ | အဖွဲ့လိုက်ပူးပေါင်းပြီး တီထွင်ဖန်တီး ၍ သီဆိုတီးခတ် က ပြဖျော်ဖြေနိုင် သည်။ | အဖွဲ့လိုက်ပူးပေါင်းကာ တီထွင် ဖန်တီးမှု မပြုလုပ်နိုင်ပါ။ |

**Rubric ဖြင့် စစ်ဆေးအကဲဖြတ်ခြင်း (နမူနာ- ၂)**

| | |
|---|---|
| သင်ခန်းစာ | အခန်း (၃) ခြေရှေ့ထိုးအက |
| ရည်ရွယ်ချက် | မြန်မာ့အခြေခံအက ခြေရှေ့ထိုးအကကို စနစ်တကျသိရှိပြီး စည်းဝါးတကျ ပျော်ရွှင်စွာ က တတ်ရန်ဖြစ်သည်။ |
| စာသင်ချိန် | စာသင်ချိန် (၁) |
| သင်ယူမှုဦးတည်ချက် | Grade 3 တွင် သင်ကြားခဲ့သော အကများကို စည်းဝါးတကျ ပျော်ရွှင်စွာ က တတ်ရန်။ |
| လုပ်ငန်း | Grade 3 တွင် သင်ကြားခဲ့သော အကများကို စည်းဝါးတကျ ပျော်ရွှင်စွာ က မည်။ |

| စစ်ဆေးမည့်အချက် | အလွန်ကောင်း(A) | ကောင်း(S) | ထပ်မံကြိုးစားရန်လို(E) |
|---|---|---|---|
| စိတ်ပါဝင်စားစွာ လုပ်ဆောင်မှု။ (သဘောထား) | Grade 3 တွင် သင်ကြားခဲ့သော အကများကို အဖွဲ့လိုက် ညီညာစွာဖြင့် စည်းဝါးတကျ ပျော်ရွှင်စွာ က နိုင်သည်။ | Grade 3 တွင် သင်ကြားခဲ့သော အက များကို စည်းဝါးတကျ ပျော်ရွှင်စွာ က နိုင်သည်။ | Grade 3 တွင် သင်ကြားခဲ့သော အကများကို စည်းဝါးတကျ မက နိုင်ပါ။ |

| | |
|---|---|
| စာသင်ချိန် | စာသင်ချိန် (၂) |
| သင်ယူမှုဦးတည်ချက် | ခြေရှေ့ထိုးအက၏ လှုပ်ရှားမှုအဆင့်များကို သိရှိပြီး စည်းဝါးတကျ က တတ်ရန်။ |
| လုပ်ငန်း | ခြေရှေ့ထိုးအက၏ လှုပ်ရှားမှုအဆင့်များကို သိရှိပြီး စည်းဝါးတကျ က မည်။ |

| စစ်ဆေးမည့်အချက် | အလွန်ကောင်း(A) | ကောင်း(S) | ထပ်မံကြိုးစားရန်လို(E) |
|---|---|---|---|
| ခြေရှေ့ထိုးအက၏ လှုပ်ရှားမှု အဆင့်များကို မှန်ကန်စွာသိရှိပြီး စည်းဝါးတကျ ကနိုင်ခြင်း။ (အသိပညာနှင့် ကျွမ်းကျင်မှု) | ခြေရှေ့ထိုးအက၏ လှုပ်ရှားမှု အဆင့် များကို မှန်ကန်စွာ သိရှိပြီး စည်းဝါးတကျ က နိုင်သည်။ | ခြေရှေ့ထိုးအက၏ လှုပ်ရှားမှု အဆင့် များကို သိရှိပြီး စည်းဝါးတကျ က နိုင်သည်။ | ခြေရှေ့ထိုးအက၏ လှုပ်ရှားမှု အဆင့် များကို သိရှိပြီး မက နိုင်ပါ။ |

| | |
|---|---|
| စာသင်ချိန် | စာသင်ချိန် (၃) |
| သင်ယူမှုဦးတည်ချက် | ခြေရှေ့ထိုးအကကို သိရှိပြီး အဖွဲ့လိုက် စည်းဝါးတကျ က တတ်ရန်။ |
| လုပ်ငန်း | ခြေရှေ့ထိုးအကကို သိရှိပြီး အဖွဲ့လိုက် စည်းဝါးတကျ က မည်။ |

| စစ်ဆေးမည့်အချက် | အလွန်ကောင်း(A) | ကောင်း(S) | ထပ်မံကြိုးစားရန်လို(E) |
|---|---|---|---|
| ခြေရှေ့ထိုးအကကို အဖွဲ့လိုက် ညီညာစွာ စည်းဝါးတကျ ကနိုင်ခြင်း။ (အသိပညာနှင့် ကျွမ်းကျင်မှု) | ခြေရှေ့ထိုးအကကို သိရှိပြီး အဖွဲ့လိုက် ညီညာစွာဖြင့် စည်းဝါးတကျ ပျော်ရွှင်စွာ က နိုင်သည်။ | ခြေရှေ့ထိုးအကကို သိရှိပြီး အဖွဲ့ လိုက် စည်းဝါးတကျ က နိုင်သည်။ | ခြေရှေ့ထိုးအကကို သိရှိပြီး အဖွဲ့ လိုက် မက နိုင်ပါ။ |

DREBOX

| | |
|---|---|
| စာသင်ချိန် | စာသင်ချိန် (၄) |
| သင်ယူမှုဦးတည်ချက် | ခြေရှေ့ထိုးအကနှင့် သင်ကြားခဲ့သောအကများကို ပေါင်းစပ်၍ အဖွဲ့လိုက် စည်းဝါးတကျ က တတ်ရန်။ |
| လုပ်ငန်း | ခြေရှေ့ထိုးအကနှင့် သင်ကြားခဲ့သောအကများကို ပေါင်းစပ်၍ အဖွဲ့လိုက် စည်းဝါးတကျ က မည်။ |

| စစ်ဆေးမည့်အချက် | အလွန်ကောင်း(A) | ကောင်း(S) | ထပ်မံကြိုးစားရန်လို(E) |
|---|---|---|---|
| တေးသီချင်း၊ စည်းချက်နှင့် အညီ တီထွင်ဖန်တီး ကနိုင်ခြင်း။ (တီထွင်ဖန်တီးနိုင်မှု) | ခြေရှေ့ထိုးအကနှင့် သင်ကြားခဲ့သော အကများကို တီထွင်ပေါင်းစပ်၍ အဖွဲ့လိုက် စည်းဝါးတကျ ညီညာစွာ က နိုင်သည်။ | ခြေရှေ့ထိုးအကနှင့် သင်ကြားခဲ့သော အကများကို ပေါင်းစပ်၍ အဖွဲ့လိုက် စည်းဝါးတကျ က နိုင်သည်။ | ခြေရှေ့ထိုးအကနှင့် သင်ကြား ခဲ့သော အကများကို အဖွဲ့လိုက် ပေါင်းစပ်၍ မက နိုင်ပါ။ |

## ၈။ စတုတ္ထတန်း အနုပညာ(ဂီတ)ဘာသာရပ် စာသင်ချိန်ခွဲဝေမှု

စတုတ္ထတန်း အနုပညာ(ဂီတ)ဘာသာရပ် စာသင်ချိန်ခွဲဝေမှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| လ | ရက်သတ္တပတ် | နယ်ပယ် | သင်ခန်းစာ | စာသင်ချိန် |
|---|---|---|---|---|
| ဇွန် | ပထမပတ် မှ စတုတ္ထပတ် ထိ | အဆို | အခန်း(၁) ကျောင်းသွားကြမယ် | ၅ |
| ဇူလိုင် | ပထမပတ် | | | |
| | ဒုတိယပတ် မှ စတုတ္ထပတ် ထိ | အက | အခန်း(၃) ခြေရှေ့ထိုးအက | ၄ |
| သြဂုတ် | ပထမပတ် | | | |
| | ဒုတိယပတ် မှ စတုတ္ထပတ် ထိ | အက | အခန်း(၄) အရုပ်အတက်အဆင်းအက | ၄ |
| စက်တင်ဘာ | ပထမပတ် | | | |
| | ဒုတိယပတ် မှ စတုတ္ထပတ် ထိ | အတီး | အခန်း(၅) ဗုံကြီးသံ (သီတင်းကျွတ်ကျောင်းပိတ်ရက်၊ အောက်တိုဘာလ တတိယပတ်မှ စတုတ္ထပတ်အထိ) | ၅ |
| အောက်တိုဘာ | ပထမပတ် မှ ဒုတိယပတ် ထိ | | | |
| နိုဝင်ဘာ | ပထမပတ် မှ စတုတ္ထပတ် ထိ | အတီး | အခန်း(၆) မိဘမေတ္တာ (ဒီဇင်ဘာလကျောင်းပိတ်ရက်၊ စတုတ္ထပတ်မှ ဇန်နဝါရီလ ပထမပတ်အထိ) | ၅ |
| ဒီဇင်ဘာ | ပထမပတ် | | | |
| | စတုတ္ထပတ် | အဆို | အခန်း (၂) တူးပို့ တူးပို့ | ၅ |
| ဇန်နဝါရီ | ပထမပတ် မှ စတုတ္ထပတ် ထိ | | | |
| စုစုပေါင်း | ၂၈ + (အရန်သင်ကြားချိန် ၁၂ချိန်) | | | |

**(ခွဲဝေထားသောစာသင်ချိန်ထက် ကလေးများသင်ယူမှုတွင် အချိန်ထပ်မံလိုအပ်သော သင်ယူမှုလုပ်ငန်းများအတွက် အရန်သင်ကြားချိန်ကို ခွဲဝေအသုံးပြုနိုင်ပါသည်။)**

**ရက်သတ္တပတ် စာသင်ချိန် (၁)ချိန်**

**စာသင်နှစ် (၁)နှစ် စာသင်ချိန် (၄၀)ချိန်**

# ဆရာများအတွက်အမှာစာ

## ဆရာလမ်းညွှန်အသုံးပြုပုံ

### ၁.၁။ ရည်ရွယ်ချက်

ဤဆရာလမ်းညွှန်စာအုပ်ကို ဆရာများအနေဖြင့် စတုတ္ထတန်း အနုပညာ(ဂီတ)ဘာသာရပ် သင်ကြားရာတွင် အထောက်အကူပြုနိုင်ရန် ရေးသားပြုစုထားပါသည်။ မူလတန်းပြဆရာများ မွမ်းမံသင်တန်းအပြင် ပညာရေးကောလိပ်တွင်လည်း အသုံးပြုနိုင်ရန် ရေးသားပြုစုထားပါသည်။

အနုပညာ(ဂီတ)ဘာသာရပ်ကို နယ်ပယ် ၃ ခု ဖြင့် ဖွဲ့စည်းထားပါသည်။ ၎င်းတို့မှာ အဆို၊ အကနှင့် အတီးတို့ ဖြစ်ပါသည်။ စတုတ္ထတန်း အဆိုသင်ကြားရခြင်း၏ ရည်ရွယ်ချက်မှာ မြန်မာ့ရိုးရာတေးသီချင်းများကို သီဆိုရန်နှင့် တေးသီချင်း၏ အဓိပ္ပာယ်ကို သိရှိပြီး ဟန်အမူအရာများပြုလုပ်ကာ Rhythm၊ အသံအနိမ့်အမြင့်၊ အသံအပြင်းအပျော့၊ အနှေးအမြန်၊ သာယာသော အသံထွက်တို့ကို သတိထား၍ ခံစားချက်ကို ထည့်သွင်းကာ သီဆိုတတ်ရန် ဖြစ်ပါသည်။ ထို့ပြင် ကလေး၏ ဖွံ့ဖြိုးမှုအဆင့်နှင့်အညီ မြန်မာ့ရိုးရာသီချင်းများ၊ နိုင်ငံတကာသံစဉ်သီချင်းများကို လေ့လာသင်ယူနိုင်ရန် ရေးသားထားပါသည်။

အကသင်ကြားရခြင်း၏ ရည်ရွယ်ချက်မှာ မြန်မာ့အခြေခံအကကို စနစ်တကျနှင့် စည်းဝါးကျကျ ပျော်ရွှင်စွာ က ပြတတ်ရန် ဖြစ်ပါသည်။

အတီးသင်ကြားရခြင်း၏ ရည်ရွယ်ချက်မှာ တေးသီချင်းနှင့် ဗုံတီးခတ်သံကို နှုတ်ဖြင့် ရွတ်ဆိုပြီး၊ ပလွေဖြင့် တွဲဖက်သီဆိုတီးမှုတ်တတ်ရန်နှင့် ဖြစ်ပါသည်။ ဒို ရေ မီ ဖာ ဆို လာ တီ အသံ ၇ သံပါသော တေးသီချင်းများကို ပလွေဖြင့် မှုတ်တတ်ပြီး မိတ်ဖက်သံစဉ်နှစ်ခုကို ထပ်၍ တီးမှုတ်တတ်ရန် ဖြစ်ပါသည်။

အထက်ပါရည်ရွယ်ချက်များ ပေါက်မြောက်အောင်မြင်စွာ သင်ကြားနိုင်ရန် အထူးရည်ရွယ်၍ ကလေးများအား အဆိုပညာ၊ အကပညာနှင့် အတီးပညာတို့မှတစ်ဆင့် ထိုနယ်ပယ်အသီးသီး၏ အသိပညာ၊ ကျွမ်းကျင်မှု၊ သီဆိုတီးမှုတ်တင်ဆက်မှု တို့ကို မိမိတို့ ကိုယ်ပိုင်စိတ်ကူးဖြင့် ဆန်းသစ်ပြုလုပ်ခြင်း၊ ထိုသို့ပြုလုပ်နိုင်ရန် ကလေးများကိုယ်တိုင် ပါဝင်လုပ်ဆောင်လိုစိတ်ကို နှိုးဆွပေးနိုင်သော နည်းလမ်းများဖြစ်သော တက်ကြွစွာ သင်ကြားသင်ယူမှု (Active Learning)များ၊ သင်ကြားမှုလုပ်ငန်းများဖြင့် ဤဆရာလမ်းညွှန်ကို ပြုစုထားပါသည်။ တစ်ဖန် ကလေးများအား အနုပညာ(ဂီတ)ဘာသာရပ် သင်ကြားခြင်းသည် ကလေးတစ်ဦးချင်းစီ၏ နှလုံးရည်ပြည့်ဝမှုကို ပြုစုပျိုးထောင်ခြင်းဆိုသည့် အရေးကြီးသောအဓိပ္ပာယ်ရှိပါသည်။ အနုပညာ(ဂီတ) ဘာသာရပ်၏ နှလုံးရည်ပြည့်ဝမှုဆိုသည်မှာ အနုပညာဂီတလှုပ်ရှားမှုများမှတစ်ဆင့် လှပမှု၊ ပျော်ရွှင်ဖွယ်ကောင်းမှုကို ခံစားသိရှိပြီး ထိုထက်ပို၍ကောင်းမွန်အောင် ဖန်တီးလိုသည့် နူးညံ့သိမ်မွေ့သော စိတ်ဆန္ဒဖြင့် ပြုစုပျိုးထောင်သွားရမည့်အရာဖြစ်ပါသည်။ အများနှင့် ပူးပေါင်းကူညီ၍ လုပ်ဆောင်ခြင်း၊ နောက်လာမည့် သင်ခန်းစာအသစ်များအပေါ်တွင် စိတ်ဝင်စားမှုရှိပြီး စိတ်ရောကိုယ်ပါ အဓိကပါဝင်လုပ်ဆောင်လိုသည့် အပြုအမူကို ပျိုးထောင်ခြင်း၊ ကျောင်းနေပျော်၍ သင်ယူလိုစိတ်ထက်သန်လာခြင်းနှင့်အတူ ပိုမို၍ မှန်ကန်ကောင်းမွန်သော၊ မြင့်မြတ်သော စိတ်နှလုံးသားကို ပြုစုပျိုးထောင်ခြင်းလည်း ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဆရာများအနေဖြင့် သင်ခန်းစာမသင်ကြားမီ ဆရာလမ်းညွှန်စာအုပ်ပါ အကြောင်းအရာများကို ကြိုတင်ဂရုတစိုက် လေ့လာထားရန် တိုက်တွန်းအပ်ပါသည်။

### ၁.၂။ ဆရာလမ်းညွှန် ဖွဲ့စည်းတည်ဆောက်ပုံ

ဤဆရာလမ်းညွှန်စာအုပ်တွင် သင်ခန်းစာတစ်ခုချင်းစီကို အောက်ပါအပိုင်းကဏ္ဍ ၈ ခုဖြင့် ပြုစုထားပါသည်။

(၁) သင်ခန်းစာခေါင်းစဉ်

(၂) ရည်ရွယ်ချက်

(၃) သင်ယူမှု ဦးတည်ချက်

(၄) သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

(၅) သင်ကြားသင်ယူမှု လုပ်ငန်းစဉ်

(၆) သတိပြုရမည့်အချက်များ

(၇) ကျောင်းသုံးစာအုပ်ပါသင်ခန်းစာ

(၈) စစ်ဆေးအကဲဖြတ်ချက်

# ဆရာလမ်းညွှန် ဖွဲ့စည်းတည်ဆောက်ပုံ နမူနာ

**(၁)သင်ခန်းစာခေါင်းစဉ်**

**(၂)ရည်ရွယ်ချက်**

**(၃)သင်ယူမှုဦးတည်ချက်**

**(၄)သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ**

စာသင်ချိန်အတွင်း လိုအပ်သည့် သင်ထောက်ကူပစ္စည်းများစာရင်း ဖြစ်ပါသည်။

**(၅)သင်ကြားသင်ယူမှုလုပ်ငန်းစဉ်**

သင်ကြားမှု အကြောင်းအရာနှင့် သင်ကြားရမည့် နည်းလမ်းများကို ပေါင်း၍ရေးသားထားပါသည်။ စာသင်ချိန် တစ်ချိန်အား နိဒါန်း၊ လုပ်ငန်းစဉ်နှင့် နိဂုံးဟူ၍ အပိုင်း ၃ပိုင်းခွဲကာ ရေးထားပါသည်။

၁

**အခန်း(၁) ကျောင်းသွားကြမယ်**

**ရည်ရွယ်ချက်** – ကျောင်းသွားကြမယ် တေးသီချင်းကို အနှစ်သာရပြည့်ဝစွာ သီဆိုတတ်ရန် ဖြစ်သည်။

**စာသင်ချိန်** – ၁/၅

၂

၃

**သင်ယူမှုဦးတည်ချက်**

တေးစာသား၏ အဓိပ္ပာယ်ကို သိရှိနားလည်ပြီး အသံနေအသံထား မှန်ကန်စွာဖြင့် ပျော်ရွှင်စွာ သီဆိုတတ်ရန်။

၄

**သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ**

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်၊ စည်း၊ ဝါး။

၅

**သင်ကြားသင်ယူမှုလုပ်ငန်းစဉ်**

**နိဒါန်း**

- ဆရာက ကလေးများအား အောက်ပါမေးခွန်းများဖြင့် သင်ခန်းစာကို နိဒါန်းပျိုးပါမည်။ သားတို့ သမီးတို့ ကျောင်းကို လာရတာ ပျော်ကြရဲ့လား၊ ဘယ်သူတွေနဲ့ လာသလဲ။(၅ မိနစ်)

**လုပ်ငန်းစဉ်**

- ဆရာက သင်ထောက်ကူကားချပ် သို့မဟုတ် ကျောင်းသုံးစာအုပ်ကို ပြ၍ ပုံပါအကြောင်းအရာများကို ကလေးများအားပြောပြစေပါမည်။ လိုအပ်ပါက ဆရာက ဖြည့်စွက်ရှင်းလင်းပေးရပါမည်။
- တေးသီချင်းအား သီဆိုပြ၍ အဓိပ္ပာယ်ကို ဆွေးနွေးမေးမြန်းပါမည်။
- ဆရာက အသံနေအသံထား မှန်ကန်စွာဖြင့် အမူအရာများပြုလုပ်၍ နှစ်ကြိမ်ခန့် တေးသီချင်းအား သီဆိုပြပါမည်။ သီဆိုနေစဉ် 4/4 Timing ရိုက်ချက်လိုက်ရင်း နားထောင်စေပါမည်။ ဆရာက တေးစာသားနှစ်ကြောင်းစီကို သီဆိုပြပြီး ကလေးများအား လိုက်ဆိုစေပါမည်။
- ပထမပိုဒ်သီဆိုသောအခါ Eighth Restကို သတိပြု၍ဆရာနှင့်အတူ သီဆိုစေပါမည်။ ကလေးများ ကိုယ်တိုင်သီဆိုစေပါမည်။
- အထက်ပါအတိုင်း ဒုတိယပိုဒ်နှင့် တတိယပိုဒ်ကို ဆက်လက်သင်ကြားပေးပြီး သီဆိုစေပါမည်။
- ဆရာက ထပ်ကျော့သင်္ကေတ(Repeat) အကြောင်းကို ကလေးများအား ပြန်လည်မေးမြန်းပြီး ဒုတိယပိုဒ်ကို နှစ်ကျော့သီဆိုရမည်ဖြစ်ကြောင်း ရှင်းပြရပါမည်။ ကလေးများကိုယ်တိုင် အစမှ အဆုံးထိ သီဆိုစေပါမည်။
- Grade 3 တွင် သီဆိုခဲ့ဖူးသော အသံတူထပ်ဆင့်သီဆိုခြင်း အကြောင်းကို မေးမြန်းပြီး ပြန်လည်သီဆိုပြစေပါမည်။
- တတိယပိုဒ်တွင်လည်း အသံတူထပ်ဆင့်သီဆိုသည့်နေရာ ပါဝင်ကြောင်း ပြောပြီး အုပ်စု ၂စုဖွဲ့၍ အသံတူထပ်ဆင့်ဆိုရသည့်နေရာတွင် ပထမအဖွဲ့အား တေးစာသားကို သီဆိုစေ၍ဒုတိယအဖွဲ့အား အသံတူထပ်ဆင့် သီဆိုစေပါမည်။
- ဆရာက ကလေးများအား တေးသီချင်း၏ အဓိပ္ပာယ်ကို စဉ်းစားပြီး မည်သို့ခံစားရသည်ကို အချင်းချင်း ဆွေးနွေးစေပါမည်။
- တေးသီချင်းရှိ Forte အမှတ်အသားသည် အသံပြင်းပြင်းကျယ်ကျယ်နှင့် Mezzoforte အမှတ်အသားသည် အသံအနည်းငယ်ပြင်းပြင်းကျယ်ကျယ် သီဆိုရသော သင်္ကေတအမှတ်အသားဖြစ်ကြောင်း ရှင်းပြပြီး ၎င်းတို့ကို သတိပြု၍ နောက်တစ်ကြိမ် ခံစားသီဆိုစေပါမည်။ (၂၅ မိနစ်)

**နိဂုံး**

- အတန်းရှိကျောင်းသားဦးရေအပေါ် မူတည်၍ သင့်လျော်သလို အဖွဲ့ဖွဲ့ပြီး တစ်ဖွဲ့ချင်းစီကို သီဆိုစေပါမည်။ တစ်ဖွဲ့က သီဆိုနေစဉ် ကျန်အဖွဲ့များက ဆရာနှင့်အတူ 4/4 Timing ရိုက်ချက်လိုက်ရင်း ကြည့်ရှုအားပေးပါမည်။(၁၀ မိနစ်)

၁၆ ကျောင်းသွားကြမယ်

အခန်း(၁) ကျောင်းသွားကြမယ်

**အခန်း(၁) ကျောင်းသွားကြမယ်** ၇

**ကျောင်းသွားကြမယ်**



တေးရေး - ဦးဗိုလ်မြင့် ကျောင်းအုပ်ကြီး(ငြိမ်း)

လာသူငယ်ချင်းများတို့
ကျောင်းသွားကြမယ်
သားသားတို့လဲ လိုက်မယ်
မီးမီးတို့လဲ လိုက်မယ်
ကျောင်းနေရွယ်သူငယ်ချင်းများ
ပျော်ပျော်ရွှင်ရွှင် ခင်ခင်မင်မင်
သွားကြမယ် ကျောင်းသို့ကွယ်
ညီညီညာညာ တို့တတွေ
ကျောင်းသွားကြမယ်။

(လူတော်လူကောင်းဖြစ်ဖို့ကွယ်
နိုင်ငံတော်အတွက်အားထားဖွယ်
အသိစိတ်ဓာတ်တာဝန်အပြည့်နဲ့
ကြိုးစားကြရမယ်)၂

လွယ်အိတ်လေးလဲလွယ်
ရောင်စုံပန်းများအလယ်
ပျော်ပျော်ရွှင်ရွှင် ခင်ခင်မင်မင်
သွားကြမယ် ကျောင်းသို့ကွယ်
ညီညီညာညာ တို့တတွေ
ကျောင်းသွားကြမယ်။

၁

**သတိပြုရမည့်အချက်များ** ၆

- ကျောင်းသွားသည့်အခါ ပျော်ရွှင်ဖွယ်ကောင်းပုံကို ပေါ်လွင်အောင် တက်ကြွပျော်ရွှင်စွာ သီဆိုစေပါမည်။
- သီချင်းစတင် သီဆိုသည့်အခါ အစပြုသည့်အသံ မီ ကို ပလွေဖြင့် အသံတည်ပေးရပါမည်။
- အသံတူထပ်ဆင့် သီဆိုသည့်အခါ ကျောင်းသုံးစာအုပ်တွင် နမူနာပြထားသည့်အတိုင်း ပထမသီဆိုသည့်အဖွဲ့၏ နောက်ဆုံးသံစဉ်နေရာတွင် ဒုတိယအဖွဲ့က အသံထပ်၍ စတင်သီဆိုရကြောင်း ရှင်းပြပေးရပါမည်။
- Forte ဆိုသည်မှာ ခပ်ကျယ်ကျယ် ခပ်ပြင်းပြင်း သီဆိုတီးမှုတ်ရန် ဖော်ပြသည့် သင်္ကေတဖြစ်သည်။
- Mezzoforte မှာ အနည်းငယ် အားပြင်းပြင်း သီဆိုတီးမှုတ်ရန် ဖော်ပြသည့် သင်္ကေတဖြစ်သည်။
- Eighth Rest, Forte, Mezzoforte စသည့် သင်္ကေတများကို နားလည်မှု ရှိ မရှိ ပြန်လည်မေးမြန်း၍ အနှစ်ချုပ်ပေးရပါမည်။

**စစ်ဆေးအကဲဖြတ်ချက်** ၈

- တေးစာသား၏ အဓိပ္ပာယ်ကို သိရှိနားလည်ပြီး အသံနေအသံထား မှန်ကန်စွာဖြင့် ပျော်ရွှင်စွာ ခံစား၍ သီဆိုနိုင်သည်။ (A)
- တေးစာသား၏ အဓိပ္ပာယ်ကို သိရှိနားလည်ပြီး အသံနေအသံထား မှန်ကန်စွာဖြင့် ပျော်ရွှင်စွာ သီဆိုနိုင်သည်။ (S)
- တေးစာသား၏ အဓိပ္ပာယ်ကို သိရှိနားလည်ပြီး အသံနေအသံထား မှန်ကန်စွာ မသီဆိုနိုင်ပါ။ (E)

**(၆)သတိပြုရမည့်အချက်များ**

သင်ကြားသည့်အခါ စိတ်ဝင်စားစွာဖြင့် လေ့လာသင်ယူနိုင်ရန်အတွက် အရေးကြီးသောသတိပြုရမည့်အချက်များနှင့် သင်ကြားမှုတွင် ပိုမိုထိရောက်စေနိုင်သော အကြံပေးချက်များကို ထည့်သွင်းရေးသားထားပါသည်။

**(၇)ကျောင်းသုံးစာအုပ်ပါသင်ခန်းစာ**

ကျောင်းသားကိုင်စာအုပ်ပါသင်ခန်းစာသည် ဆရာများအနေဖြင့် သင်ခန်းစာသင်ကြားရာတွင် ကိုးကားနိုင်ရန် ဖြစ်ပါသည်။

**(၈)စစ်ဆေးအကဲဖြတ်ချက်**

သင်ယူမှုဦးတည်ချက်ကို အခြေခံ၍ စစ်ဆေးအကဲဖြတ်ချက် အခြေခံစံနှုန်းကို သတ်မှတ်ကာ (A. အလွန်ကောင်း)၊ (S. ကောင်း)၊ (E. ထပ်မံကြိုးစားရန်လို)ဟူ၍ စစ်ဆေးအကဲဖြတ်ရမည့် အချက်များကို ဖော်ပြထားပါသည်။



DRAFT

## ၂။ အနုပညာ(ဂီတ)ဘာသာ၏ အထွေထွေဖွဲ့စည်းပုံ

ပထမတန်းမှ ပဉ္စမတန်းအထိ သင်ကြားမည့် အကြောင်းအရာနှင့် စာသင်နှစ်အလိုက် သင်ယူတတ်မြောက်မည့် အသိပညာ (ကျွမ်းကျင်မှု)မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**အတန်းလိုက် နယ်ပယ်နှင့် ရည်ရွယ်ချက်**

| နယ်ပယ် | ပထမတန်း | ဒုတိယတန်း | တတိယတန်း | စတုတ္ထတန်း | ပဉ္စမတန်း |
|---|---|---|---|---|---|
| အဆိုပညာ | တေးကဗျာ၏ အဓိပ္ပာယ်ကို သိရှိပြီး အသံနေအသံထား မှန်ကန်စွာ စည်းချက် ညီညီဖြင့် ပျော်ရွှင်စွာ သီဆိုတတ်ရန်။ | တေးကဗျာ၏ အဓိပ္ပာယ်ကို သိရှိပြီး ဟန်အမူအရာများ ပြုလုပ်ကာ Rhythm၊ အသံအနိမ့်အမြင့်တို့ကို သတိထား၍ သီဆို တတ်ရန်။ | တေးကဗျာ၏ အဓိပ္ပာယ်ကို သိရှိပြီး ဟန်အမူအရာများ ပြုလုပ်ကာ Rhythm၊ အသံအနိမ့်အမြင့်၊ အသံအပြင်းအပျော့၊ အသံထပ်တူ သီဆို ခြင်းတို့ကို သတိထား ၍ သီဆိုတတ်ရန်။ | မြန်မာရိုးရာတေးသီချင်း များနှင့် နိုင်ငံတကာ သံစဉ်သီချင်းများကို သီဆိုတတ်ရန်။<br><br>တေးသီချင်း၏ အဓိပ္ပာယ်ကို သိရှိပြီး ဟန်အမူအရာများ ပြုလုပ်ကာ Rhythm၊ အသံအနိမ့်အမြင့်၊ အသံအပြင်းအပျော့၊ အနှေးအမြန်၊ သာယာသော အသံထွက်တို့ကို သတိထား၍ ခံစားချက် ကို ထည့်သွင်းကာ သီဆိုတတ်ရန်။ | မြန်မာရိုးရာတေးသီချင်း များနှင့် နိုင်ငံတကာ သံစဉ်သီချင်းများကို သီဆိုတတ်ရန်။<br><br>တေးသီချင်း၏ အဓိပ္ပာယ်ကို သိရှိပြီး ဟန်အမူအရာများ ပြုလုပ်ကာ Rhythm၊ အသံအနိမ့်အမြင့်၊ အသံအပြင်းအပျော့၊ အနှေးအမြန်၊ သာယာသော အသံထွက်တို့ကို သတိထား၍ သီဆိုတတ်ရန်။ |
| အကပညာ | မြန်မာ့အခြေခံ အက တွင် ကိုယ်ခန္ဓာအစိတ် အပိုင်းများလှုပ်ရှားမှုကို စနစ်တကျ သိရှိပြီး အခြေခံ ခေါင်းအက ကို က တတ်ရန်။ | မြန်မာ့အခြေခံ လက် အကကို စည်းဝါးကျန စွာ က ပြတတ်ရန်။ | မြန်မာ့အခြေခံအကကို စနစ်တကျနှင့် စည်းဝါး ကျကျ ပျော်ရွှင်စွာ က ပြတတ်ရန်။ | မြန်မာ့အခြေခံအကကို စနစ်တကျနှင့် စည်းဝါး ကျကျ ပျော်ရွှင်စွာ က ပြတတ်ရန်။ | မြန်မာ့အခြေခံ အက ကို နားလည်ခံစားပြီး ပျော်ရွှင်စွာ က ပြ တတ်ရန်။ |
| အတီးပညာ | ပလွေတူရိယာ ကို သိရှိစေရန်။<br><br>ဂီတသင်္ကေတ အသံ ထွက် (၇) မျိုးကို ရွတ်ဆိုပြီး ပလွေလက်ပေါက်၊ အသံအပြင်းအပျော့ နှင့် အသံထွက်မှန်ကန် စွာ ပလွေဖြင့် မှုတ်တတ်ရန်။ | ဂီတသင်္ကေတများ၏ အသံ အနိမ့်အမြင့်၊ အတို အရှည်ကို နားလည်သိရှိရန်။<br><br>ဒို ရေ မီ အသံ(၃) သံ ပါသော တေးကဗျာကို ပလွေဖြင့် မှုတ်တတ် ရန်။ | လွယ်ကူသော ဂီတ သင်္ကေတများကို သိရှိပြီး တီးမှုတ်တတ်ရန်။<br><br>ဒို ရေ မီ ဖာ ဆို အသံ(၅)သံ ပါသော တေးကဗျာကို ပလွေ ဖြင့် မှုတ်တတ်ရန်။ | တေးသီချင်းနှင့် ဗုံတီးခတ်သံကို နှုတ်ဖြင့် ရွတ်ဆိုပြီး ပလွေဖြင့် တွဲဖက်သီဆို တီးမှုတ်တတ်ရန်။<br><br>ဒို ရေ မီ ဖာ ဆို လာ တီ အသံ (၇) သံပါ သော တေးသီချင်းများ ကို ပလွေဖြင့်မှုတ်တတ် ပြီး မိတ်ဖက်သံစဉ် နှစ်ခုကို ထပ်၍ တီးမှုတ်တတ်ရန်။ | ရှေးတူရိယာ (၅)မျိုး၏ အမည်နှင့် ထူးခြားချက် များကို သိရှိရန် သီဆို တီးမှုတ်၊ ကခုန်ခြင်းကို စုပေါင်း၍ တင်ဆက် တတ်ရန်။<br><br>C Major၊ ဂီတသင်္ကေတ Note၊ ရပ်နားသင်္ကေတ စသည်တို့ကို ရေးတတ်ရန်။ |

**အတန်းလိုက် နယ်ပယ်နှင့် အကြောင်းအရာ**

| နယ်ပယ် | ပထမတန်း | ဒုတိယတန်း | တတိယတန်း | စတုတ္ထတန်း | ပဉ္စမတန်း |
|---|---|---|---|---|---|
| အဆိုပညာ | တေးဆိုငှက်တေးကဗျာ၏ အဓိပ္ပာယ်ကို သိရှိပြီး ဒို ရေ မီ သင်္ကေတ အသံအနိမ့်အမြင့်ကို လက်ဟန်ဖြင့်ဖော်ပြ၍ သီဆိုခြင်း၊ဟန်အမူအရာ ပြုလုပ်၍ သီဆိုခြင်း။<br><br>ပေါင်းစုညီညာ ဆိုကမယ် တေးသီချင်းကို ဟန်အမူအရာပြုလုပ်ပြီး အသံနေအသံထား မှန်ကန်စွာ သီဆိုခြင်း။ | ပန်းသည်တေးကဗျာ၏ အဓိပ္ပာယ်ကို သိရှိပြီး ဒို ရေ မီ သင်္ကေတ အသံအနိမ့်အမြင့်ကို လက်ဟန်ဖြင့်ဖော်ပြ၍ သီဆိုခြင်း၊ ဟန်အမူအရာ ပြုလုပ်၍ သီဆိုခြင်း။<br><br>မင်္ဂလာပါ တေးကဗျာကို Rhythmစည်းချက် မှန်ကန်စွာ သီဆိုခြင်း။ | တစ်ကိုယ်ရေ သန့်ရှင်းကျန်းမာခြင်းတေးကဗျာ၏ အဓိပ္ပာယ်ကို သိရှိနားလည်ကာ ဟန်အမူအရာ ပြုလုပ်ပြီး အသံနေ အသံထားမှန်ကန်စွာ ဖြင့် ခံစားသီဆိုခြင်း။<br><br>ချစ်စရာတောသူလေးနဲ့ ဝက်ဝံလေး တေးကဗျာကို အသံထပ်ဆင့်သီဆိုဟန်ဖြင့် သီဆိုခြင်း။ | ကျောင်းသွားကြမယ် တေးသီချင်း၏ အဓိပ္ပာယ်ကို သိရှိနားလည်ပြီး တေးသီချင်းနှင့် လိုက်ဖက်သော မှန်ကန်သာယာသည့် အသံဖြင့် သံစဉ်အမြန်နှုန်းကို သတိပြုကာ တေးကဗျာ၏ အနှစ်သာရကို ပေါ်လွင်အောင် ခံစားသီဆိုခြင်း။<br><br>တူးပို့ တူးပို့ တေးသီချင်းကို အနှစ်သာရ ပေါ်လွင်အောင် ခံစားသီဆိုခြင်း။ | လက်ပံပွင့်ကောက် တေးသီချင်း၏ အဓိပ္ပာယ်ကို သိရှိနားလည်ကာ အသံအပြင်းအပျော့၊ အနှေးအမြန်တို့ကို သတိပြု၍ မှန်ကန်သာယာသောအသံဖြင့် တေးသီချင်း၏ အနှစ်သာရကို ပေါ်လွင်အောင် ခံစားသီဆိုခြင်း။<br><br>တေးသီချင်းကို အနှစ်သာရ ပေါ်လွင်အောင်ခံစားသီဆိုခြင်း။ |
| အကပညာ | မြန်မာ့အခြေခံ အက၏ အဓိက ကျသော အချက်(၅)ချက် ဖြစ်သည့် ခေါင်း၊ ခါး၊ ခြေ၊ လက် နှင့် မျက်နှာဟန်တို့ကို လှုပ်ရှားပြီး ကခြင်း။<br><br>တေးကဗျာနှင့်အတူ အခြေခံ ခေါင်းအကကို ကခြင်း။ | အခြေခံ ကဗျာလွတ် မိတ်ဆက် လက်သင်တန်း (၅) ကွက် အပိုင်း(၁) ကို စည်းဝါးတကျ လက်လှုပ်ရှားပြီး ကခြင်း။<br><br>အခြေခံ ကဗျာလွတ် မိတ်ဆက် လက်သင်တန်း (၅) ကွက် အပိုင်း(၂) ကို စည်းဝါးတကျ လက်လှုပ်ရှားပြီး ကခြင်း။ | အခြေခံ ခွင်ပုံစံ ကို သိရှိပြီး စည်းဝါး (ခြေရှေ့ထိုး) အကကို စည်းဝါးတကျ ကခြင်း။<br><br>စည်းဝါး(ခြေနောက်ထိုး) အကကို စည်းဝါးတကျ ကခြင်း။ | ခြေရှေ့ထိုး အက ကို စည်းဝါးတကျ ညင်သာစွာ ခြေထောက်ကို ရွှေ့လျားပြီး ကခြင်း။<br><br>အရုပ်အတက်အဆင်း အကကို စည်းဝါးတကျ ညင်သာစွာ ခြေထောက်ကို ရွှေ့လျားပြီး ကခြင်း။ | အငြိမ့်ပြေး(နှစ်ဆင့်သွားအထ) အကကိုစည်းဝါးတကျ ခြေနှစ်ဆင့် ရွှေ့လျားပြီး က ခြင်း။<br><br>ထဘီနားဆွဲ အကကို ခြေထောက်၊ ပခုံး၊ ခါး နှင့် ခေါင်းတို့အား ပေါင်းစပ်၍ ကခြင်း။ |

DBE BOX

| | | | | | |
|---|---|---|---|---|---|
| အတီးပညာ | ၆ပေါက် ပလွေအသုံးပြုပုံ၊ အသံအတိုအရှည်၊ အနိမ့်အမြင့်၊ သံစဉ် လှေကား(စကေး)ကို သိရှိပြီး ပလွေဖြင့် ပျော်ရွှင်စွာ တီးမှုတ်ခြင်း။<br><br>အသံ ၇ သံ ၏ လက်ပေါက် အဖွင့် အပိတ်ကို သိရှိပြီး ပလွေဖြင့် မှုတ်ခြင်း။ | သံစဉ် လှေကားကို သိရှိပြီး အသံအနိမ့်အမြင့် ခွဲခြားခြင်းကို မှုတ်ခြင်း။<br><br>ညီညီလေးရဲ့ လ တေးကဗျာကို လက်ပေါက်မှန်မှန်ဖြင့် မှုတ်ခြင်း။ | အားလုံးလှ တေးသီချင်းကို Staccato သင်္ကေတ အား အသုံးပြု၍ လက်ပေါက်မှန်ကန်စွာ ဖြင့် တီးမှုတ်ခြင်း။<br><br>ငြိမ်းချမ်းတဲ့ မြန်မာပြည် တေးသီချင်းကို Slur သင်္ကေတ အသုံးပြု၍ လက်ပေါက်မှန်ကန် စွာဖြင့် တီးမှုတ်ခြင်း။ | ဗုံကြီးသံ တေးသီချင်းကို မြန်မာ့ရိုးရာ ဗုံ အသံထွက်ဖြင့် ရွတ်ဆိုကာ ပလွေဖြင့် တွဲဖက်၍ သီဆိုတီးမှုတ်ခြင်း။<br><br>မိဘမေတ္တာတေးသီချင်းကို လက်ပေါက်မှန်မှန် ဖြင့်အသံအပြင်းအပျော့ များထည့်သွင်းကာသံစဉ် (၂)ခုကို တစ်ထပ်တည်း ကျအောင်တီးမှုတ်ခြင်း။ | ပျော်သံ တေးသီချင်း အား မြန်မာ့ရိုးရာ တူရိယာကို အသုံးပြု၍ ဗုံ၊ ပလွေ တို့ဖြင့် တွဲစပ် ကာ သီဆိုတီးမှုတ်ခြင်း။<br><br>မြန်မာ့ကျောင်း တေးသီချင်း ၏ အနှစ်သာရကို ပေါ်လွင်စေရန် သီဆို တီးမှုတ်ခြင်း။<br><br>C Major၊ ဂီတသင်္ကေတ Note၊ ရပ်နားသင်္ကေတ စသည်တို့ကို ရေးခြင်း။ |

### ၃။ စတုတ္ထတန်းတွင် အထူးသင်ယူတတ်မြောက်စေလိုသော စွမ်းရည်၊ ကျွမ်းကျင်မှု

စတုတ္ထတန်းတွင် အထူးသင်ယူတတ်မြောက်စေလိုသော စွမ်းရည်၊ ကျွမ်းကျင်မှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**အဆိုပိုင်းဆိုင်ရာ စွမ်းရည်၊ ကျွမ်းကျင်မှု**

အခန်း ၁ ကျောင်းသွားကြမယ်

(၁) တေးစာသား၏ အဓိပ္ပာယ်ကို သိရှိနားလည်ပြီး၊ တေးသီချင်း၏ အနှစ်သာရ ပေါ်လွင်စေရန် ခံစားသီဆိုမည်။ (သီဆိုမှု အပိုင်း၏ တီထွင်ဖန်တီးမှု)

(၂) တေးသီချင်းအနှစ်သာရမှာ တေးစာသားအပြင် Phrase အစုအဖွဲ့ သံစဉ်တက်သွားခြင်း၊ ကျသွားခြင်းဖြင့် သီဆိုပုံပြောင်းလဲသွားခြင်းကို နားလည် သိရှိစေမည်။ (အသိပညာ)

(၃) တေးသီချင်းအနှစ်သာရကို သီဆိုဖော်ကျူးရာတွင် အသံအပြင်းအပျော့ သင်္ကေတများ၊ ဂီတသင်္ကေတများကို အသုံးပြု၍ ဖော်ပြပါသည်။ (ကျွမ်းကျင်မှု) (Mezzoforte, Forte, Tie, Slur)

အခန်း ၂ တူးပို့ တူးပို့

(၁) မြန်မာရိုးရာ တေးသီချင်းသံစဉ်ကို သီဆိုမည်။ (သီဆိုမှုအပိုင်း၏ တီထွင်ဖန်တီးမှု)

(၂) Ostinart ပုံစံအသံထွက်ရွတ်ဆိုပြီး တေးသီချင်းနှင့် ပေါင်းစပ်သီဆိုမှုကို နားလည်ခံစားမည်။ (ကျွမ်းကျင်မှု)

(၃) မြန်မာရိုးရာသံစဉ်ကို သီဆိုတီးမှုတ်ရန်အတွက် လိုအပ်သောဂီတသင်္ကေတကို အသုံးပြုပြီး သီဆိုမည်။ (အသိပညာ)
(Ritardando, Fermata)

DBE Box

| | | | | | |
|---|---|---|---|---|---|
| အတီးပညာ | ၆ပေါက် ပလွေအသုံးပြု ပုံ၊ အသံအတိုအရှည်၊ အနိမ့်အမြင့်၊ သံစဉ် လေ့ကား(စကေး)ကို သိရှိပြီး ပလွေဖြင့် ပျော်ရွှင်စွာ တီးမှုတ်ခြင်း။<br><br>အသံ ၇ သံ ၏ လက်ပေါက် အဖွင့် အပိတ်ကို သိရှိပြီး ပလွေဖြင့် မှုတ်ခြင်း။ | သံစဉ် လေ့ကားကို သိရှိပြီး အသံအနိမ့်အမြင့် ခွဲခြားခြင်းကို မှုတ်ခြင်း။<br><br>ညီညီလေးရဲ့ လ တေးကဗျာကို လက်ပေါက်မှန်မှန်ဖြင့် မှုတ်ခြင်း။ | အားလုံးလှ တေးသီချင်းကို Staccato သင်္ကေတ အား အသုံးပြု၍ လက်ပေါက်မှန်ကန်စွာ ဖြင့် တီးမှုတ်ခြင်း။<br><br>ငြိမ်းချမ်းတဲ့ မြန်မာပြည် တေးသီချင်းကို Slur သင်္ကေတ အသုံးပြု၍ လက်ပေါက်မှန်ကန် စွာဖြင့် တီးမှုတ်ခြင်း။ | ဗုံကြီးသံ တေးသီချင်း ကို မြန်မာ့ရိုးရာ ဗုံ အသံထွက်ဖြင့် ရွတ်ဆို ကာ ပလွေဖြင့် တွဲဖက် ၍ သီဆိုတီးမှုတ်ခြင်း။<br><br>မိဘမေတ္တာတေးသီချင်း ကို လက်ပေါက်မှန်မှန် ဖြင့်အသံအပြင်းအပျော့ များထည့်သွင်းကာသံစဉ် (၂)ခုကို တစ်ထပ်တည်း ကျအောင်တီးမှုတ်ခြင်း။ | ပျော်သံ တေးသီချင်း အား မြန်မာ့ရိုးရာ တူရိယာကို အသုံးပြု၍ ဗုံ၊ ပလွေ တို့ဖြင့် တွဲစပ် ကာ သီဆိုတီးမှုတ်ခြင်း။<br><br>မြန်မာ့ကျောင်း တေးသီချင်း ၏ အနှစ်သာရကို ပေါ်လွင်စေရန် သီဆို တီးမှုတ်ခြင်း။<br><br>C Major၊ ဂီတသင်္ကေတ Note၊ ရပ်နားသင်္ကေတ စသည်တို့ကို ရေးခြင်း။ |

### ၃။ စတုတ္ထတန်းတွင် အထူးသင်ယူတတ်မြောက်စေလိုသော စွမ်းရည်၊ ကျွမ်းကျင်မှု

စတုတ္ထတန်းတွင် အထူးသင်ယူတတ်မြောက်စေလိုသော စွမ်းရည်၊ ကျွမ်းကျင်မှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**အဆိုပိုင်းဆိုင်ရာ စွမ်းရည်၊ ကျွမ်းကျင်မှု**

အခန်း ၁ ကျောင်းသွားကြမယ်

(၁) တေးစာသား၏ အဓိပ္ပာယ်ကို သိရှိနားလည်ပြီး၊ တေးသီချင်း၏ အနှစ်သာရ ပေါ်လွင်စေရန် ခံစားသီဆိုမည်။ (သီဆိုမှု အပိုင်း၏ တီထွင်ဖန်တီးမှု)

(၂) တေးသီချင်းအနှစ်သာရမှာ တေးစာသားအပြင် Phrase အစုအဖွဲ့၊ သံစဉ်တက်သွားခြင်း၊ ကျသွားခြင်းဖြင့် သီဆိုပုံပြောင်းလဲသွားခြင်းကို နားလည် သိရှိစေမည်။ (အသိပညာ)

(၃) တေးသီချင်းအနှစ်သာရကို သီဆိုဖော်ကျူးရာတွင် အသံအပြင်းအပျော့ သင်္ကေတများ၊ ဂီတသင်္ကေတများကို အသုံးပြု၍ ဖော်ပြပါသည်။ (ကျွမ်းကျင်မှု) (Mezzoforte, Forte, Tie, Slur)

အခန်း ၂ တူးပို့ တူးပို့

(၁) မြန်မာရိုးရာ တေးသီချင်းသံစဉ်ကို သီဆိုမည်။ (သီဆိုမှုအပိုင်း၏ တီထွင်ဖန်တီးမှု)

(၂) Ostinart ပုံစံအသံထွက်ရွတ်ဆိုပြီး တေးသီချင်းနှင့် ပေါင်းစပ်သီဆိုမှုကို နားလည်ခံစားမည်။ (ကျွမ်းကျင်မှု)

(၃) မြန်မာရိုးရာသံစဉ်ကို သီဆိုတီးမှုတ်ရန်အတွက် လိုအပ်သောဂီတသင်္ကေတကို အသုံးပြုပြီး သီဆိုမည်။ (အသိပညာ) (Ritardando, Fermata)

**အကပိုင်းဆိုင်ရာ စွမ်းရည်၊ ကျွမ်းကျင်မှု**

အခန်း ၃ ခြေရှေ့ထိုးအက

(၁) ကကွက်လှုပ်ရှားမှုကို သေချာစွာ မှတ်သားမည်။ မှတ်သားထားသော အကများကို စည်းဝါးတကျ ကမည်။ (အသိပညာ၊ ကျွမ်းကျင်မှု)

(၂) သင်ယူပြီးသော အကများကို ပေါင်းစပ်ကာ အဖွဲ့လိုက်ဖန်တီး ကမည်။ (တေးသီချင်းနှင့် အကများတီထွင်ဖန်တီးမှု၊ ပူးပေါင်းကူညီမှု၊ လုပ်ဆောင်မှု)

အခန်း ၄ အရုပ်အတက်အဆင်းအက

(၁) ကကွက် လှုပ်ရှားမှု ကို သေချာစွာ မှတ်သားမည်။ မှတ်သားထားသော အကများကို စည်းဝါးတကျ ကမည်။ (အသိပညာ၊ ကျွမ်းကျင်မှု)

(၂) သင်ယူပြီးသော အကများကို ပေါင်းစပ်ကာ အဖွဲ့လိုက်ဖန်တီး ကမည်။ (တေးသီချင်းနှင့် အကများတီထွင်ဖန်တီးမှု၊ ပူးပေါင်းကူညီမှု၊ လုပ်ဆောင်မှု)

**အတီးပိုင်းဆိုင်ရာ စွမ်းရည်၊ ကျွမ်းကျင်မှု**

အခန်း ၅ ဗုံကြီးသံ

(၁) ဗုံကြီးတီးဝိုင်း၏ ဖွဲ့စည်းပုံနှင့် နောက်ခံခေတ်၊ သမိုင်းကို သိရှိနားလည်ပြီး မြန်မာ့ရိုးရာတေးသီချင်းကို သီဆိုမည်။ (အသိပညာ)

(၂) ဗုံအသံထွက် (Rhythm Pattern)ကို ရွတ်ဆိုနိုင်မည်။ (ကျွမ်းကျင်မှု)

(၃) ဗုံအသံထွက် (Rhythm Pattern)ကို မိမိတို့ပတ်ဝန်းကျင်ရှိ တီးခတ်နိုင်သောပစ္စည်းများဖြင့် ခံစားတီးခတ်မည်။ (ရေသန့်ဘူး၊ ကွန်ပါဘူး၊ တစ်ရှူးဘူး ဖြင့် ဗုံအသံများဖန်တီးမည်။) (တီထွင်ဖန်တီးမှု)

(၄) သီချင်း၊ ပလွေ၊ ဗုံအသံထွက်တို့ ပေါင်းစပ်တွဲဖက်ပြီး သီဆိုတီးမှုတ်မှုကို ခံစားဖန်တီးမည်။ (တီထွင်ဖန်တီးမှု)

အခန်း ၆ မိဘမေတ္တာ

(၁) တေးစာသား၊ Rhythm ရိုက်ချက်၊ သံစဉ်တို့မှ တေးသီချင်းအနှစ်သာရကို သိရှိနားလည်ပြီး သီဆိုမည်။ (အသိပညာ)

(၂) တေးသီချင်း အနှစ်သာရကို ဖော်ပြရန်အတွက် အသံအပြင်းအပျော့သင်္ကေတ၊ ဂီတသင်္ကေတတို့ကို အသုံးပြုပြီး သီဆိုဖော်ပြမည်။ (ကျွမ်းကျင်မှု) (Mezzopiano, Crescendo, Decrescendo)

(၃) Rhtyhm ရိုက်ချက်လိုင်း ၄ခုကိုကြည့်၍ တူညီသောအပိုင်းကို ရှာမည်။ (အသိပညာ၊ ကျွမ်းကျင်မှု)

(၄) တေးသံစဉ်မှာ တူညီသောသံစဉ်များ ထပ်ကျော့ခြင်း၊ ပြောင်းလဲခြင်းတို့ဖြင့် ရေးစပ်ထားကြောင်း နားလည်သိရှိမည်။ (အသိပညာ)

(၅) မိတ်ဖက်သံစဉ် ၂ခုကို တီးမှုတ်သီဆိုခြင်းဖြင့် မိတ်ဖက်အသံ ၂ခု၏ လိုက်ဖက်ညီပုံကို ခံစား၍ သီဆိုတီးမှုတ်မည်။ (တီထွင်ဖန်တီးမှု)

## ၄။ စတုတ္ထတန်းတွင် အသစ်ထပ်ပေါင်းပါဝင်သောကဏ္ဍ

စတုတ္ထတန်းတွင် အသစ်ထပ်ပေါင်းပါဝင်သောကဏ္ဍ မရှိပါ။

## ၅။ စတုတ္ထတန်းတွင် သင်ယူတတ်မြောက်စေလိုသော စွမ်းရည်၊ ကျွမ်းကျင်မှု ပျိုးထောင်ရန်အတွက် ထိရောက်သောသင်ကြားမှု

စတုတ္ထတန်း အနုပညာ(ဂီတ)ဘာသာရပ်တွင် နယ်ပယ် (၃)ခုပါဝင်ပါသည်။ ဆရာကနယ်ပယ်အလိုက် သင်ခန်းစာတစ်ခုချင်းစီကို ထိရောက်အောင်မြင်စွာ သင်ကြားပြသနိုင်ရန် အရေးကြီးသောအချက်အလက်များနှင့် သတိပြုရမည့်အချက်များကို ဤဆရာလမ်းညွှန်စာအုပ်တွင် စုစည်းတင်ပြထားပါသည်။ ဥပမာ- အောက်တွင် ရေးသားထားသကဲ့သို့ နမူနာသင်ကြားသင်ယူမှု ပုံစံပါရှိပါသည်။

DBE Box

**အကပိုင်းဆိုင်ရာ စွမ်းရည်၊ ကျွမ်းကျင်မှု**

အခန်း ၃ ခြေရှေ့ထိုးအက

(၁) ကကွက်လှုပ်ရှားမှုကို သေချာစွာ မှတ်သားမည်။ မှတ်သားထားသော အကများကို စည်းဝါးတကျ ကမည်။ (အသိပညာ၊ ကျွမ်းကျင်မှု)

(၂) သင်ယူပြီးသော အကများကို ပေါင်းစပ်ကာ အဖွဲ့လိုက်ဖန်တီး ကမည်။ (တေးသီချင်းနှင့် အကများတီထွင်ဖန်တီးမှု၊ ပူးပေါင်းကူညီမှု၊ လုပ်ဆောင်မှု)

အခန်း ၄ အရုပ်အတက်အဆင်းအက

(၁) ကကွက် လှုပ်ရှားမှု ကို သေချာစွာ မှတ်သားမည်။ မှတ်သားထားသော အကများကို စည်းဝါးတကျ ကမည်။ (အသိပညာ၊ ကျွမ်းကျင်မှု)

(၂) သင်ယူပြီးသော အကများကို ပေါင်းစပ်ကာ အဖွဲ့လိုက်ဖန်တီး ကမည်။ (တေးသီချင်းနှင့် အကများတီထွင်ဖန်တီးမှု၊ ပူးပေါင်းကူညီမှု၊ လုပ်ဆောင်မှု)

**အတီးပိုင်းဆိုင်ရာ စွမ်းရည်၊ ကျွမ်းကျင်မှု**

အခန်း ၅ ဗုံကြီးသံ

(၁) ဗုံကြီးတီးဝိုင်း၏ ဖွဲ့စည်းပုံနှင့် နောက်ခံခေတ်၊ သမိုင်းကို သိရှိနားလည်ပြီး မြန်မာ့ရိုးရာတေးသီချင်းကို သီဆိုမည်။ (အသိပညာ)

(၂) ဗုံအသံထွက် (Rhythm Pattern)ကို ရွတ်ဆိုနိုင်မည်။ (ကျွမ်းကျင်မှု)

(၃) ဗုံအသံထွက် (Rhythm Pattern)ကို မိမိတို့ပတ်ဝန်းကျင်ရှိ တီးခတ်နိုင်သောပစ္စည်းများဖြင့် ခံစားတီးခတ်မည်။ (ရေသန့်ဘူး၊ ကွန်ပါဘူး၊ တစ်ရှူးဘူး ဖြင့် ဗုံအသံများဖန်တီးမည်။) (တီထွင်ဖန်တီးမှု)

(၄) သီချင်း၊ ပလွေ၊ ဗုံအသံထွက်တို့ ပေါင်းစပ်တွဲဖက်ပြီး သီဆိုတီးမှုတ်မှုကို ခံစားဖန်တီးမည်။ (တီထွင်ဖန်တီးမှု)

အခန်း ၆ မိဘမေတ္တာ

(၁) တေးစာသား၊ Rhythm ရိုက်ချက်၊ သံစဉ်တို့မှ တေးသီချင်းအနှစ်သာရကို သိရှိနားလည်ပြီး သီဆိုမည်။ (အသိပညာ)

(၂) တေးသီချင်း အနှစ်သာရကို ဖော်ပြရန်အတွက် အသံအပြင်းအပျော့သင်္ကေတ၊ ဂီတသင်္ကေတတို့ကို အသုံးပြုပြီး သီဆိုဖော်ပြမည်။ (ကျွမ်းကျင်မှု) (Mezzopiano, Crescendo, Decrescendo)

(၃) Rhtyhm ရိုက်ချက်လိုင်း ၄ခုကိုကြည့်၍ တူညီသောအပိုင်းကို ရှာမည်။ (အသိပညာ၊ ကျွမ်းကျင်မှု)

(၄) တေးသံစဉ်မှာ တူညီသောသံစဉ်များ ထပ်ကျော့ခြင်း၊ ပြောင်းလဲခြင်းတို့ဖြင့် ရေးစပ်ထားကြောင်း နားလည်သိရှိမည်။ (အသိပညာ)

(၅) မိတ်ဖက်သံစဉ် ၂ခုကို တီးမှုတ်သီဆိုခြင်းဖြင့် မိတ်ဖက်အသံ ၂ခု၏ လိုက်ဖက်ညီပုံကို ခံစား၍ သီဆိုတီးမှုတ်မည်။ (တီထွင်ဖန်တီးမှု)

## ၄။ စတုတ္ထတန်းတွင် အသစ်ထပ်ပေါင်းပါဝင်သောကဏ္ဍ

စတုတ္ထတန်းတွင် အသစ်ထပ်ပေါင်းပါဝင်သောကဏ္ဍ မရှိပါ။

## ၅။ စတုတ္ထတန်းတွင် သင်ယူတတ်မြောက်စေလိုသော စွမ်းရည်၊ ကျွမ်းကျင်မှု ပျိုးထောင်ရန်အတွက် ထိရောက်သောသင်ကြားမှု

စတုတ္ထတန်း အနုပညာ(ဂီတ)ဘာသာရပ်တွင် နယ်ပယ် (၃)ခုပါဝင်ပါသည်။ ဆရာကနယ်ပယ်အလိုက် သင်ခန်းစာတစ်ခုချင်းစီကို ထိရောက်အောင်မြင်စွာ သင်ကြားပြသနိုင်ရန် အရေးကြီးသောအချက်အလက်များနှင့် သတိပြုရမည့်အချက်များကို ဤဆရာလမ်းညွှန်စာအုပ်တွင် စုစည်းတင်ပြထားပါသည်။ ဥပမာ- အောက်တွင် ရေးသားထားသကဲ့သို့ နမူနာသင်ကြားသင်ယူမှု ပုံစံပါရှိပါသည်။



DBE Box

**အကပိုင်းဆိုင်ရာ စွမ်းရည်၊ ကျွမ်းကျင်မှု**

အခန်း ၃ ခြေရှေ့ထိုးအက

(၁) ကကွက်လှုပ်ရှားမှုကို သေချာစွာ မှတ်သားမည်။ မှတ်သားထားသော အကများကို စည်းဝါးတကျ ကမည်။ (အသိပညာ၊ ကျွမ်းကျင်မှု)

(၂) သင်ယူပြီးသော အကများကို ပေါင်းစပ်ကာ အဖွဲ့လိုက်ဖန်တီး ကမည်။ (တေးသီချင်းနှင့် အကများတီထွင်ဖန်တီးမှု၊ ပူးပေါင်းကူညီမှု၊ လုပ်ဆောင်မှု)

အခန်း ၄ အရုပ်အတက်အဆင်းအက

(၁) ကကွက် လှုပ်ရှားမှု ကို သေချာစွာ မှတ်သားမည်။ မှတ်သားထားသော အကများကို စည်းဝါးတကျ ကမည်။ (အသိပညာ၊ ကျွမ်းကျင်မှု)

(၂) သင်ယူပြီးသော အကများကို ပေါင်းစပ်ကာ အဖွဲ့လိုက်ဖန်တီး ကမည်။ (တေးသီချင်းနှင့် အကများတီထွင်ဖန်တီးမှု၊ ပူးပေါင်းကူညီမှု၊ လုပ်ဆောင်မှု)

**အတီးပိုင်းဆိုင်ရာ စွမ်းရည်၊ ကျွမ်းကျင်မှု**

အခန်း ၅ ဗုံကြီးသံ

(၁) ဗုံကြီးတီးဝိုင်း၏ ဖွဲ့စည်းပုံနှင့် နောက်ခံခေတ်၊ သမိုင်းကို သိရှိနားလည်ပြီး မြန်မာ့ရိုးရာတေးသီချင်းကို သီဆိုမည်။ (အသိပညာ)

(၂) ဗုံအသံထွက် (Rhythm Pattern)ကို ရွတ်ဆိုနိုင်မည်။ (ကျွမ်းကျင်မှု)

(၃) ဗုံအသံထွက် (Rhythm Pattern)ကို မိမိတို့ပတ်ဝန်းကျင်ရှိ တီးခတ်နိုင်သောပစ္စည်းများဖြင့် ခံစားတီးခတ်မည်။ (ရေသန့်ဘူး၊ ကွန်ပါဘူး၊ တစ်ရှူးဘူး ဖြင့် ဗုံအသံများဖန်တီးမည်။) (တီထွင်ဖန်တီးမှု)

(၄) သီချင်း၊ ပလွေ၊ ဗုံအသံထွက်တို့ ပေါင်းစပ်တွဲဖက်ပြီး သီဆိုတီးမှုတ်မှုကို ခံစားဖန်တီးမည်။ (တီထွင်ဖန်တီးမှု)

အခန်း ၆ မိဘမေတ္တာ

(၁) တေးစာသား၊ Rhythm ရိုက်ချက်၊ သံစဉ်တို့မှ တေးသီချင်းအနှစ်သာရကို သိရှိနားလည်ပြီး သီဆိုမည်။ (အသိပညာ)

(၂) တေးသီချင်း အနှစ်သာရကို ဖော်ပြရန်အတွက် အသံအပြင်းအပျော့သင်္ကေတ၊ ဂီတသင်္ကေတတို့ကို အသုံးပြုပြီး သီဆိုဖော်ပြမည်။ (ကျွမ်းကျင်မှု) (Mezzopiano, Crescendo, Decrescendo)

(၃) Rhtyhm ရိုက်ချက်လိုင်း ၄ခုကိုကြည့်၍ တူညီသောအပိုင်းကို ရှာမည်။ (အသိပညာ၊ ကျွမ်းကျင်မှု)

(၄) တေးသံစဉ်မှာ တူညီသောသံစဉ်များ ထပ်ကျော့ခြင်း၊ ပြောင်းလဲခြင်းတို့ဖြင့် ရေးစပ်ထားကြောင်း နားလည်သိရှိမည်။ (အသိပညာ)

(၅) မိတ်ဖက်သံစဉ် ၂ခုကို တီးမှုတ်သီဆိုခြင်းဖြင့် မိတ်ဖက်အသံ ၂ခု၏ လိုက်ဖက်ညီပုံကို ခံစား၍ သီဆိုတီးမှုတ်မည်။ (တီထွင်ဖန်တီးမှု)

## ၄။ စတုတ္ထတန်းတွင် အသစ်ထပ်ပေါင်းပါဝင်သောကဏ္ဍ

စတုတ္ထတန်းတွင် အသစ်ထပ်ပေါင်းပါဝင်သောကဏ္ဍ မရှိပါ။

## ၅။ စတုတ္ထတန်းတွင် သင်ယူတတ်မြောက်စေလိုသော စွမ်းရည်၊ ကျွမ်းကျင်မှု ပျိုးထောင်ရန်အတွက် ထိရောက်သောသင်ကြားမှု

စတုတ္ထတန်း အနုပညာ(ဂီတ)ဘာသာရပ်တွင် နယ်ပယ် (၃)ခုပါဝင်ပါသည်။ ဆရာကနယ်ပယ်အလိုက် သင်ခန်းစာတစ်ခုချင်းစီကို ထိရောက်အောင်မြင်စွာ သင်ကြားပြသနိုင်ရန် အရေးကြီးသောအချက်အလက်များနှင့် သတိပြုရမည့်အချက်များကို ဤဆရာလမ်းညွှန်စာအုပ်တွင် စုစည်းတင်ပြထားပါသည်။ ဥပမာ- အောက်တွင် ရေးသားထားသကဲ့သို့ နမူနာသင်ကြားသင်ယူမှု ပုံစံပါရှိပါသည်။

DBE Box

**နမူနာ ၁ အတီးပညာရပ် သင်ကြားသင်ယူမှုပုံစံ**

ပလွေကို နှစ်ယောက်တစ်တွဲ အပြန်အလှန် မှုတ်စေပါမည် ➔ Phrase အလိုက် တစ်လှည့်စီ မှုတ်စေပါမည် ➔ အဖွဲ့လိုက် စုပေါင်းသီဆိုတီးမှုတ်စေပါမည် ➔ အတန်းရှိကလေးများကို ၂ဖွဲ့မှ ၄ဖွဲ့အထိခွဲပြီး အဖွဲ့အလိုက် သီဆိုတီးမှုတ်စေပါမည် ➔ Phrase တစ်ခုစီ အစဉ်လိုက်မှုတ်ပြီး လက်ဆင့်ကမ်း သီဆိုတီးမှုတ်စေပါမည် ➔ အဆို၊ စည်းဝါး ၊ ဗုံ၊ Rhythm ရိုက်ချက်စသည်တို့ကို အတူတကွ စုပေါင်းသီဆိုတီးမှုတ်စေပါမည်။

**နမူနာ ၂ မြန်မာရိုးရာတေးဂီတကို သင်ကြားသင်ယူမှုအဆင့်**

ဗုံတီးခတ်သံ နားထောင်စေပါမည် ➔ ဗုံအသံထွက် Rhythm ကို ပါးစပ်ဖြင့် ရွတ်ဆိုစေပါမည် ➔ ဗုံအသံထွက်ကို ပါးစပ်ဖြင့် ရွတ်ဆိုခြင်း၊ အရာဝတ္ထုများကို တီးခတ်ခြင်းတို့ကို ပေါင်းစပ်ပြုလုပ်စေပါမည် ➔ သီချင်းစာသားဆိုခြင်း၊ ဗုံအသံထွက်ကို ရွတ်ဆို၍ တီးခြင်းတို့ကို ပေါင်းစပ်ပြုလုပ်ကာ သီဆိုတီးခတ်စေပါမည်။

ဆရာများအနေဖြင့် အနုပညာ(ဂီတ)ဘာသာရပ်ကို သင်ကြားရာတွင် ထိရောက်မှုရှိစေရန်အတွက် သင်ခန်းစာမသင်မီ သင်ခန်းစာအလိုက် ပြုစုထားသည့် ဆရာလမ်းညွှန်စာအုပ်ပါ အကြောင်းအရာများကို အသေးစိတ်ဖတ်ရှု၍ ကြိုတင်ပြင်ဆင်ထားရန် လိုအပ်ပါသည်။

နိဒါန်းပိုင်းကို ကလေးများ၏ လေ့လာသင်ယူလိုစိတ် ပိုမိုဖြစ်ထွန်းလာစေရန် ကောင်းမွန်စွာ ပြင်ဆင်ထားရပါမည်။ သို့မှသာ သင်ကြားပြသရာတွင် ကလေးများ၏စိတ်ဝင်စားမှုကို ကောင်းစွာရရှိနိုင်ပြီး သင်ခန်းစာကိုလည်း ထိရောက်အောင်မြင်စွာ သင်ကြားနိုင်ရန် အစပျိုးနိုင်မည်ဖြစ်ပါသည်။ နိဒါန်းပိုင်းမှာ အချိန် (၅)မိနစ်မှ (၇)မိနစ်ခန့်သုံးသင့်ပါသည်။

သင်ကြားမှုသင်ယူမှုလုပ်ငန်းစဉ်သည် သင်ခန်းစာတစ်ခုလုံး၏အရေးကြီးသော အစိတ်အပိုင်းဖြစ်ပါသည်။ ဆရာသည် သင်ကြားမည့် အကြောင်းအရာများကို ပိုမိုကောင်းမွန်စွာ သင်ယူတတ်မြောက်စေရန်အတွက် ကလေးများအား မည်ကဲ့သို့သရုပ်ဖော် သီဆိုကပြမည်ကို စဉ်းစားစေခြင်း၊ ကလေးအချင်းချင်း အပြန်အလှန်ဆွေးနွေးစေခြင်းတို့ ပြုလုပ်စေခြင်းမှာ အရေးကြီးပါသည်။ အကယ်၍ စာသင်ခန်းအတွင်း အများနှင့်မတူ စဉ်းစားတွေးခေါ်တတ်သော၊ တင်ဆက်ပြသတတ်သော ကလေးများရှိခဲ့ပါက ထိုကလေးများ၏ တွေးခေါ်မှုနှင့် တင်ဆက်ပြသမှုများကို အခြားကလေးများအား လေ့လာစေပါမည်။ ဆရာများအနေဖြင့် ကလေးအချင်းချင်း ပူးပေါင်းဆောင်ရွက်ကာ လေ့လာသင်ယူခြင်းကို အားပေးသင်ကြားခြင်းမှာလည်း အရေးကြီးပါသည်။ တစ်ဖန် စတုတ္ထတန်းမှစ၍ အသစ်ပါဝင်လာသော အဆိုနှင့် ပလွေသီဆိုတီးမှုတ်ခြင်း စွမ်းရည်များလိုအပ်ပါသည်။ ထို့အတွက် သီဆိုတီးမှုတ်ပုံကို သင်ယူတတ်မြောက်နိုင်ရန်အတွက် လေ့ကျင့်ချိန်များ သတ်မှတ်ထားရန်မှာ ပို၍ အရေးကြီးလာပါသည်။

စာသင်ချိန်တစ်ချိန် ပြီးဆုံးသွားသည့်အချိန်တိုင်း ကလေးများသည် ပြန်လည်သုံးသပ်သည့်အနေဖြင့် လေ့လာသင်ယူခဲ့သော အကြောင်းအရာများကို အဖွဲ့လိုက်သော်လည်းကောင်း စုပေါင်း၍သော်လည်းကောင်း၊ ဆောင်ရွက်ရသည့်လုပ်ငန်းများဖြင့် သင်ခန်းစာကို နိဂုံးချုပ်ထားပါသည်။ သင်ခန်းစာတစ်ခန်းချင်းစီကို ထိရောက်စွာ သင်ကြားနိုင်ရန်အတွက် အသေးစိတ်အချက်များမှာ သင်ကြားသင်ယူမှု အစီအစဉ်နှင့် ဆရာလမ်းညွှန်စာအုပ်တွင် ရေးသားဖော်ပြထားပါသည်။ ဆရာများအနေဖြင့် သင်ခန်းစာ လေ့ကျင့်သင်ကြားရာတွင် ဆရာလမ်းညွှန်စာအုပ်၌ ထည့်သွင်းရေးသားထားသော လုပ်ငန်းများအပြင် ပိုမိုကောင်းမွန်သည့် အကြံဉာဏ်များရှိပါက ယင်းအကြံဉာဏ်များကိုပါ ထည့်သွင်း၍ လေ့ကျင့်သင်ကြားပေးနိုင်ပါသည်။

ကျောင်းသားကိုင်စာအုပ်၏ ဆက်လက်လေ့ကျင့်ရန် သီချင်းများကို အောက်ပါရည်ရွယ်ချက် (၃)ခုဖြင့် ထည့်သွင်းဖော်ပြထားပါသည်။

- အသစ်ပါသော ဂီတသင်္ကေတအသုံးအနှုန်းများကို ဆက်လက်လေ့ကျင့်ပြီး ပိုမိုကျွမ်းကျင်စေရန်အတွက် ကိုးကားလေ့ကျင့်ရန်သီချင်း။
- သင်ခန်းစာများသင်ယူရာတွင် သတ်မှတ်အချိန်ထက် ပိုမိုစောလျင်စွာ ကလေးများတတ်မြောက်ခဲ့ပါက အဆင့်တိုးမြှင့် လေ့ကျင့်နိုင်ရန်အတွက် ဆက်လက်လေ့ကျင့်ရန်သီချင်း။
- ကျောင်းသားကိုင်စာအုပ်ပါ သင်ခန်းစာများဖြင့် သင်ယူရာတွင် အခက်အခဲရှိသော ကလေးများအတွက် လွယ်ကူသော သီချင်းများဖြင့် အခြေခံကို လေ့လာသင်ယူနိုင်ရန်အတွက် ဖြည့်စွက်လေ့ကျင့်ရန်သီချင်း။

စတုတ္ထတန်းကျောင်းသားကိုင်စာအုပ်တွင် ဆက်လက်လေ့ကျင့်ရန်အတွက် အောက်ပါသီချင်းများကို ထည့်သွင်းဖော်ပြထားပါသည်။ ဆရာသည် ကျောင်းသားများ၏ အခြေအနေပေါ်မူတည်၍ အောက်ပါသီချင်းများကို အသုံးပြုသင်ကြားနိုင်ပါသည်။

(၁) ပုပွါးတောင် - Forte ၊ Mezzoforte တို့ကို ပလွေဖြင့် ပိုမိုကျွမ်းကျင်စွာ မှုတ်တတ်ရန်။ (ဆက်လက်လေ့ကျင့်ရန်သီချင်း)

(၂) ဖိတ်ခေါ်တယ် - မိတ်ဖက်သံစဉ် နှစ်ခုကို ပလွေဖြင့် တီးမှုတ်ခြင်းကို ပိုမိုကျွမ်းကျင်စေရန်။ (ဆက်လက်လေ့ကျင့်ရန်သီချင်း)

DBE BOX

(၃) တို့တာဝန် - ပလွေတီးမှုတ်ခြင်းကို ပိုမိုကျွမ်းကျင်စေရန်။ (အဆင့်တိုးမြှင့်လေ့ကျင့်ပေးရန်)

(၄) စောစောအိပ်မယ် - တေးသီချင်းသီဆိုခြင်းနှင့် ပလွေမှုတ်ခြင်းကို ပိုမိုကျွမ်းကျင်စေရန်။ (ဖြည့်စွက်လေ့ကျင့်ပေးရန်)

## ၆။ သင်ကြားရာတွင် သတိပြုရမည့်အချက်များ

**အဆိုပညာ**

- တေးစာသား၊ Rhythm ရိုက်ချက်၊ Phrase အစုအဖွဲ့မှ တေးသီချင်းအနှစ်သာရကို နားလည်သိရှိစေပါမည်။
- မြန်မာ့ရိုးရာကျေးလက် တေးသီချင်းများကို မြန်မာ့ရိုးရာသီချင်းနှင့် လိုက်ဖက်မည့်သီဆိုဟန်ဖြင့် သီဆိုစေပါမည်။
- စတင်သီဆိုသည့် အသံကိုပလွေဖြင့် မှုတ်ပြီး အသံတည်စေပါမည်။
- ကျောင်းသုံးစာအုပ်တွင် Tempo (သံစဉ်အနှေးအမြန်သင်္ကေတ) သတ်မှတ်ချက်ပါရှိသော်လည်း အခြေခံကိုးကားရန်အတွက်သာဖြစ်ပြီး ကလေးများ တီထွင်ဖန်တီးသီဆိုရာတွင် ပြောင်းလဲသီဆိုနိုင်ပါသည်။
- ကလေးများသီဆိုသည့် အသံနေအသံထား လွဲနေလျှင် ဆရာက ကလေးများနှင့်အတူ သီဆိုပြီး အသံနေအသံထားမှန်စေရန် ပံ့ပိုးကူညီပေးရပါမည်။

**အကပညာ**

- ကလေးများ စိတ်ပါဝင်စားမှု ရှိစေရန် သတိပြု၍ စည်းဝါးတကျ က စေပါမည်။
- အကများ ပေါင်းစပ်ကချိန်တွင် ကျား၊ မ မခွဲခြားပဲ အဖွဲ့လိုက်ညီညွတ်စွာ တိုင်ပင်ဆွေးနွေးစေပါမည်။

**အတီးပညာ(ပလွေ)**

- ပလွေမှုတ်သည့် လေအားအရှိန်ကို ထိန်းချုပ်ပြီး အသံကျယ်လောင်စူးရှစွာ အားပြင်းပြင်း မမှုတ်စေရပါ။
- လျှာကို အသုံးပြု၍ မှုတ်ခြင်း၊ Slur ၊ Tie တို့ တီးမှုတ်ပုံကို ဆရာက နမူနာမှုတ်ပြပြီး နားလည်သိရှိစေပါမည်။
- ပလွေအသုံးပြုပြီးလျှင် သန့်ရှင်းမှုရှိစေရန် အဝတ်စဖြင့် မပျက်မကွက် သုတ်စေပါမည်။
- ပလွေမရှိသော ကျောင်းများတွင် ဆရာက ပလွေဖြင့် မှုတ်ပြ၍ သင်္ကေတကို စည်းချက်ညီအောင် သီဆိုစေပါမည်။
- လက်ပေါက်အဖွင့်အပိတ် လေ့ကျင့်ရန်အတွက်မှာ ကတ်ထူစက္ကူ စသည်တို့ကို လိပ်၍ အပေါက်နေရာများတွင် ဆေးရေးခြယ်ကာ ဆရာမှုတ်ပြသော လက်ပေါက်အဖွင့်အပိတ်အတိုင်း ဒို ရေ မီ အသံထွက်ကို ပါးစပ်မှ ရွတ်ဆိုကာ လေ့ကျင့်စေပါမည်။
- မိမိပတ်ဝန်းကျင်ရှိ အရာဝတ္ထုများကို အသုံးပြု၍ Rhythm ပုံစံ ပုံအသံထွက်ကို လေ့ကျင့်ချိန်တွင် ဟိန်းသောအသံထွက်သည့်အရာများ၊ မတူညီသော အသံထွက်သည့် အရာများကို ရှာဖွေ၍ တီးမှုတ်သီဆိုစေပါမည်။

**ပူးပေါင်းဆောင်ရွက်မှု**

စတုတ္ထတန်းကျောင်းသားအရွယ်သည် အဖွဲ့လိုက် လုပ်ဆောင်ခြင်း၏ ပျော်ရွှင်ဖွယ်ကောင်းမှုကို ခံစားသိရှိသည့် အရွယ်ဖြစ်ပြီး အဖွဲ့လိုက်လှုပ်ရှားမှုများမှာ အလွန်ပင်တက်ကြွမှုရှိတတ်ပါသည်။ အဖွဲ့လိုက်တီထွင်ဖန်တီး၍ သီဆိုတီးမှုတ်မှုကို တက်ကြွမှုရှိစေရန်အတွက် မည်သည့်အရာကို တီထွင်ဖန်တီးပြီး သီဆိုတီးမှုတ်မည်ဆိုသည့် အမြင်ကို ထင်ရှားပြတ်သားစွာ ထားရှိရပါမည်။

**သင်ကြားရန်အတွက် အရေးကြီးသည့်အချက်များ**

ဆရာက သေချာစွာ သင်ကြားပေးရမည့် အချိန်၊ ကလေးများ စဉ်းစားမည့် အချိန်၊ လေ့ကျင့်မည့် အချိန်တို့ကို စီစဉ်ထားရှိပြီး ထိုစာသင်ချိန်တွင် မည်သည့်အကြောင်းအရာ သင်ကြားမည်ကို ထင်ရှားပြတ်သားစွာ ထားရှိမည်။ (သင်ကြားသင်ယူမှု လုပ်ငန်းစဉ်အစီအစဉ်များ)

DBE Box

(၃) တို့တာဝန် - ပလွေတီးမှုတ်ခြင်းကို ပိုမိုကျွမ်းကျင်စေရန်။ (အဆင့်တိုးမြှင့်လေ့ကျင့်ပေးရန်)

(၄) စောစောအိပ်မယ် - တေးသီချင်းသီဆိုခြင်းနှင့် ပလွေမှုတ်ခြင်းကို ပိုမိုကျွမ်းကျင်စေရန်။ (ဖြည့်စွက်လေ့ကျင့်ပေးရန်)

## ၆။ သင်ကြားရာတွင် သတိပြုရမည့်အချက်များ

**အဆိုပညာ**

- တေးစာသား၊ Rhythm ရိုက်ချက်၊ Phrase အစုအဖွဲ့မှ တေးသီချင်းအနှစ်သာရကို နားလည်သိရှိစေပါမည်။
- မြန်မာ့ရိုးရာကျေးလက် တေးသီချင်းများကို မြန်မာ့ရိုးရာသီချင်းနှင့် လိုက်ဖက်မည့်သီဆိုဟန်ဖြင့် သီဆိုစေပါမည်။
- စတင်သီဆိုသည့် အသံကိုပလွေဖြင့် မှုတ်ပြီး အသံတည်စေပါမည်။
- ကျောင်းသုံးစာအုပ်တွင် Tempo (သံစဉ်အနှေးအမြန်သင်္ကေတ) သတ်မှတ်ချက်ပါရှိသော်လည်း အခြေခံကိုးကားရန်အတွက်သာဖြစ်ပြီး ကလေးများ တီထွင်ဖန်တီးသီဆိုရာတွင် ပြောင်းလဲသီဆိုနိုင်ပါသည်။
- ကလေးများသီဆိုသည့် အသံနေအသံထား လွဲနေလျှင် ဆရာက ကလေးများနှင့်အတူ သီဆိုပြီး အသံနေအသံထားမှန်စေရန် ပံ့ပိုးကူညီပေးရပါမည်။

**အကပညာ**

- ကလေးများ စိတ်ပါဝင်စားမှု ရှိစေရန် သတိပြု၍ စည်းဝါးတကျ က စေပါမည်။
- အကများ ပေါင်းစပ်ကချိန်တွင် ကျား၊ မ မခွဲခြားပဲ အဖွဲ့လိုက်ညီညွတ်စွာ တိုင်ပင်ဆွေးနွေးစေပါမည်။

**အတီးပညာ(ပလွေ)**

- ပလွေမှုတ်သည့် လေအားအရှိန်ကို ထိန်းချုပ်ပြီး အသံကျယ်လောင်စူးရှစွာ အားပြင်းပြင်း မမှုတ်စေရပါ။
- လျှာကို အသုံးပြု၍ မှုတ်ခြင်း၊ Slur ၊ Tie တို့ တီးမှုတ်ပုံကို ဆရာက နမူနာမှုတ်ပြပြီး နားလည်သိရှိစေပါမည်။
- ပလွေအသုံးပြုပြီးလျှင် သန့်ရှင်းမှုရှိစေရန် အဝတ်စဖြင့် မပျက်မကွက် သုတ်စေပါမည်။
- ပလွေမရှိသော ကျောင်းများတွင် ဆရာက ပလွေဖြင့် မှုတ်ပြ၍ သင်္ကေတကို စည်းချက်ညီအောင် သီဆိုစေပါမည်။
- လက်ပေါက်အဖွင့်အပိတ် လေ့ကျင့်ရန်အတွက်မှာ ကတ်ထူစက္ကူ စသည်တို့ကို လိပ်၍ အပေါက်နေရာများတွင် ဆေးရေးခြယ်ကာ ဆရာမှုတ်ပြသော လက်ပေါက်အဖွင့်အပိတ်အတိုင်း ဒို ရေ မီ အသံထွက်ကို ပါးစပ်မှ ရွတ်ဆိုကာ လေ့ကျင့်စေပါမည်။
- မိမိပတ်ဝန်းကျင်ရှိ အရာဝတ္ထုများကို အသုံးပြု၍ Rhythm ပုံစံ ပုံအသံထွက်ကို လေ့ကျင့်ချိန်တွင် ဟိန်းသောအသံထွက်သည့်အရာများ၊ မတူညီသော အသံထွက်သည့် အရာများကို ရှာဖွေ၍ တီးမှုတ်သီဆိုစေပါမည်။

**ပူးပေါင်းဆောင်ရွက်မှု**

စတုတ္ထတန်းကျောင်းသားအရွယ်သည် အဖွဲ့လိုက် လုပ်ဆောင်ခြင်း၏ ပျော်ရွှင်ဖွယ်ကောင်းမှုကို ခံစားသိရှိသည့် အရွယ်ဖြစ်ပြီး အဖွဲ့လိုက်လှုပ်ရှားမှုများမှာ အလွန်ပင်တက်ကြွမှုရှိတတ်ပါသည်။ အဖွဲ့လိုက်တီထွင်ဖန်တီး၍ သီဆိုတီးမှုတ်မှုကို တက်ကြွမှုရှိစေရန်အတွက် မည်သည့်အရာကို တီထွင်ဖန်တီးပြီး သီဆိုတီးမှုတ်မည်ဆိုသည့် အမြင်ကို ထင်ရှားပြတ်သားစွာ ထားရှိရပါမည်။

**သင်ကြားရန်အတွက် အရေးကြီးသည့်အချက်များ**

ဆရာက သေချာစွာ သင်ကြားပေးရမည့် အချိန်၊ ကလေးများ စဉ်းစားမည့် အချိန်၊ လေ့ကျင့်မည့် အချိန်တို့ကို စီစဉ်ထားရှိပြီး ထိုစာသင်ချိန်တွင် မည်သည့်အကြောင်းအရာ သင်ကြားမည်ကို ထင်ရှားပြတ်သားစွာ ထားရှိမည်။ (သင်ကြားသင်ယူမှု လုပ်ငန်းစဉ်အစီအစဉ်များ)

DBE Box

## ၇။ စတုတ္ထတန်း၏ စစ်ဆေးအကဲဖြတ်ခြင်းနှင့် စပ်လျဉ်း၍ သတိပြုရမည့်အချက်များ

စစ်ဆေးအကဲဖြတ်ခြင်းဆိုသည်မှာ စာသင်ချိန်အတွင်း ကလေးများ မည်မျှတတ်မြောက်မှုရှိသည်၊ မည်သည့်နေရာများ၌ လိုအပ်နေသည်ကို သိရှိစေရန် စစ်ဆေးအကဲဖြတ်ခြင်း ဖြစ်သည်။ ကလေးများ ပိုမိုကောင်းမွန်စွာ လေ့လာသင်ယူနိုင်စေရန်အတွက် အရေးကြီးသောလုပ်ငန်းစဉ်တစ်ခုလည်း ဖြစ်ပါသည်။

စစ်ဆေးအကဲဖြတ်ခြင်းကို စာသင်ချိန်မတိုင်မီ၊ စာသင်ချိန်အတွင်း၊ စာသင်ချိန် ပြီးဆုံးချိန် စသည့်အချိန်များတွင် ပုံစံအမျိုးမျိုးဖြင့် ပြုလုပ်ကြသည်။ စစ်ဆေးအကဲဖြတ်ခြင်းဖြင့် ဆရာက သင်ခန်းစာတစ်ခုအား မည်မျှပေါက်မြောက်အောင် သင်ကြားပေးနိုင်သည်ကို သိရှိနိုင်သကဲ့သို့ ကလေးများအနေဖြင့်လည်း မည်မျှလေ့လာသင်ယူရရှိနိုင်သည်ကို သိရှိနိုင်ပါသည်။ စစ်ဆေးအကဲဖြတ်ခြင်းဖြင့် သင်ခန်းစာ၏ ရည်ရွယ်ချက်ပေါက်မြောက်မှု ရှိ မရှိကို သိရှိနိုင်ပါသည်။ စစ်ဆေးအကဲဖြတ်ခြင်း၏ ရလဒ်အပေါ် မူတည်၍ ဆရာက သင်ကြားမှုပုံစံနှင့် သင်ကြားနည်းများပြောင်းလဲခြင်း၊ ကလေးများအား ပံ့ပိုးကူညီခြင်းတို့ဖြင့် ပိုမိုကောင်းမွန်သော လေ့လာသင်ယူမှုကို ဖြစ်စေပါသည်။

အနုပညာ(ဂီတ)ဘာသာရပ်တွင် စိတ်ပါဝင်စားမှု၊ သင်ယူလိုမှု၊ အပြုအမူ၊ အသိပညာ၊ ကျွမ်းကျင်မှု၊ တီထွင်ဖန်တီးနိုင်မှု စသည်တို့ကို စစ်ဆေးအကဲဖြတ်ရပါမည်။

(၁) စိတ်ပါဝင်စားမှုကို စစ်ဆေးအကဲဖြတ်ရာတွင် ဂီတသင်ခန်းစာများကို ကလေးများအနေဖြင့် လေ့လာသင်ယူလိုစိတ်နှင့် စိတ်ဝင်စားမှု မည်မျှရှိပြီး လေ့လာသင်ယူနေသည်ကို စစ်ဆေးအကဲဖြတ်ခြင်းဖြစ်ပါသည်။

(၂) တီထွင်ဖန်တီးသရုပ်ဖော်နိုင်မှုကို စစ်ဆေးအကဲဖြတ်ရာတွင် မည်ကဲ့သို့ သရုပ်ဖော်သီဆိုတီးမှုတ် ကပြမည်တို့ကို စဉ်းစားပြီး နည်းလမ်းများ တီထွင်ကာ လုပ်ပသောအနုပညာဂီတကို တီထွင်ဖန်တီးရန် ကြိုးစားမှု ရှိ မရှိ အကဲဖြတ်ခြင်းဖြစ်ပါသည်။

(၃) အသိပညာ၊ ကျွမ်းကျင်မှုကို စစ်ဆေးအကဲဖြတ်ရာတွင် အဆို၊ အက၊ အတီးဆိုင်ရာအရေးပါသော အသိပညာများနှင့် အနုပညာစွမ်းရည်များ မည်မျှရရှိသည်ကို အကဲဖြတ်ခြင်းဖြစ်ပါသည်။

အထက်ပါ စစ်ဆေးအကဲဖြတ်မှုများကို ပြုလုပ်ချိန်တွင် အခန်းတစ်ခုချင်းစီ၏ သင်ယူမှုဦးတည်ချက်ကို အခြေခံ၍ ကလေးများလုပ်ဆောင်နိုင်မှု အခြေအနေကို အကဲဖြတ်ထားသည့် စစ်ဆေးအကဲဖြတ်ချက်ကို ကိုးကားနိုင်ပါသည်။ စစ်ဆေးအကဲဖြတ်ချက်အတွက်အသုံးပြုရမည့် အခြေခံစံနှုန်းမှာ အလွန်ကောင်း(A)၊ ကောင်း(S)၊ ထပ်မံကြိုးစားရန်လို(E) အဆင့်သုံးဆင့်ဖြင့် စစ်ဆေးအကဲဖြတ်ရပါမည်။ စစ်ဆေးအကဲဖြတ်မှု အခြေခံစံနှုန်းနမူနာပုံစံကိုလည်း အောက်တွင် ဖော်ပြထားပါသည်။ စတုတ္ထတန်းမှာ တတိယတန်းထက်ပို၍ အသံအနိမ့်အမြင့် သင်္ကေတ၊ ရပ်နားသင်္ကေတ၊ ဂီတသင်္ကေတ စသဖြင့် သင်ကြားရမည့် အကြောင်းအရာများ တိုးလာသည့်အတွက် ထိုသင်္ကေတတို့၏ အသိပညာ၊ ကျွမ်းကျင်မှုနှင့် စပ်လျဉ်း၍ မူလတေးသီချင်းသီဆိုတီးမှုတ်ခြင်းမှတစ်ဆင့် ပိုမိုသိရှိတတ်မြောက်စေရပါမည်။ တစ်ဖန် ထပ်မံကြိုးစားရန်လို (E)အဆင့်ရသော ကလေးများအတွက် မည်သည့်နေရာတွင် အခက်အခဲရှိနေသည်ကို သေချာစွာ စိစစ်ပြီး သင်ကြားသင်ယူမှုပုံစံ ပြုပြင်မွမ်းမံရာတွင် ထည့်သွင်းစဉ်းစားရပါမည်။ ထို့အပြင် မိဘအုပ်ထိန်းသူများကို ရှင်းပြမည့် ပညာရည်တိုးတက်မှု မှတ်တမ်းတွင်လည်း စစ်ဆေးအကဲဖြတ်ထားသည့် အကဲဖြတ်ချက်များကို စုစည်းထားသင့်ပါသည်။

သင်ကြားသင်ယူခဲ့သော အကြောင်းအရာများကို မှတ်မိခြင်း၊ နားလည်ခြင်းနှင့် အသုံးချခြင်းတို့ကို စစ်ဆေးအကဲဖြတ်သော နမူနာမေးခွန်းပုံစံများကိုလည်း နမူနာမေးခွန်းပုံစံများတွင် ထည့်သွင်းဖော်ပြထားပါသည်။ ဆရာ၊ ဆရာမများသည် သင်ခန်းစာအဆုံး စသည်တို့တွင် ကလေးများ၏ အသိပညာ၊ ကျွမ်းကျင်မှုတို့ကို စစ်ဆေးအကဲဖြတ်ရာတွင် အသုံးချနိုင်ပါသည်။ အသေးစိတ်ကို နမူနာမေးခွန်းစာအုပ်တွင် ကိုးကားကြည့်ရှုနိုင်ပါသည်။ အသေးစိတ်ကို မူလတန်းအဆင့် စာသင်ခန်းတွင်း စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ ရည်ညွှန်းစာအုပ်ကို ကိုးကားကြည့်ရှုနိုင်ပါသည်။

DBE BOX

**မေးခွန်းပုံစံဖြင့် စစ်ဆေးအကဲဖြတ်ခြင်း (နမူနာ–၁)**

| | |
|---|---|
| သင်ခန်းစာ | အခန်း (၁) ကျောင်းသွားကြမယ်၊ စာသင်ချိန် (၃) |
| သင်ယူမှုဦးတည်ချက် | Slur နှင့် Tie တို့၏ ကွာခြားချက်ကို သိရှိနားလည်ပြီး အသံနေအသံထား မှန်ကန်စွာ သီဆိုတတ်ရန်။ |
| သိမှုအဆင့် | မှတ်မိခြင်း |
| မေးခွန်းပုံစံ | နှုတ်ဖြေ၊ ရေးဖြေ (အပိတ်မေးခွန်း) |

မေးခွန်း - အသံတူညီသော ဂီတသင်္ကေတကို မျဉ်းကွေးဖြင့် ဆက်၍ ဖော်ပြသည့် အောက်ပါသင်္ကေတကို မည်သို့ခေါ်သနည်း။



နမူနာအဖြေ - Tie (တိုင်း)

| | |
|---|---|
| သိမှုအဆင့် | နားလည်ခြင်း |
| မေးခွန်းပုံစံ | နှုတ်ဖြေ၊ ရေးဖြေ (အပိတ်မေးခွန်း) |

မေးခွန်း - အသံတူညီသော ဂီတသင်္ကေတကို မျဉ်းကွေးဖြင့် ဆက်၍ ဖော်ပြသည့် သင်္ကေတကို ပလွေဖြင့် မည်သို့မှုတ်ရသနည်း။



နမူနာအဖြေ - လျှာကို အသုံးပြု၍ အသံမဖြတ်ဘဲ တစ်ဆက်တည်းချောမွေ့စွာ သီဆိုတီးမှုတ်မည်။

မှတ်ချက် - ကလေးနားလည်သလို ဖြေဆိုမှုကို လက်ခံပေးပါ။

| | |
|---|---|
| သိမှုအဆင့် | အသုံးချခြင်း |
| မေးခွန်းပုံစံ | လက်တွေ့လုပ်ဆောင်စေခြင်း |

မေးခွန်း - အောက်ပါ သင်္ကေတကို ပလွေဖြင့် မှုတ်ပြပါ။



နမူနာအဖြေ - Tie (တိုင်း) သင်္ကေတကို မှန်ကန်စွာ မှုတ်နိုင်ခြင်း ရှိ မရှိကို ဆရာက စစ်ဆေးရမည်။

မှတ်ချက် - စတုတ္ထတန်း ကျောင်းသုံးစာအုပ်၏ နောက်ဆုံးစာမျက်နှာရှိ သင်ခန်းစာအနှစ်ချုပ်တွင် ပါရှိသော ဂီတသင်္ကေတများကို အသုံးပြု၍လည်း စစ်ဆေးအကဲဖြတ်နိုင်ပါသည်။ မိမိကိုယ်တိုင် မေးခွန်းတည်ဆောက်၍လည်း အထက်ပါပုံစံများအတိုင်း စစ်ဆေးအကဲဖြတ်နိုင်ပါသည်။

DBE Box

**မေးခွန်းပုံစံဖြင့် စစ်ဆေးအကဲဖြတ်ခြင်း (နမူနာ-၂)**

| | |
|---|---|
| သင်ခန်းစာ | အခန်း (၆) မိဘမေတ္တာ၊ စာသင်ချိန် (၃) |
| သင်ယူမှုဦးတည်ချက် | အသံအပြင်းအပျော့ သင်္ကေတများကို သတိပြု၍ ခံစားချက်ဖြင့် တီးမှုတ်တတ်ရန်။ |
| သိမှုအဆင့် | မှတ်မိခြင်း |
| မေးခွန်းပုံစံ | နှုတ်ဖြေ၊ ရေးဖြေ (အမှန်ရွေးမေးခွန်း) |

မေးခွန်း - အောက်ပါဘားရှိ သင်္ကေတအမည်ကို (A/ B/ C) ထဲမှ ရွေးပါ။

(A) Crescendo (B) Decrescendo (C) Mezzoforte




နမူနာအဖြေ - (A)

| | |
|---|---|
| သိမှုအဆင့် | နားလည်ခြင်း |
| မေးခွန်းပုံစံ | နှုတ်ဖြေ၊ ရေးဖြေ (အပိတ်မေးခွန်း) |

မေးခွန်း - Crescendo သင်္ကေတကို မည်သို့မှုတ်ရသနည်း။

နမူနာအဖြေ - တဖြည်းဖြည်း အားပြင်းပြင်း မှုတ်မည်။

မှတ်ချက် - ကလေးနားလည်သလို ဖြေဆိုမှုကို လက်ခံပေးပါ။

| | |
|---|---|
| သိမှုအဆင့် | အသုံးချခြင်း |
| မေးခွန်းပုံစံ | နှုတ်မေး (လက်တွေ့လုပ်ဆောင်စေခြင်း) |

မေးခွန်း - အောက်ပါ သင်္ကေတကို ပလွေဖြင့် မှုတ်ပြပါ။




နမူနာအဖြေ - Crescendo သင်္ကေတကို မှန်ကန်စွာ မှုတ်နိုင်ခြင်း ရှိ မရှိကို ဆရာက စစ်ဆေးရမည်။

မှတ်ချက် - စတုတ္ထတန်း ကျောင်းသုံးစာအုပ်၏ နောက်ဆုံးစာမျက်နှာရှိ သင်ခန်းစာအနှစ်ချုပ်တွင် ပါရှိသော ဂီတသင်္ကေတများကို အသုံးပြု၍လည်း စစ်ဆေးအကဲဖြတ်နိုင်ပါသည်။ မိမိကိုယ်တိုင် မေးခွန်းတည်ဆောက်၍လည်း အထက်ပါပုံစံများအတိုင်း စစ်ဆေးအကဲဖြတ်နိုင်ပါသည်။

DBE BOX

**Rubric ဖြင့် စစ်ဆေးအကဲဖြတ်ခြင်း (နမူနာ-၁)**

| | |
|---|---|
| သင်ခန်းစာ | အခန်း (၂) တူးပို့ တူးပို့ |
| ရည်ရွယ်ချက် | တူးပို့ တူးပို့ တေးသီချင်းကို ဗုံစသည့် တူရိယာတို့ဖြင့် တွဲဖက်သီဆိုပြီး က တတ်ရန်ဖြစ်သည်။ |
| စာသင်ချိန် | စာသင်ချိန် (၁) |
| သင်ယူမှုဦးတည်ချက် | တေးစာသား၏ အဓိပ္ပာယ်ကို သိရှိနားလည်ပြီး အသံနေအသံထား မှန်ကန်စွာဖြင့် ပျော်ရွှင်စွာ သီဆိုတတ်ရန်။ |
| လုပ်ငန်း | တေးကဗျာ၏ အဓိပ္ပာယ်ကို သိရှိနားလည်ပြီး အသံနေအသံထား မှန်ကန်စွာဖြင့် ပျော်ရွှင်စွာ သီဆိုမည်။ |

| စစ်ဆေးမည့်အချက် | အလွန်ကောင်း(A) | ကောင်း(S) | ထပ်မံကြိုးစားရန်လို(E) |
|---|---|---|---|
| စိတ်ပါဝင်စားစွာ လုပ်ဆောင်မှု။ (သဘောထား) | တေးစာသား၏ အဓိပ္ပာယ်ကို သိရှိနားလည်ပြီး အသံနေအသံထား မှန်ကန်စွာဖြင့် ပျော်ရွှင်စွာ ခံစား၍ သီဆိုနိုင်သည်။ | တေးစာသား၏ အဓိပ္ပာယ်ကို သိရှိနားလည်ပြီး အသံနေအသံထား မှန်ကန်စွာဖြင့် ပျော်ရွှင်စွာ သီဆိုနိုင်သည်။ | တေးစာသား၏ အဓိပ္ပာယ်ကို သိရှိနားလည်ပြီး အသံနေအသံထား မှန်ကန်စွာ မသီဆိုနိုင်ပါ။ |

| | |
|---|---|
| စာသင်ချိန် | စာသင်ချိန် (၂) |
| သင်ယူမှုဦးတည်ချက် | ဂီတသင်္ကေတတန်ဖိုး အသံအနိမ့်အမြင့်ကို မှန်ကန်သာယာစွာဖြင့် သီဆိုတတ်ရန်။ |
| လုပ်ငန်း | ဂီတသင်္ကေတ၏ အသံအနိမ့်အမြင့်ကို မှန်ကန်သာယာစွာဖြင့် သီဆိုမည်။ |

| စစ်ဆေးမည့်အချက် | အလွန်ကောင်း(A) | ကောင်း(S) | ထပ်မံကြိုးစားရန်လို(E) |
|---|---|---|---|
| ဂီတသင်္ကေတကို မှန်ကန်သာယာစွာ သီဆိုနိုင်ခြင်း။ (အသိပညာနှင့် ကျွမ်းကျင်မှု) | ဂီတသင်္ကေတ တန်ဖိုး၊ အသံအနိမ့်အမြင့်တို့ကို ရိုက်ချက်မှန်ကန်သာယာစွာဖြင့် စိတ်ရောကိုယ်ပါ သီဆိုနိုင်သည်။ | ဂီတသင်္ကေတ တန်ဖိုး၊ အသံအနိမ့်အမြင့်တို့ကို မှန်ကန်သာယာစွာဖြင့် သီဆိုနိုင်သည်။ | ဂီတသင်္ကေတ တန်ဖိုး၊ အသံအနိမ့်အမြင့်တို့ကို မှန်ကန်စွာ မသီဆိုနိုင်ပါ။ |

| | |
|---|---|
| စာသင်ချိန် | စာသင်ချိန် (၃) |
| သင်ယူမှုဦးတည်ချက် | ဂီတဝေါဟာရအသုံးအနှုန်းဖြစ်သော Ostinart ကို နားလည်သိရှိပြီး သီဆိုတတ်ရန်။ |
| လုပ်ငန်း | ဂီတဝေါဟာရအသုံးအနှုန်းဖြစ်သော Ostinart ကို နားလည်သိရှိပြီး သီဆိုမည် |

| စစ်ဆေးမည့်အချက် | အလွန်ကောင်း(A) | ကောင်း(S) | ထပ်မံကြိုးစားရန်လို(E) |
|---|---|---|---|
| တွဲဖက်သီဆိုတီးခတ်မှု (အသိပညာနှင့် ကျွမ်းကျင်မှု) | ဂီတဝေါဟာရအသုံးအနှုန်းဖြစ်သော Ostinart ကို နားလည်သိရှိပြီး တေးသီချင်းတွင် အသုံးချ၍ စည်းချက်မှန်ကန်စွာ သီဆိုနိုင်သည်။ | ဂီတဝေါဟာရအသုံးအနှုန်းဖြစ်သော Ostinart ကို နားလည်သိရှိပြီး သီဆိုနိုင်သည်။ | Ostinart ကို နားလည်သိရှိပြီး မသီဆိုနိုင်ပါ။ |

| | |
|---|---|
| စာသင်ချိန် | စာသင်ချိန် (၄) |
| သင်ယူမှုဦးတည်ချက် | Ostinart ဖြစ်သော Rhythm ပုံစံဗုံသံကို တေးသီချင်းနှင့် လိုက်ဖက်ညီစွာ သီဆို၍ က တတ်ရန်။ |
| လုပ်ငန်း | Ostinart ဖြစ်သော Rhythm ပုံစံဗုံသံကို တေးသီချင်းနှင့် လိုက်ဖက်ညီစွာ သီဆို၍ က မည်။ |

| စစ်ဆေးမည့်အချက် | အလွန်ကောင်း(A) | ကောင်း(S) | ထပ်မံကြိုးစားရန်လို(E) |
|---|---|---|---|
| Ostinart ၏ Rhythm ပုံစံနှင့် တေးသီချင်းကို လိုက်ဖက်ညီစွာ သီဆို၍ တီထွင်ဖန်တီးပြီး က ခြင်း။ (တီထွင်ဖန်တီးနိုင်မှု) | Ostinart ဖြစ်သော Rhythm ပုံစံဗုံသံကို တေးသီချင်းနှင့် လိုက်ဖက်ညီစွာ စည်းချက်ညီညီ ပျော်ရွှင်စွာ သီဆို၍ က နိုင်သည်။ | Ostinart ဖြစ်သော Rhythm ပုံစံဗုံသံကို တေးသီချင်းနှင့် လိုက်ဖက်ညီစွာ သီဆို၍ က နိုင်သည်။ | Ostinart ဖြစ်သော Rhythm ပုံစံဗုံသံကို တေးသီချင်းနှင့် လိုက်ဖက်ညီစွာ သီဆို က ပြနိုင်ခြင်း မရှိပါ။ |

| | |
|---|---|
| စာသင်ချိန် | စာသင်ချိန် (၅) |
| သင်ယူမှုဦးတည်ချက် | အဖွဲ့လိုက် ပူးပေါင်းပြီး တီထွင်ဖန်တီး၍ သီဆိုတီးခတ် က ပြဖျော်ဖြေတတ်ရန်။ |
| လုပ်ငန်း | အဖွဲ့လိုက် ပူးပေါင်းပြီး တီထွင်ဖန်တီး၍ သီဆိုတီးခတ် က ပြဖျော်ဖြေမည်။ |

| စစ်ဆေးမည့်အချက် | အလွန်ကောင်း(A) | ကောင်း(S) | ထပ်မံကြိုးစားရန်လို(E) |
|---|---|---|---|
| အဖွဲ့လိုက်ပူးပေါင်း၍ အမူအယာပြုလုပ်ခြင်း၊ အဖွဲ့လိုက်ပူးပေါင်း၍ သီဆို ကပြခြင်း။ (တီထွင်ဖန်တီးနိုင်မှု) | အဖွဲ့လိုက်ပူးပေါင်းပြီး တေးသီချင်း၏ အဓိပ္ပာယ်ကို ပိုမိုပေါ်လွင်အောင် တီထွင်ဖန်တီး၍ ပျော်ရွှင်စွာ သီဆိုတီးခတ် က ပြဖျော်ဖြေနိုင်သည်။ | အဖွဲ့လိုက်ပူးပေါင်းပြီး တီထွင်ဖန်တီး၍ သီဆိုတီးခတ် က ပြဖျော်ဖြေနိုင်သည်။ | အဖွဲ့လိုက်ပူးပေါင်းကာ တီထွင်ဖန်တီးမှု မပြုလုပ်နိုင်ပါ။ |

**Rubric ဖြင့် စစ်ဆေးအကဲဖြတ်ခြင်း (နမူနာ- ၂)**

| | |
|---|---|
| သင်ခန်းစာ | အခန်း (၃) ခြေရှေ့ထိုးအက |
| ရည်ရွယ်ချက် | မြန်မာ့အခြေခံအက ခြေရှေ့ထိုးအကကို စနစ်တကျသိရှိပြီး စည်းဝါးတကျ ပျော်ရွှင်စွာ က တတ်ရန်ဖြစ်သည်။ |
| စာသင်ချိန် | စာသင်ချိန် (၁) |
| သင်ယူမှုဦးတည်ချက် | Grade 3 တွင် သင်ကြားခဲ့သော အကများကို စည်းဝါးတကျ ပျော်ရွှင်စွာ က တတ်ရန်။ |
| လုပ်ငန်း | Grade 3 တွင် သင်ကြားခဲ့သော အကများကို စည်းဝါးတကျ ပျော်ရွှင်စွာ က မည်။ |

| စစ်ဆေးမည့်အချက် | အလွန်ကောင်း(A) | ကောင်း(S) | ထပ်မံကြိုးစားရန်လို(E) |
|---|---|---|---|
| စိတ်ပါဝင်စားစွာ လုပ်ဆောင်မှု။ (သဘောထား) | Grade 3 တွင် သင်ကြားခဲ့သော အကများကို အဖွဲ့လိုက် ညီညာစွာဖြင့် စည်းဝါးတကျ ပျော်ရွှင်စွာ က နိုင်သည်။ | Grade 3 တွင် သင်ကြားခဲ့သော အကများကို စည်းဝါးတကျ ပျော်ရွှင်စွာ က နိုင်သည်။ | Grade 3 တွင် သင်ကြားခဲ့သော အကများကို စည်းဝါးတကျ မက နိုင်ပါ။ |

| | |
|---|---|
| စာသင်ချိန် | စာသင်ချိန် (၂) |
| သင်ယူမှုဦးတည်ချက် | ခြေရှေ့ထိုးအက၏ လှုပ်ရှားမှုအဆင့်များကို သိရှိပြီး စည်းဝါးတကျ က တတ်ရန်။ |
| လုပ်ငန်း | ခြေရှေ့ထိုးအက၏ လှုပ်ရှားမှုအဆင့်များကို သိရှိပြီး စည်းဝါးတကျ က မည်။ |

| စစ်ဆေးမည့်အချက် | အလွန်ကောင်း(A) | ကောင်း(S) | ထပ်မံကြိုးစားရန်လို(E) |
|---|---|---|---|
| ခြေရှေ့ထိုးအက၏ လှုပ်ရှားမှုအဆင့်များကို မှန်ကန်စွာသိရှိပြီး စည်းဝါးတကျ ကနိုင်ခြင်း။ (အသိပညာနှင့် ကျွမ်းကျင်မှု) | ခြေရှေ့ထိုးအက၏ လှုပ်ရှားမှု အဆင့်များကို မှန်ကန်စွာ သိရှိပြီး စည်းဝါးတကျ က နိုင်သည်။ | ခြေရှေ့ထိုးအက၏ လှုပ်ရှားမှု အဆင့်များကို သိရှိပြီး စည်းဝါးတကျ က နိုင်သည်။ | ခြေရှေ့ထိုးအက၏ လှုပ်ရှားမှု အဆင့်များကို သိရှိပြီး မက နိုင်ပါ။ |

| | |
|---|---|
| စာသင်ချိန် | စာသင်ချိန် (၃) |
| သင်ယူမှုဦးတည်ချက် | ခြေရှေ့ထိုးအကကို သိရှိပြီး အဖွဲ့လိုက် စည်းဝါးတကျ က တတ်ရန်။ |
| လုပ်ငန်း | ခြေရှေ့ထိုးအကကို သိရှိပြီး အဖွဲ့လိုက် စည်းဝါးတကျ က မည်။ |

| စစ်ဆေးမည့်အချက် | အလွန်ကောင်း(A) | ကောင်း(S) | ထပ်မံကြိုးစားရန်လို(E) |
|---|---|---|---|
| ခြေရှေ့ထိုးအကကို အဖွဲ့လိုက် ညီညာစွာ စည်းဝါးတကျ ကနိုင်ခြင်း။ (အသိပညာနှင့် ကျွမ်းကျင်မှု) | ခြေရှေ့ထိုးအကကို သိရှိပြီး အဖွဲ့လိုက် ညီညာစွာဖြင့် စည်းဝါးတကျ ပျော်ရွှင်စွာ က နိုင်သည်။ | ခြေရှေ့ထိုးအကကို သိရှိပြီး အဖွဲ့လိုက် စည်းဝါးတကျ က နိုင်သည်။ | ခြေရှေ့ထိုးအကကို သိရှိပြီး အဖွဲ့လိုက် မက နိုင်ပါ။ |

| | |
|---|---|
| စာသင်ချိန် | စာသင်ချိန် (၄) |
| သင်ယူမှုဦးတည်ချက် | ခြေရှေ့ထိုးအကနှင့် သင်ကြားခဲ့သောအကများကို ပေါင်းစပ်၍ အဖွဲ့လိုက် စည်းဝါးတကျ က တတ်ရန်။ |
| လုပ်ငန်း | ခြေရှေ့ထိုးအကနှင့် သင်ကြားခဲ့သောအကများကို ပေါင်းစပ်၍ အဖွဲ့လိုက် စည်းဝါးတကျ က မည်။ |

| စစ်ဆေးမည့်အချက် | အလွန်ကောင်း(A) | ကောင်း(S) | ထပ်မံကြိုးစားရန်လို(E) |
|---|---|---|---|
| တေးသီချင်း၊ စည်းချက်နှင့် အညီ တီထွင်ဖန်တီး ကနိုင်ခြင်း။ (တီထွင်ဖန်တီးနိုင်မှု) | ခြေရှေ့ထိုးအကနှင့် သင်ကြားခဲ့သော အကများကို တီထွင်ပေါင်းစပ်၍ အဖွဲ့လိုက် စည်းဝါးတကျ ညီညာစွာ က နိုင်သည်။ | ခြေရှေ့ထိုးအကနှင့် သင်ကြားခဲ့သော အကများကို ပေါင်းစပ်၍ အဖွဲ့လိုက် စည်းဝါးတကျ က နိုင်သည်။ | ခြေရှေ့ထိုးအကနှင့် သင်ကြားခဲ့သော အကများကို အဖွဲ့လိုက် ပေါင်းစပ်၍ မက နိုင်ပါ။ |

## ၈။ စတုတ္ထတန်း အနုပညာ(ဂီတ)ဘာသာရပ် စာသင်ချိန်ခွဲဝေမှု

စတုတ္ထတန်း အနုပညာ(ဂီတ)ဘာသာရပ် စာသင်ချိန်ခွဲဝေမှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| လ | ရက်သတ္တပတ် | နယ်ပယ် | သင်ခန်းစာ | စာသင်ချိန် |
|---|---|---|---|---|
| ဇွန် | ပထမပတ် မှ စတုတ္ထပတ် ထိ | အဆို | အခန်း(၁) ကျောင်းသွားကြမယ် | ၅ |
| ဇူလိုင် | ပထမပတ် | | | |
| | ဒုတိယပတ် မှ စတုတ္ထပတ် ထိ | အက | အခန်း(၃) ခြေရှေ့ထိုးအက | ၄ |
| သြဂုတ် | ပထမပတ် | | | |
| | ဒုတိယပတ် မှ စတုတ္ထပတ် ထိ | အက | အခန်း(၄) အရုပ်အတက်အဆင်းအက | ၄ |
| စက်တင်ဘာ | ပထမပတ် | | | |
| | ဒုတိယပတ် မှ စတုတ္ထပတ် ထိ | အတီး | အခန်း(၅) ဗုံကြီးသံ (သီတင်းကျွတ်ကျောင်းပိတ်ရက်၊ အောက်တိုဘာလ တတိယပတ်မှ စတုတ္ထပတ်အထိ) | ၅ |
| အောက်တိုဘာ | ပထမပတ် မှ ဒုတိယပတ် ထိ | | | |
| နိုဝင်ဘာ | ပထမပတ် မှ စတုတ္ထပတ် ထိ | အတီး | အခန်း(၆) မိဘမေတ္တာ (ဒီဇင်ဘာလကျောင်းပိတ်ရက်၊ စတုတ္ထပတ်မှ ဇန်နဝါရီလ ပထမပတ်အထိ) | ၅ |
| ဒီဇင်ဘာ | ပထမပတ် | | | |
| | စတုတ္ထပတ် | အဆို | အခန်း (၂) တူးပို့ တူးပို့ | ၅ |
| ဇန်နဝါရီ | ပထမပတ် မှ စတုတ္ထပတ် ထိ | | | |
| စုစုပေါင်း | ၂၈ + (အရန်သင်ကြားချိန် ၁၂ချိန်) | | | |

**(ခွဲဝေထားသောစာသင်ချိန်ထက် ကလေးများသင်ယူမှုတွင် အချိန်ထပ်မံလိုအပ်သော သင်ယူမှုလုပ်ငန်းများအတွက် အရန်သင်ကြားချိန်ကို ခွဲဝေအသုံးပြုနိုင်ပါသည်။)**

**ရက်သတ္တပတ် စာသင်ချိန် (၁)ချိန်**

**စာသင်နှစ် (၁)နှစ် စာသင်ချိန် (၄၀)ချိန်**

DBE Box

| | |
|---|---|
| စာသင်ချိန် | စာသင်ချိန် (၄) |
| သင်ယူမှုဦးတည်ချက် | ခြေရှေ့ထိုးအကနှင့် သင်ကြားခဲ့သောအကများကို ပေါင်းစပ်၍ အဖွဲ့လိုက် စည်းဝါးတကျ က တတ်ရန်။ |
| လုပ်ငန်း | ခြေရှေ့ထိုးအကနှင့် သင်ကြားခဲ့သောအကများကို ပေါင်းစပ်၍ အဖွဲ့လိုက် စည်းဝါးတကျ က မည်။ |

| စစ်ဆေးမည့်အချက် | အလွန်ကောင်း(A) | ကောင်း(S) | ထပ်မံကြိုးစားရန်လို(E) |
|---|---|---|---|
| တေးသီချင်း၊ စည်းချက်နှင့် အညီ တီထွင်ဖန်တီး ကနိုင်ခြင်း။ (တီထွင်ဖန်တီးနိုင်မှု) | ခြေရှေ့ထိုးအကနှင့် သင်ကြားခဲ့သော အကများကို တီထွင်ပေါင်းစပ်၍ အဖွဲ့လိုက် စည်းဝါးတကျ ညီညာစွာ က နိုင်သည်။ | ခြေရှေ့ထိုးအကနှင့် သင်ကြားခဲ့သော အကများကို ပေါင်းစပ်၍ အဖွဲ့လိုက် စည်းဝါးတကျ က နိုင်သည်။ | ခြေရှေ့ထိုးအကနှင့် သင်ကြားခဲ့သော အကများကို အဖွဲ့လိုက် ပေါင်းစပ်၍ မက နိုင်ပါ။ |

## ၈။ စတုတ္ထတန်း အနုပညာ(ဂီတ)ဘာသာရပ် စာသင်ချိန်ခွဲဝေမှု

စတုတ္ထတန်း အနုပညာ(ဂီတ)ဘာသာရပ် စာသင်ချိန်ခွဲဝေမှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| လ | ရက်သတ္တပတ် | နယ်ပယ် | သင်ခန်းစာ | စာသင်ချိန် |
|---|---|---|---|---|
| ဇွန် | ပထမပတ် မှ စတုတ္ထပတ် ထိ | အဆို | အခန်း(၁) ကျောင်းသွားကြမယ် | ၅ |
| ဇူလိုင် | ပထမပတ် | | | |
| | ဒုတိယပတ် မှ စတုတ္ထပတ် ထိ | အက | အခန်း(၃) ခြေရှေ့ထိုးအက | ၄ |
| သြဂုတ် | ပထမပတ် | | | |
| | ဒုတိယပတ် မှ စတုတ္ထပတ် ထိ | အက | အခန်း(၄) အရုပ်အတက်အဆင်းအက | ၄ |
| စက်တင်ဘာ | ပထမပတ် | | | |
| | ဒုတိယပတ် မှ စတုတ္ထပတ် ထိ | အတီး | အခန်း(၅) ဗုံကြီးသံ (သီတင်းကျွတ်ကျောင်းပိတ်ရက်၊ အောက်တိုဘာလ တတိယပတ်မှ စတုတ္ထပတ်အထိ) | ၅ |
| အောက်တိုဘာ | ပထမပတ် မှ ဒုတိယပတ် ထိ | | | |
| နိုဝင်ဘာ | ပထမပတ် မှ စတုတ္ထပတ် ထိ | အတီး | အခန်း(၆) မိဘမေတ္တာ (ဒီဇင်ဘာလကျောင်းပိတ်ရက်၊ စတုတ္ထပတ်မှ ဇန်နဝါရီလ ပထမပတ်အထိ) | ၅ |
| ဒီဇင်ဘာ | ပထမပတ် | | | |
| | စတုတ္ထပတ် | အဆို | အခန်း (၂) တူးပို့ တူးပို့ | ၅ |
| ဇန်နဝါရီ | ပထမပတ် မှ စတုတ္ထပတ် ထိ | | | |
| စုစုပေါင်း | ၂၈ + (အရန်သင်ကြားချိန် ၁၂ချိန်) | | | |



**(ခွဲဝေထားသောစာသင်ချိန်ထက် ကလေးများသင်ယူမှုတွင် အချိန်ထပ်မံလိုအပ်သော သင်ယူမှုလုပ်ငန်းများအတွက် အရန်သင်ကြားချိန်ကို ခွဲဝေအသုံးပြုနိုင်ပါသည်။)**

**ရက်သတ္တပတ် စာသင်ချိန် (၁)ချိန်**

**စာသင်နှစ် (၁)နှစ် စာသင်ချိန် (၄၀)ချိန်**

DBE BOX

# ဂီတဝေါဟာရများ (စတုတ္ထတန်း)

| | |
|---|---|
| **Dotted Crochet**  | Dotted Crochet သင်္ကေတသည် Crochet Note တန်ဖိုး၏ တစ်ဝက်ကို ထပ်မံပေါင်းထားခြင်းဖြစ်သည်။ |
| **Minim**  | Minim သင်္ကေတသည် ရိုက်ချက် ၂ ချက်စာ အသံရှည်တန်ဖိုးရှိသည်။ |
| **Dotted Minim**  | Dotted Minim သင်္ကေတသည် ရိုက်ချက် ၃ ချက်စာ အသံရှည်တန်ဖိုးရှိသည်။ |
| **Mezzoforte**   | Mezzoforte သင်္ကေတသည် အသံကိုအနည်းငယ် ပြင်းပြင်းကျယ်ကျယ် သီဆိုတီးမှုတ်ရသည်။ |
| **Forte**   | Forte သင်္ကေတသည် အသံကိုပြင်းပြင်းကျယ်ကျယ် သီဆိုတီးမှုတ်ရသည်။ |
| **Tie**  | Tie သင်္ကေတသည် တူညီသောအသံရှိသည့် သင်္ကေတနှစ်ခုကို မျဉ်းကွေးဖြင့်ဆက်၍ ဖော်ပြပြီး မျဉ်းကွေးအစရှိ အသံကို သီဆိုတီးပြီးပါက ဒုတိယအသံကို နောက်ထပ်သီဆို တီးရန်မလိုဘဲ အသံရှည်ဆွဲထားရန်ဖြစ်သည်။ |
| **Whole Rest**  | Whole Rest သင်္ကေတသည် ရိုက်ချက်လေးချက်စာ ရပ်နားရသည်။ |
| **Ritardando**   | Ritardando သင်္ကေတသည် တဖြည်းဖြည်းနှေးပြီး သီဆိုတီးမှုတ်ရသည်။ |
| **Fermata**  | Fermata သင်္ကေတသည် စိတ်ကြိုက်အသံရှည်ဆွဲခြင်းနှင့် တေးသွားအဆုံးသတ်ခြင်းတို့တွင် အသုံးပြုသည်။ |
| **Mezzopiano**   | Mezzopiano သင်္ကေတသည် အသံအနည်းငယ် ပျော့ပျော့ပျောင်းပျောင်း သီဆိုတီးမှုတ်ရသည်။ |
| **Crescendo**  | Crescendo သင်္ကေတသည် အသံတဖြည်းဖြည်း အားပြင်းပြင်းဖြင့် သီဆိုတီးမှုတ်ရသည်။ |
| **Decrescendo**  | Decrescendo သင်္ကေတသည် အသံတဖြည်းဖြည်း အားပျော့ပျော့ဖြင့် သီဆိုတီးမှုတ်ရသည်။ |

DBE BOX

# သင်ကြားမှုအစီအစဉ်နှင့် ဆရာလမ်းညွှန်

## အခန်း(၁) ကျောင်းသွားကြမယ်

စတုတ္ထတန်း (ဇွန်လ ပထမပတ်မှ ဇူလိုင်လ ပထမပတ်အထိ)

| | |
|---|---|
| သင်ခန်းစာခေါင်းစဉ် | ကျောင်းသွားကြမယ် |
| ရည်ရွယ်ချက် | ကျောင်းသွားကြမယ် တေးသီချင်းကို အနှစ်သာရပြည့်ဝစွာ သီဆိုတတ်ရန် ဖြစ်သည်။ |
| သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ | ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်များ၊ စည်း၊ ဝါး။ |
| သင်ကြားမည့် အကြောင်းအရာ | - တေးစာသားကို ဖတ်၍ အဓိပ္ပာယ်ကို နားလည်သိရှိမည်။<br>- တေးစာသားမှ တေးသီချင်းကို ခံစားနားလည်နိုင်မည်။<br>- 4/4 Timing ရိုက်ချက်နှင့်အညီ တေးကဗျာကို သီဆိုမည်။<br>- ဒို ရေ မီ သင်္ကေတဖြင့် သီဆိုရမည်။<br>- တေးသီချင်းမှာ A, B, C အပိုင်း ၃ ပိုင်းဖြင့် ရေးစပ်ထားကြောင်း နားလည်သိရှိမည်။<br>- Tie ၏ အဓိပ္ပာယ်ကို နားလည်သိရှိမည်။<br>အသံအမြင့်တူညီသော သင်္ကေတ နှစ်ခုကို မျဉ်းကွေးဖြင့် ဆက်ခြင်းဖြင့် တစ်သံတည်းကဲ့သို့ တစ်ဆက်တည်း တီးမှုတ်မည်။ Forte, Mezzoforteတို့၏ အသံအပြောင်းအပြောင်းကို သိရှိနားလည်မည်။ Forteမှာ အသံကို ပြင်းပြင်း ကျယ်ကျယ်၊ Mezzoforteမှာ အနည်းငယ် ပြင်းပြင်းကျယ်ကျယ် သီဆိုရခြင်း ဖြစ်သည်။<br>ဤသင်ခန်းစာတွင် တေးသီချင်းကို အနှစ်သာရ ပြည့်ဝစွာ သီဆိုရန်မှာ အရေးကြီးပါသည်။ စာသင်ချိန် (၁) နှင့် (၂)တွင် တေးစာသားနှင့် Tie သင်္ကေတ ၏ အဓိပ္ပာယ်ကို နားလည်သိရှိ၍ တေးစာသားနှင့် ဒိုရေမီ သင်္ကေတကို အသံနေအသံထား မှန်ကန်စွာ သီဆိုနိုင်ရန် လေ့ကျင့်မည်။ စာသင်ချိန် (၃)တွင် Slur နှင့် Tie တို့၏ ကွာခြားချက်ကို သိရှိနားလည်ပြီး Forte, Mezzoforteတို့၏ အသံအပြောင်းအပြောင်းကို ထည့်သွင်းသီဆိုမည်။ စာသင်ချိန် (၄)တွင် A အပိုင်း(တက်တက်ကြွကြွဖြင့်) B အပိုင်း(ပျော်ရွှင်လန်းဆန်းစွာဖြင့်) C အပိုင်း(ပျော်ရွှင်စွာဖြင့်) ကို တေးကဗျာ၏ အနှစ်သာရကို ထည့်သွင်း သီဆိုမည်။ စာသင်ချိန် (၅)တွင် အဖွဲ့လိုက် သီဆိုပုံကို တီထွင်ဖန်တီး သီဆိုမည်။<br>ဂီတသင်္ကေတနှင့် အသုံးအနှုန်းများ<br>- Tie, Forte, Mezzoforte<br>- တေးသီချင်း၏ အနှစ်သာရဆိုသည်မှာ ထိုတေးသီချင်းတွင် ခံစားရေးစပ်ထားသော စိတ်ကူးခံစားချက်(တက်ကြွစွာ၊ ပျော်ရွှင်လန်းဆန်းစွာ၊ ပျော်ရွှင်စွာ စသည်)တို့ကို ဆိုလိုသည်။ |
| စုစုပေါင်းသင်ကြားချိန် | စာသင်ချိန် (၅)ချိန် |

| စာသင်ချိန် | သင်ယူမှုဦးတည်ချက် | စစ်ဆေးအကဲဖြတ်ချက် (ကောင်းအဆင့်) |
|---|---|---|
| ၁။ | တေးစာသား၏ အဓိပ္ပာယ်ကို သိရှိနားလည်ပြီး အသံနေအသံထား မှန်ကန်စွာဖြင့် ပျော်ရွှင်စွာ သီဆိုတတ်ရန်။ | တေးစာသား၏ အဓိပ္ပာယ်ကို သိရှိနားလည်ပြီး အသံနေအသံထား မှန်ကန်စွာဖြင့် ပျော်ရွှင်စွာ သီဆိုနိုင်သည်။ |
| ၂။ | Tie သင်္ကေတကို နားလည်အသုံးပြုပြီး အသံတန်ဖိုး မှန်ကန်စွာ သီဆိုတတ်ရန်။ | Tie သင်္ကေတကို နားလည်အသုံးပြုပြီး အသံတန်ဖိုး မှန်ကန်စွာ သီဆိုနိုင်သည်။ |
| ၃။ | Slur နှင့် Tie တို့၏ ကွာခြားချက်ကို သိရှိနားလည်ပြီး အသံနေ အသံထား မှန်ကန်စွာ သီဆိုတတ်ရန်။ | Slur နှင့် Tie တို့၏ ကွာခြားချက်ကို သိရှိနားလည်ပြီး အသံနေ အသံထား မှန်ကန်စွာ သီဆိုနိုင်သည်။ |
| ၄။ | တေးသီချင်း၏ အနှစ်သာရအဓိပ္ပာယ်ကို ပေါ်လွင်အောင် အသံပြောင်းကို သတိပြု၍ မှန်ကန်စွာ သီဆိုတတ်ရန်။ | တေးသီချင်း၏ အနှစ်သာရအဓိပ္ပာယ်ကို ပေါ်လွင်အောင် အသံပြောင်းကို သတိပြု၍ မှန်ကန်စွာ သီဆိုနိုင်သည်။ |
| ၅။ | အဖွဲ့လိုက် ပူးပေါင်းကာ တီထွင်ဖန်တီး၍ သီဆိုဖျော်ဖြေတတ်ရန်။ | အဖွဲ့လိုက်ပူးပေါင်းကာ တီထွင်ဖန်တီး၍ သီဆိုဖျော်ဖြေနိုင်သည်။ |

DRAFT

# အခန်း(၁) ကျောင်းသွားကြမယ်

**ရည်ရွယ်ချက်** – ကျောင်းသွားကြမယ် တေးသီချင်းကို အနှစ်သာရပြည့်ဝစွာ သီဆိုတတ်ရန် ဖြစ်သည်။
**စာသင်ချိန်** – ၁/၅

## သင်ယူမှုဦးတည်ချက်

တေးစာသား၏ အဓိပ္ပာယ်ကို သိရှိနားလည်ပြီး အသံနေအသံထား မှန်ကန်စွာဖြင့် ပျော်ရွှင်စွာ သီဆိုတတ်ရန်။

## သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်၊ စည်း၊ ဝါး။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

- ဆရာက ကလေးများအား အောက်ပါမေးခွန်းများဖြင့် သင်ခန်းစာကို နိဒါန်းပျိုးပါမည်။ သားတို့ သမီးတို့ ကျောင်းကို လာရတာ ပျော်ကြရဲ့လား၊ ဘယ်သူတွေနဲ့ လာသလဲ။(၅ မိနစ်)

**လုပ်ငန်းစဉ်**

- ဆရာက သင်ထောက်ကူကားချပ် သို့မဟုတ် ကျောင်းသုံးစာအုပ်ကို ပြ၍ ပုံပါအကြောင်းအရာများကို ကလေးများအားပြောပြစေပါမည်။ လိုအပ်ပါက ဆရာက ဖြည့်စွက်ရှင်းလင်းပေးရပါမည်။
- တေးသီချင်းအား သီဆိုပြ၍ အဓိပ္ပာယ်ကို ဆွေးနွေးမေးမြန်းပါမည်။
- ဆရာက အသံနေအသံထား မှန်ကန်စွာဖြင့် အမူအရာများပြုလုပ်၍ နှစ်ကြိမ်ခန့် တေးသီချင်းအား သီဆိုပြပါမည်။ သီဆိုနေစဉ် 4/4 Timing ရိုက်ချက်လိုက်ရင်း နားထောင်စေပါမည်။ ဆရာက တေးစာသားနှစ်ကြောင်းစီကို သီဆိုပြပြီး ကလေးများအား လိုက်ဆိုစေပါမည်။
- ပထမပိုဒ်သီဆိုသောအခါ Eighth Restကို သတိပြု၍ဆရာနှင့်အတူ သီဆိုစေပါမည်။ ကလေးများ ကိုယ်တိုင်သီဆိုစေပါမည်။
- အထက်ပါအတိုင်း ဒုတိယပိုဒ်နှင့် တတိယပိုဒ်ကို ဆက်လက်သင်ကြားပေးပြီး သီဆိုစေပါမည်။
- ဆရာက ထပ်ကျော့သင်္ကေတ(Repeat) အကြောင်းကို ကလေးများအား ပြန်လည်မေးမြန်းပြီး ဒုတိယပိုဒ်ကို နှစ်ကျော့သီဆိုရမည်ဖြစ်ကြောင်း ရှင်းပြရပါမည်။ ကလေးများကိုယ်တိုင် အစမှ အဆုံးထိ သီဆိုစေပါမည်။
- Grade 3 တွင် သီဆိုခဲ့ဖူးသော အသံတူထပ်ဆင့်သီဆိုခြင်း အကြောင်းကို မေးမြန်းပြီး ပြန်လည်သီဆိုပြစေပါမည်။
- တတိယပိုဒ်တွင်လည်း အသံတူထပ်ဆင့်သီဆိုသည့်နေရာ ပါဝင်ကြောင်း ပြောပြီး အုပ်စု ၂စုဖွဲ့၍ အသံတူထပ်ဆင့်ဆိုရသည့်နေရာတွင် ပထမအဖွဲ့အား တေးစာသားကို သီဆိုစေ၍ ဒုတိယအဖွဲ့အား အသံတူထပ်ဆင့် သီဆိုစေပါမည်။
- ဆရာက ကလေးများအား တေးသီချင်း၏ အဓိပ္ပာယ်ကို စဉ်းစားပြီး မည်သို့ခံစားရသည်ကို အချင်းချင်း ဆွေးနွေးစေပါမည်။
- တေးသီချင်းရှိ Forte အမှတ်အသားသည် အသံပြင်းပြင်းကျယ်ကျယ်နှင့် Mezzoforte အမှတ်အသားသည် အသံအနည်းငယ်ပြင်းပြင်းကျယ်ကျယ် သီဆိုရသော သင်္ကေတအမှတ်အသားဖြစ်ကြောင်း ရှင်းပြပြီး ၎င်းတို့ကို သတိပြု၍ နောက်တစ်ကြိမ် ခံစားသီဆိုစေပါမည်။ (၂၅ မိနစ်)

**နိဂုံး**

- အတန်းရှိကျောင်းသားဦးရေအပေါ် မူတည်၍ သင့်လျော်သလို အဖွဲ့ဖွဲ့ပြီး တစ်ဖွဲ့ချင်းစီကို သီဆိုစေပါမည်။ တစ်ဖွဲ့က သီဆိုနေစဉ် ကျန်အဖွဲ့များက ဆရာနှင့်အတူ 4/4 Timing ရိုက်ချက်လိုက်ရင်း ကြည့်ရှုအားပေးပါမည်။(၁၀ မိနစ်)



### အခန်း(၁) ကျောင်းသွားကြမယ်

### ကျောင်းသွားကြမယ်



တေးရေး - ဦးဗိုလ်မြင့် ကျောင်းအုပ်ကြီး(ငြိမ်း)

လာသူငယ်ချင်းများတို့
ကျောင်းသွားကြမယ်
သားသားတို့လဲ လိုက်မယ်
မီးမီးတို့လဲ လိုက်မယ်
ကျောင်းနေရွယ်သူငယ်ချင်းများ
ပျော်ပျော်ရွှင်ရွှင် ခင်ခင်မင်မင်
သွားကြမယ် ကျောင်းသို့ကွယ်
ညီညီညာညာ တို့တတွေ
ကျောင်းသွားကြမယ်။

(လူတော်လူကောင်းဖြစ်ဖို့ကွယ်
နိုင်ငံတော်အတွက်အားထားဖွယ်
အသိစိတ်ဓာတ်တာဝန်အပြည့်နဲ့
ကြိုးစားကြရမယ်)၂

လွယ်အိတ်လေးလဲလွယ်
ရောင်စုံပန်းများအလယ်
ပျော်ပျော်ရွှင်ရွှင် ခင်ခင်မင်မင်
သွားကြမယ် ကျောင်းသို့ကွယ်
ညီညီညာညာ တို့တတွေ
ကျောင်းသွားကြမယ်။




## သတိပြုရမည့်အချက်များ


- ကျောင်းသွားသည့်အခါ ပျော်ရွှင်ဖွယ်ကောင်းပုံကို ပေါ်လွင်အောင် တက်ကြွပျော်ရွှင်စွာ သီဆိုစေပါမည်။
- သီချင်းစတင် သီဆိုသည့်အခါ အစပြုသည့်အသံ မီ ကို ပလွေဖြင့် အသံတည်ပေးရပါမည်။
- အသံတူထပ်ဆင့် သီဆိုသည့်အခါ ကျောင်းသုံးစာအုပ်တွင် နမူနာပြထားသည့်အတိုင်း ပထမသီဆိုသည့်အဖွဲ့၏ နောက်ဆုံးသံစဉ်နေရာတွင် ဒုတိယအဖွဲ့က အသံထပ်၍ စတင်သီဆိုရကြောင်း ရှင်းပြပေးရပါမည်။
- Forte ဆိုသည်မှာ ခပ်ကျယ်ကျယ် ခပ်ပြင်းပြင်း သီဆိုတီးမှုတ်ရန် ဖော်ပြသည့် သင်္ကေတဖြစ်သည်။
- Mezzoforte မှာ အနည်းငယ် အားပြင်းပြင်း သီဆိုတီးမှုတ်ရန် ဖော်ပြသည့် သင်္ကေတဖြစ်သည်။
- Eighth Rest, Forte, Mezzoforte စသည့် သင်္ကေတများကို နားလည်မှု ရှိ မရှိ ပြန်လည်မေးမြန်း၍ အနှစ်ချုပ်ပေးရပါမည်။

## စစ်ဆေးအကဲဖြတ်ချက်

- တေးစာသား၏ အဓိပ္ပာယ်ကို သိရှိနားလည်ပြီး အသံနေအသံထား မှန်ကန်စွာဖြင့် ပျော်ရွှင်စွာ ခံစား၍ သီဆိုနိုင်သည်။ (A)
- တေးစာသား၏ အဓိပ္ပာယ်ကို သိရှိနားလည်ပြီး အသံနေအသံထား မှန်ကန်စွာဖြင့် ပျော်ရွှင်စွာ သီဆိုနိုင်သည်။ (S)
- တေးစာသား၏ အဓိပ္ပာယ်ကို သိရှိနားလည်ပြီး အသံနေအသံထား မှန်ကန်စွာ မသီဆိုနိုင်ပါ။ (E)

DRAFT





## အခန်း(၁) ကျောင်းသွားကြမယ်

**ရည်ရွယ်ချက်** – ကျောင်းသွားကြမယ် တေးသီချင်းကို အနှစ်သာရပြည့်ဝစွာ သီဆိုတတ်ရန် ဖြစ်သည်။
**စာသင်ချိန်** – ၂/၅

### သင်ယူမှုဦးတည်ချက်

Tie သင်္ကေတကို နားလည်အသုံးပြုပြီး အသံတန်ဖိုး မှန်ကန်စွာ သီဆိုတတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်၊ စည်း၊ ဝါး။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

- 'ကျောင်းသွားကြမယ်' တေးသီချင်းကို 4/4 Timing ရိုက်ချက်ဖြင့် လိုက်ရင်း သီဆိုစေပါမည်။(၅ မိနစ်)

**လုပ်ငန်းစဉ်**

- ဆရာက တေးသီချင်း၏ အပိုဒ်(A)ရှိ ဂီတသင်္ကေတကို အသံအနိမ့်အမြင့်မှန်ကန်စွာ သီဆို၍ ကလေးများအား နားထောင်စေပါမည်။
- ဆရာက Grade 3 တွင် သင်ကြားခဲ့သော Slur သင်္ကေတနှင့် ဆင်တူသည့် Tie သင်္ကေတအကြောင်းကို ရှင်းပြပြီး Tie သင်္ကေတမပါဘဲ တစ်ခေါက်၊ Tie သင်္ကေတဖြင့် တစ်ခေါက်သီဆိုပြပါမည်။
- တေးသီချင်းရှိ Tie သင်္ကေတပါသည့် အခြားနေရာများကို ကလေးများအား ရှာစေပါမည်။ Tie သင်္ကေတမှာ အသံကို တစ်ဆက်တည်း ပြေပြစ်စွာ သီဆိုရမည်ဖြစ်ကြောင်းနှင့် တူညီသောအသံရှိသည့် သင်္ကေတ ၂ခုကို မျဉ်းကွေးဖြင့် ဖော်ပြပြီး မျဉ်းကွေးအစရှိအသံကို ဆိုတီးပြီးပါက ဒုတိယအသံကို နောက်ထပ်ဆိုတီးရန် မလိုဘဲ အသံရှည်ဆွဲထားရန်ဖြစ်ကြောင်း သင်ကြားပေးရပါမည်။
- ပြီးလျှင် သင်္ကေတ ၂ ဘားချင်းစီကို ဆရာက သီဆိုပြပြီး ကလေးများအား အသံနေအသံထား မှန်ကန်စွာ သီဆိုစေပါမည်။
- ထို့နောက် ကလေးများကိုယ်တိုင် သီဆိုစေပါမည်။
- ပထမပိုဒ်အဆုံးရှိ Dotted Minim သင်္ကေတကို သတိထား၍ သီဆိုစေပါမည်။
- အပိုဒ်(A)ကို ကလေးများ သီဆိုတတ်သွားပါက ဂီတသင်္ကေတဖြင့် တစ်ဆက်တည်း သီဆိုစေပါမည်။
- အထက်ပါအတိုင်း အပိုဒ်(B)နှင့် အပိုဒ်(C)ကို ဆက်လက်သင်ကြားပေးရပါမည်။
- အပိုဒ်(B)နှင့် အပိုဒ်(C)ကို သီဆိုတတ်သွားပါက တေးသီချင်းအစမှ အဆုံးထိဆရာနှင့်အတူ အသံအနိမ့်အမြင့် မှန်ကန်စွာဖြင့် သီဆိုစေပါမည်။
- ထို့နောက်ကလေးများကိုယ်တိုင် သီဆိုစေပါမည်။ အသံတူထပ်ဆင့်နေရာတွင် ဒို ရေ မီ သင်္ကေတဖြင့် သီဆိုစေပါမည်။(၂၅ မိနစ်)

**နိဂုံး**

- ကလေးများကို အဖွဲ့၂ဖွဲ့ ခွဲပြီး တစ်ဖွဲ့ကို သီချင်းစာသားဖြင့် သီဆိုစေပြီး ကျန်တစ်ဖွဲ့ကို ဒို ရေ မီ သင်္ကေတဖြင့် သီဆိုစေပါမည်။ အလှည့်ကျပြုလုပ်စေပါမည်။(၁၀ မိနစ်)

### သတိပြုရမည့်အချက်များ

- သင်္ကေတအသံထွက်နှင့် အသံအနိမ့်အမြင့် မှန်ကန်စွာ သီဆိုနိုင်ရန် အထပ်ထပ်လေ့ကျင့်ပေးရပါမည်။
- သင်္ကေတသင်ကြားသည့်အခါ သင်ထောက်ကူကားချပ်ကို အသုံးပြု၍ သင်ကြားလျှင် ပို၍ ထိရောက်နိုင်ပါသည်။
- သင်္ကေတ တန်ဖိုးအတိုင်း မှန်ကန်စွာ သီဆိုနိုင်ရန် စည်းချက်တစ်ချက်ချင်းစီကို ထောက်ပြ၍ ဆိုပြရပါမည်။
- အသံအနိမ့်အမြင့် အတိုအရှည်ကို သီဆိုရာတွင် အခက်အခဲရှိသော ကလေးများရှိပါက ဒို ရေ မီ လက်ဟန် ရိုက်ချက်တို့ဖြင့် ဆရာက ဆိုပြပြီး ကလေးများကို လိုက်ဆိုစေပါမည်။

### စစ်ဆေးအကဲဖြတ်ချက်

- Tie သင်္ကေတကို နားလည်အသုံးပြုပြီး ရိုက်ချက်မှန်မှန်ဖြင့် အသံတန်ဖိုး မှန်ကန်စွာ သီဆိုနိုင်သည်။ (A)
- Tie သင်္ကေတကို နားလည်အသုံးပြုပြီး အသံတန်ဖိုး မှန်ကန်စွာ သီဆိုနိုင်သည်။ (S)
- Tie သင်္ကေတကို နားလည်အသုံးပြုပြီး အသံတန်ဖိုး မှန်ကန်စွာ မသီဆိုနိုင်ပါ။ (E)

## အခန်း(၁) ကျောင်းသွားကြမယ်

**ရည်ရွယ်ချက်** – ကျောင်းသွားကြမယ် တေးသီချင်းကို အနှစ်သာရပြည့်ဝစွာ သီဆိုတတ်ရန် ဖြစ်သည်။

**စာသင်ချိန်** – ၃/၅

### သင်ယူမှုဦးတည်ချက်

Slur နှင့် Tie တို့၏ ကွာခြားချက်ကို သိရှိနားလည်ပြီး အသံနေအသံထား မှန်ကန်စွာ သီဆိုတတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်၊ စည်း၊ ဝါး။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**


- ဆရာက သင်ထောက်ကူကားချပ် သို့မဟုတ် ကျောက်သင်ပုန်းကို အသုံးပြု၍ ကျောင်းသုံးစာအုပ် စာမျက်နှာ (၅)ရှိ Slur သင်္ကေတပါသော Notesနှင့် Tie သင်္ကေတပါသော Notes တို့ကို ထုတ်နုတ်ပြပြီး 'သားတို့သမီးတို့ရေ ဒီ Notes ၂ခုမှာ မျဉ်းကွေးနဲ့ဆက်ပြီး ဖော်ပြထားတာချင်းတူပေမဲ့ ကွဲပြားချက်လေးတွေ ရှိနေတယ်။ သားတို့ သမီးတို့ သိသလောက်ပြောပြပါအုံး' ဟု မေး၍ သင်ခန်းစာကို နိဒါန်းပျိုးပါမည်။ (ကလေး ၃-၄ဦးခန့်ကို ဖြေဆိုစေပါမည်။)(၅ မိနစ်)

**လုပ်ငန်းစဉ်**

- ဆရာက ကျောင်းသုံးစာအုပ် စာမျက်နှာ(၅)ကို ကိုးကား၍ Slur နှင့် Tie တို့၏ ကွာခြားချက်ကို ပြည့်စွက်ရှင်းလင်းရပါမည်။
- ဆရာက Slur ပါဝင်သော ဂီတသင်္ကေတများကို တစ်ကြိမ်၊ Tieပါဝင်သော ဂီတသင်္ကေတများကို တစ်ကြိမ်သီဆိုပြပြီး ကလေးများအား ကွဲပြားခြားနားချက်ကို သတိပြု၍ နားထောင်စေပါမည်။
- ကလေးများကို ဆရာနှင့်အတူ Slur ပါဝင်သော ဂီတသင်္ကေတများကို တစ်ကြိမ်၊ Tieပါဝင်သော ဂီတသင်္ကေတများကို တစ်ကြိမ်သီဆိုစေပါမည်။ ကလေးများကိုယ်တိုင် သီဆိုစေပါမည်။
- 'ကျောင်းသွားကြမယ်' သီချင်းတွင်ပါဝင်သော Forte, Mezzoforte စသည့် သင်္ကေတတို့၏ အဓိပ္ပာယ်ကို ကလေးအနည်းငယ်အား မေးပြီး ပြန်လည်လေ့ကျင့်ပေးပါမည်။
- ကလေးများအား အဖွဲ့ ၂ဖွဲ့ခွဲပြီး တစ်ဖွဲ့ကို သင်္ကေတများအား သတိထား၍ စာသားဖြင့် သီဆိုစေပြီး၊ ကျန်တစ်ဖွဲ့ကို 4/4 Timingရိုက်ချက်လိုက်စေပါမည်။ ဤလုပ်ငန်းစဉ်ကို တစ်လှည့်စီ ပြုလုပ်စေပါမည်။
- အထက်ပါအတိုင်း ဒို ရေ မီ သင်္ကေတကို သီဆိုစေပါမည်။(၂၅ မိနစ်)

**နိဂုံး**

- အထက်ပါ အဖွဲ့ ၂ဖွဲ့အား Tie, Forte နှင့် Mezzoforte တို့ကို သတိပြုကာ တေးသီချင်းကို တစ်ဖွဲ့စီအလှည့်ကျ သီဆိုစေပါမည်။ တစ်ဖွဲ့က သီဆိုနေစဉ် ဆရာနှင့် ကျန်အဖွဲ့များက 4/4 Timing လိုက်ရင်း အားပေးရပါမည်။(၁၀ မိနစ်)


အခန်း(၁) ကျောင်းသွားကြမယ်

**အသံအပြင်းအပျော့သင်္ကေတများ**

**Mezzoforte ( *mf* )**

Mezzoforte သင်္ကေတသည် အသံကိုအနည်းငယ် ပြင်းပြင်းကျယ်ကျယ် သီဆိုတီးမှုတ်ရသော သင်္ကေတအမှတ်အသားဖြစ်သည်။



**Forte ( *f* )**

Forte သင်္ကေတသည် အသံကိုပြင်းပြင်းကျယ်ကျယ် သီဆိုတီးမှုတ်ရသော သင်္ကေတအမှတ်အသားဖြစ်သည်။



၄

### သတိပြုရမည့်အချက်များ

- Eighth Rest, Fourth Rest, Tie, Forte, Mezzoforte သင်္ကေတနှင့် ၎င်းတို့၏ သီဆိုပုံကို ဦးစွာ သေသေချာချာ ပြန်လည်လေ့ကျင့်ပြီး မှတ်မိစေရပါမည်။
- ဂီတသင်္ကေတကားချပ်စသည်ဖြင့် လက်တွေ့နမူနာများပြ၍ Tie သင်္ကေတပါသည့် ထူးခြားသော Rhythm ပုံစံကို လေ့ကျင့်ပေးရပါမည်။

### စစ်ဆေးအကဲဖြတ်ချက်


- Tie, Forte, Mezzoforte တို့၏ အဓိပ္ပာယ်ကို သိရှိပြီး အသံအပြောင်းအလဲကို မှန်ကန်စွာ သီဆိုနိုင်သည်။ (A)
- Slur နှင့် Tie တို့၏ ကွာခြားချက်ကို သိရှိနားလည်ပြီး အသံနေအသံထား မှန်ကန်စွာ သီဆိုနိုင်သည်။ (S)
- Slur နှင့် Tie တို့၏ ကွာခြားချက်ကို သိရှိနားလည်ပြီး အသံနေအသံထား မှန်ကန်စွာ မသီဆိုနိုင်ပါ။ (E)

**အသံတူထပ်ဆင့် သီဆိုကြစို့**

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၁ | ၂ | ၃ | ၄ | |
| လွယ်အိတ် | လေးလဲ | လွယ် | - | ရောင်စုံ | ပန်းများ | အလယ် | - | |
| 𝄽 | 𝄽 | လွယ်အိတ် | လေးလဲ | လွယ် | - | ရောင်စုံ | ပန်းများ | အလယ် |


**Tie ( ‿ )**

တူညီသောအသံရှိသည့် သင်္ကေတနှစ်ခုကို မျဉ်းကွေးဖြင့်ဆက်၍ ဖော်ပြပြီး မျဉ်းကွေးအစရှိ အသံကိုဆိုတီးပြီးပါက ဒုတိယအသံကို နောက်ထပ်သီဆိုတီးရန်မလိုဘဲ အသံရှည်ဆွဲထားရန် ဖြစ်သည်။





**Slur နှင့် Tie ၏ ကွာခြားချက်**

Slur သင်္ကေတတွင် မျဉ်းကွေး၏ အစအသံနှင့် အဆုံးရှိအသံသည် တစ်ထပ်တည်းတူညီမှု မရှိပါ။ တစ်ဆက်တည်းချောမွေ့စွာ သီဆိုတီးမှုတ်ရန်ဖြစ်သည်။ ဥပမာ-




Tie သင်္ကေတတွင် မျဉ်းကွေး၏အစအသံနှင့် မျဉ်းကွေး၏အဆုံးအသံမှာ အတူတူပင်ဖြစ်သည်။






## သတိပြုရမည့်အချက်များ

- တေးသီချင်း၏ အနှစ်သာရကို ခံစား၍ လိုက်ဖက်မည့် သီဆိုပုံကို ကလေးများအား စဉ်းစားစေပါမည်။ ကလေးများ စဉ်းစားနေချိန်တွင် တက်တက်ကြွကြွ သီဆိုပုံ၊ ညင်ညင်သာသာသီဆိုပုံ၊ အသံကျယ်ကျယ်ဖြင့် သာသာယာယာသီဆိုပုံတို့ကို လက်တွေ့ဆိုပြလျှင်လည်း ပိုမိုထိရောက်နိုင်ပါသည်။
- အသံအတိုးအကျယ်ကို သတိထားပြီး သီဆိုစေပါမည်။
- အသံကို ပြင်းပြင်းကျယ်ကျယ်သီဆိုခြင်း၊ အနည်းငယ် ပြင်းပြင်းကျယ်ကျယ်သီဆိုခြင်းတို့ကို မိမိတို့ စိတ်ကြိုက် တီထွင်ဖန်တီး၍ သတိပြု သီဆိုစေပါမည်။
- အသံအပြင်းအပျော့၊ အတိုးအကျယ်ကို ကလေးများ ပိုမိုနားလည်စေရန် သင်ထောက်ကူကားချပ်များ ပြင်ဆင်ပြုလုပ်ထားပါက ပိုကောင်းပါမည်။

## စစ်ဆေးအကဲဖြတ်ချက်

- တေးသီချင်း၏ အနှစ်သာရအဓိပ္ပာယ်ကို ပေါ်လွင်အောင် အသံပြင်းပျော့မှန်ကန်စွာဖြင့် တက်ကြွရွှင်လန်းစွာ သီဆိုနိုင်သည်။ (A)
- တေးသီချင်း၏ အနှစ်သာရအဓိပ္ပာယ်ကို ပေါ်လွင်အောင် အသံပြင်းပျော့ကို သတိပြု၍ မှန်ကန်စွာ သီဆိုနိုင်သည်။ (S)
- တေးသီချင်း၏ အနှစ်သာရကို ခံစား၍ မသီဆိုနိုင်ပါ။ (E)

# အခန်း(၁) ကျောင်းသွားကြမယ်

**ရည်ရွယ်ချက်** – ကျောင်းသွားကြမယ် တေးသီချင်းကို အနှစ်သာရပြည့်ဝစွာ သီဆိုတတ်ရန် ဖြစ်သည်။

**စာသင်ချိန်** – ၄/၅

## သင်ယူမှုဦးတည်ချက်

တေးသီချင်း၏ အနှစ်သာရအဓိပ္ပာယ်ကို ပေါ်လွင်အောင် အသံပြင်းပျော့ကို သတိပြု၍ မှန်ကန်စွာ သီဆိုတတ်ရန်။

## သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်၊ စည်း၊ ဝါး။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

- ‘ကျောင်းသွားကြမယ်’ တေးသီချင်းကို 4/4 Timing ရိုက်ချက်နှင့်အညီ အသံအပြင်းအပျော့ သင်္ကေတစသည်တို့ကို သတိထားပြီး အားလုံးအတူ သီဆိုကြမည်။(၅ မိနစ်)

**လုပ်ငန်းစဉ်**

- ‘ကျောင်းသွားကြမယ်’ သီချင်းစာသားများမှ မည်သို့ခံစားရကြောင်း ကလေးများအား လွတ်လပ်စွာ ဆွေးနွေးစေပါမည်။ (ဥပမာ- ‘ပျော်စရာကောင်းတယ်’ ‘တက်တက်ကြွကြွ ရှိတယ်’။)
- တေးရေးသူ၏ သီချင်းတွင် ခံစားစပ်ဆိုထားသည့် ခံစားချက်ကို ထိုတေးသီချင်း၏ အနှစ်သာရဟု ခေါ်ဆိုကြောင်း ရှင်းပြရပါမည်။
- ‘ကျောင်းသွားကြမယ်’ တေးသီချင်းတွင် အပိုဒ် Aနှင့် Cတွင် ကျောင်းသို့ ပျော်ပျော်ရွှင်ရွှင် သွားကြကြောင်း အပိုဒ် B တွင် နိုင်ငံတော်က အားထားရသော ကျောင်းသားများဖြစ်စေရန် ကြိုးစားသင့်ကြောင်း စသည့် ခံစားချက်များပါဝင်ကြောင်းကို ရှင်းပြရပါမည်။
- ကျောင်းသားများအား ၆ ယောက်၊ ၈ ယောက်ခန့်ပါသော အဖွဲ့များဖွဲ့ပြီး တစ်ဖွဲ့ချင်းစီကို အထက်ပါ အနှစ်သာရများ ပေါ်လွင်စေရန် မည်သို့ သီဆိုသင့်ကြောင်း (ဥပမာ- အသံအနည်းငယ်ပြင်းပြင်းကျယ်ကျယ်နှင့် သာယာစွာ သီဆိုမည်။)ကို ဆွေးနွေးစေမည်။
- အဖွဲ့လိုက် မိမိတို့ စဉ်းစားထားသည့်အတိုင်း အနှစ်သာရကို ခံစားသီဆိုနိုင်ရန် လေ့ကျင့်စေမည်။(၂၅ မိနစ်)

**နိဂုံး**

- တစ်ဖွဲ့ချင်းစီကို တေးသီချင်းတစ်ပိုဒ်စီ၏ အနှစ်သာရကို ခံစားသီဆိုစေပါမည်။ ထိုအချိန်တွင် မည်သို့ခံစားပြီး သီဆိုကြောင်းပြန်လည်ရှင်းပြစေပြီး အဘယ်ကြောင့် ထိုသို့သီဆိုရကြောင်း ရှင်းပြစေပါမည်။ (၁၀ မိနစ်)



DBL BOX

## အခန်း(၁) ကျောင်းသွားကြမယ်

**ရည်ရွယ်ချက်** – ကျောင်းသွားကြမယ် တေးသီချင်းကို အနှစ်သာရပြည့်ဝစွာ သီဆိုတတ်ရန် ဖြစ်သည်။

**စာသင်ချိန်** – ၅/၅

### သင်ယူမှုဦးတည်ချက်

အဖွဲ့လိုက် ပူးပေါင်းကာ တီထွင်ဖန်တီး၍ သီဆိုဖျော်ဖြေတတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်၊ စည်း၊ ဝါး။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

- ကလေးများအား သီချင်းစာသား တစ်ပိုဒ်ချင်းစီ၏ အဓိပ္ပာယ်နှင့် မည်သို့ခံစားရသည်ကို လွတ်လပ်စွာ ပြောစေမည်။(၅ မိနစ်)

**လုပ်ငန်းစဉ်**

- ဆရာက တေးကဗျာ၏ အဓိပ္ပာယ်နှင့် လိုက်ဖက်သော ဟန်အမူအရာများကို အဖွဲ့လိုက်စဉ်းစားပြီး ခံစားသီဆို သရုပ်ဖော်ရမည်ဖြစ်ကြောင်း ရှင်းပြရပါမည်။
- အတန်းရှိ ကလေးအရေအတွက်ပေါ် မူတည်၍ သင့်လျော်သလိုအဖွဲ့များ ဖွဲ့ပါမည်။ အဖွဲ့တိုင်းအား ခေါင်းဆောင်တစ်ဦးစီ ရွေးချယ်စေပါမည်။
- အဖွဲ့လိုက် မိမိတို့ပြုလုပ်လိုသော သီဆိုသရုပ်ဖော်ပုံများကို ဆွေးနွေးတိုင်ပင်စေပါမည်။
- အဖွဲ့လိုက်ဆွေးနွေးတိုင်ပင်နေစဉ် ဆရာက အဖွဲ့တိုင်းကို လိုက်လံကြည့်ရှု ကူညီပေးရပါမည်။
- တစ်ဖွဲ့က သီဆိုသရုပ်ဖော်နေစဉ် ဆရာနှင့် ကျန်အဖွဲ့များက ကောင်းမွန်သည့်အချက်များကို ကြည့်ရှုမှတ်သားစေပါမည်။ တစ်ဖွဲ့သီဆိုဖျော်ဖြေပြီးပါက ကျန်အဖွဲ့များက ကြည့်ရှုမှတ်သားထားသော ကောင်းမွန်သည့်အချက်များကို တစ်ဖွဲ့ချင်း ပြောပြစေပါမည်။ တစ်ဖွဲ့ပြီးတိုင်း ဆရာက ချီးကျူးစကား ပြောပေးရပါမည်။(၃၀ မိနစ်)

**နိဂုံး**

- သီဆိုသရုပ်ဖော်သောအဖွဲ့များတွင် မည်သည့်အဖွဲ့က အကောင်းဆုံး လုပ်နိုင်သည်ကို ကျောင်းသားများအား မေးမြန်းစေမည်။ ဆရာက ဖြည့်စွက်၍ ကောင်းမွန်သောအချက်များကို ချီးကျူးစကား ပြောပေးရပါမည်။(၅ မိနစ်)




### သတိပြုရမည့်အချက်များ

- အဖွဲ့လိုက် မည်သို့သီဆိုသရုပ်ဖော်မည်ကို တိုင်ပင်ချိန်တွင် သီချင်း၏ အနှစ်သာရ၊ အသံအတိုးအကျယ် (တဖြည်းဖြည်းကျယ်သွားခြင်း၊ တဖြည်းဖြည်းတိုးသွားခြင်း)နှင့် ညင်ညင်သာသာသီဆိုချိန်တွင် စကားပြောနေသကဲ့သို့ သီဆိုခြင်း စသည်တို့ကို သတိပြု၍ ဆွေးနွေးစေပါမည်။
- အဖွဲ့တိုင်း၏ သရုပ်ဖော်ပုံများကို ဆရာက ချီးကျူးစကား ပြောပေးရပါမည်။
- အဖွဲ့လိုက် သရုပ်ဖော်ရာတွင် ပါဝင်လုပ်ဆောင်နိုင်မှု အားနည်းသော ကလေးရှိပါက ပူးပေါင်းပါဝင်စေရန် ဆရာက ကူညီပေးရပါမည်။

### စစ်ဆေးအကဲဖြတ်ချက်

- အဖွဲ့လိုက်ပူးပေါင်းကာ တေးသီချင်း၏ အဓိပ္ပာယ်ကို ပိုမိုပေါ်လွင်အောင် တီထွင်ဖန်တီး၍ ပျော်ရွှင်စွာ သီဆိုဖျော်ဖြေနိုင်သည်။ (A)
- အဖွဲ့လိုက်ပူးပေါင်းကာ တီထွင်ဖန်တီး၍ သီဆိုဖျော်ဖြေနိုင်သည်။ (S)
- အဖွဲ့လိုက်ပူးပေါင်းကာ တီထွင်ဖန်တီး၍ သီဆိုဖျော်ဖြေခြင်း မပြုလုပ်နိုင်ပါ။ (E)

# သင်ကြားမှုအစီအစဉ်နှင့် ဆရာလမ်းညွှန်

## အခန်း(၂) တူးပို့ တူးပို့

စတုတ္ထတန်း (ဒီဇင်ဘာလ စတုတ္ထပတ်မှ ဇန်နဝါရီလ စတုတ္ထပတ်အထိ)

| | |
|---|---|
| သင်ခန်းစာခေါင်းစဉ် | တူးပို့ တူးပို့ |
| ရည်ရွယ်ချက် | တူးပို့ တူးပို့ တေးသီချင်းကို ဗုံစသည့် တူရိယာတို့ဖြင့် တွဲဖက်သီဆိုပြီး က တတ်ရန်ဖြစ်သည်။ |
| သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ | ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်များ၊ စည်း၊ ဝါး။ |
| သင်ကြားမည့် အကြောင်းအရာ | - တေးသီချင်းကို ဖတ်၍ အဓိပ္ပာယ်ကို နားလည်သိရှိမည်။<br>- 4/4 Timing ရိုက်ချက်နှင့်အညီ တေးစာသား ဒို ရေ မီ သင်္ကေတဖြင့် သီဆိုမည်။<br>- သံစဉ်တူများ ထပ်ကျော့ပါဝင်သည့်ပုံစံဖြင့် ဖွဲ့စည်းရေးစပ်ထားသော တေးသီချင်းဖြစ်ကြောင်းကို နားလည်သိရှိစေမည်။<br>- Ostinart Rhythm ပုံစံကို နားလည်သိရှိကာ ဗုံဖြင့် တီးခတ်မည်။<br>- တေးသီချင်းနှင့် လိုက်ဖက်ညီအောင် ကမည်။<br>ဤသင်ခန်းတွင် တူးပို့ တူးပို့ တေးသီချင်းကို သီဆိုခြင်း၊ ဗုံဖြင့် တီးခတ်ခြင်း၊ ကပြခြင်းတို့ဖြင့် သီဆိုတီးမှုတ်ကခုန်ပုံကို ပျော်ရွှင်ခံစားခြင်းမှာ အရေးကြီးသည်။ စာသင်ချိန် (၁)နှင့် (၂)တွင် တေးစာသား၏ အဓိပ္ပာယ်နှင့် Ritardando, Fermata သင်္ကေတတို့ကို နားလည်သိရှိကာ တေးသီချင်းနှင့် ဒို ရေ မီ သင်္ကေတကို အသံနေအသံထား မှန်ကန်စွာ သီဆိုနိုင်ရန် လေ့ကျင့်မည်။ စာသင်ချိန် (၃)တွင် တေးသီချင်းမှာ သံစဉ်တူများ ထပ်ကျော့ပါဝင်သည့်ပုံစံ အများအပြား ပါဝင်ကြောင်း သိရှိ နားလည်ပြီး Ostinart Rhythm ပုံစံကို တွဲဖက်သီဆိုတီးနိုင်ရန် လေ့ကျင့်မည်။ စာသင်ချိန် (၄)တွင် တေးသီချင်းကို ဗုံအသံထွက်နှင့် လိုက်ဖက်ညီအောင် က မည်။ စာသင်ချိန် (၅)တွင် သီဆိုမည့်အဖွဲ့၊ တီးခတ်သည့်အဖွဲ့၊ က မည့်အဖွဲ့များခွဲကာ တွဲဖက်သီဆိုမည်။ အဖွဲ့အသီးသီးကို တစ်လှည့်စီ ပျော်ရွှင်စွာ သီဆိုတီးခတ်စေမည်။<br>ဂီတသင်္ကေတနှင့် အသုံးအနှုန်းများ<br>- သံစဉ်တူများ ထပ်ကျော့ပါဝင်ခြင်း<br>- Ostinart<br>- Ostinart ဆိုသည်မှာ Rhythm Pattern တစ်ခုတည်းကို အကြိမ်ကြိမ် ထပ်ဆင့်၍ တီးခတ်သည့် နည်းလမ်းဖြစ်သည်။ |
| စုစုပေါင်းသင်ကြားချိန် | စာသင်ချိန် (၅)ချိန် |

| စာသင်ချိန် | သင်ယူမှုဦးတည်ချက် | စစ်ဆေးအကဲဖြတ်ချက် (ကောင်းအဆင့်) |
|---|---|---|
| ၁။ | တေးစာသား၏ အဓိပ္ပာယ်ကို သိရှိနားလည်ပြီး အသံနေအသံထား မှန်ကန်စွာဖြင့် ပျော်ရွှင်စွာ သီဆိုတတ်ရန်။ | တေးစာသား၏ အဓိပ္ပာယ်ကို သိရှိနားလည်ပြီး အသံနေအသံထား မှန်ကန်စွာဖြင့် ပျော်ရွှင်စွာ သီဆိုနိုင်သည်။ |
| ၂။ | ဂီတသင်္ကေတတန်ဖိုး အသံအနိမ့်အမြင့်ကို မှန်ကန်သာယာစွာဖြင့် သီဆိုတတ်ရန်။ | ဂီတသင်္ကေတ တန်ဖိုး၊ အသံအနိမ့်အမြင့်တို့ကို မှန်ကန်သာယာစွာဖြင့် သီဆိုနိုင်သည်။ |
| ၃။ | ဂီတဝေါဟာရအသုံးအနှုန်းဖြစ်သော Ostinart ကို နားလည်သိရှိပြီး သီဆိုတတ်ရန်။ | ဂီတဝေါဟာရအသုံးအနှုန်းဖြစ်သော Ostinart ကို နားလည်သိရှိပြီး သီဆိုနိုင်သည်။ |
| ၄။ | Ostinart ဖြစ်သော Rhythm ပုံစံ ဗုံသံကို တေးသီချင်းနှင့် လိုက်ဖက်ညီစွာ သီဆို၍ က တတ်ရန်။ | Ostinart ဖြစ်သော Rhythm ပုံစံ ဗုံသံကို တေးသီချင်းနှင့် လိုက်ဖက်ညီစွာ သီဆို၍ က နိုင်သည်။ |
| ၅။ | အဖွဲ့လိုက် ပူးပေါင်းပြီး တီထွင်ဖန်တီး၍ သီဆိုတီးခတ် က ပြဖျော်ဖြေတတ်ရန်။ | အဖွဲ့လိုက်ပူးပေါင်းပြီး တီထွင်ဖန်တီး၍ သီဆိုတီးခတ် က ပြဖျော်ဖြေနိုင်သည်။ |

## အခန်း(၂) တူးပို့ တူးပို့

**ရည်ရွယ်ချက်** – တူးပို့ တူးပို့ တေးသီချင်းကို ဖုံစသည့် တူရိယာတို့ဖြင့် တွဲဖက်သီဆိုပြီး က တတ်ရန်ဖြစ်သည်။

**စာသင်ချိန်** – ၁/၅

### သင်ယူမှုဦးတည်ချက်

တေးစာသား၏ အဓိပ္ပာယ်ကို သိရှိနားလည်ပြီး အသံနေအသံထား မှန်ကန်စွာဖြင့် ပျော်ရွှင်စွာ သီဆိုတတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်၊ စည်း၊ ဝါး။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

- ဆရာက အောက်ပါမေးခွန်းများဖြင့် သင်ခန်းစာကို နိဒါန်းပျိုးပါမည်။
- သားတို့ သမီးတို့ နွေရာသီရောက်ရင် ဘာပွဲတော်တွေရှိသလဲ။ ဘယ်ပွဲတော်ဆို ပျော်သလဲ။ ဖြေကြသည့်အထဲတွင် သင်္ကြန်ပွဲတော်မပါပါက ဆရာက ဖြည့်စွက်ပြောပြရပါမည်။ အဖွဲ့ ၃ဖွဲ့ဖွဲ့၍ သင်္ကြန်ပွဲဆင်နွှဲပုံ စသည်တို့ကို ဆွေးနွေးပြောပြစေပါမည်။(၅ မိနစ်)

**လုပ်ငန်းစဉ်**

- ဆရာက ကျောင်းသုံးစာအုပ်ပါ ပုံမှ အကြောင်းအရာများကို ကလေးများအား ပြောပြစေပါမည်။ သင်္ကြန်ပွဲတော်ဆင်နွှဲပုံ၊ ယဉ်ကျေးမှုဆိုင်ရာ ရိုးရာဓလေ့များအကြောင်းကို မြတ်နိုးတန်ဖိုးထား၍ ဂုဏ်ယူတတ်စေရန် ဖြည့်စွက် ရှင်းပြရပါမည်။
- ဆရာက သီချင်းစာသားတစ်ပိုဒ်စီအား သီဆိုပြ၍ အဓိပ္ပာယ်ကို ဆွေးနွေးမေးမြန်းပါမည်။ ကလေးများ ပိုမိုနားလည်စေရန် ဆရာက ဖြည့်စွက်ရှင်းလင်းပေးရပါမည်။
- တေးသီချင်း အစအဆုံးကို ဆရာက အသံနေအသံထားမှန်ကန်စွာဖြင့် အမူအရာများ ပြုလုပ်၍ ဝါးလက်စည်း တီးခတ်ပြီး ၂ကြိမ်ခန့် သီဆိုပြပါမည်။ ဆရာက သီဆိုနေစဉ် ကလေးများအား ဝါးလက်စည်းလိုက်ရင်း နားထောင်စေပါမည်။
- ထို့နောက် ဆရာက တေးစာသား ၂ကြောင်းစီကို သီဆိုပြပြီး ကလေးများအား လိုက်ဆိုစေပါမည်။
- ပထမပိုဒ်အဆုံးထိရလျှင် တေးသီချင်းအစမှ ပထမပိုဒ်အဆုံးထိ ဆရာနှင့်အတူ သီဆိုစေပါမည်။ ကလေးများကိုယ်တိုင် သီဆိုစေပါမည်။
- အထက်ပါအတိုင်း ဒုတိယပိုဒ်ကို ဆက်လက်သင်ကြားပေးရပါမည်။
- ကလေးများကိုယ်တိုင် အစမှ အဆုံးထိ သီဆိုစေပါမည်။
- ဆရာက ကလေးများအား တေးသီချင်း၏အဓိပ္ပာယ်ကို စဉ်းစားစေပြီး မည်သို့ခံစားရကြောင်း ဆွေးနွေးပါမည်။ တေးသီချင်း၏ အဓိပ္ပာယ်ကို နားလည်စေပြီးမှ နောက်တစ်ကြိမ် ခံစားသီဆိုစေပါမည်။(၂၅ မိနစ်)

**နိဂုံး**

- အတန်းရှိကျောင်းသားဦးရေအပေါ် မူတည်၍ သင့်လျော်သလို အဖွဲ့ဖွဲ့ပြီး တစ်ဖွဲ့ချင်းကို သီဆိုစေပါမည်။ တစ်ဖွဲ့က သီဆိုနေစဉ် ကျန်အဖွဲ့များက ဆရာနှင့်အတူ စည်းချက်လိုက်ရင်း ကြည့်ရှုအားပေးပါမည်။ (၁၀ မိနစ်)



**အခန်း(၂) တူးပို့ တူးပို့**

**တူးပို့ တူးပို့**

တေးရေး - မြို့မငြိမ်း

သင်္ကြန်နှစ်ဦး တူးပို့တူးပို့
တူးသံ မြူးသာယာ
သင်္ကြန်မယ်များ တူးပို့တူးပို့ တူးမာရဲ့နော်ဗျာ
ငွေငန်းသံစုံ တူးပို့တူးပို့ အာရုံဖျော်ဖြေတာ
မယ်တို့ကိုလဲ တူးပို့တူးပို့ မာပါစေခင်ဗျာ။

ပိတောက်တွေ ဝင်းလျှံ ရွှေရည်လူး တူးပို့တူးလဲ့ဝါ
ညင်းလေဖြူးဖြူး ဆော်ကာမြူး တူးပို့တူးညင်သာ
သင်္ကြန်ရေ အေးတာ အေးတာ
သင်္ကြန်ရေ အေးတာ အေးတာ
ရွှဲရွှဲလောင်းပါ တူးပို့တူးပို့
တူးသံမြူးသည် ချစ်ကြည်သင်္ကြန်ခါ။






### သတိပြုရမည့်အချက်များ


- တေးသီချင်း၏ အဓိပ္ပာယ်ကို ကလေးများ ပျော်ရွှင်စွာ နားလည်သီဆိုနိုင်စေရန် ဆရာက ဟန်အမူအရာ ပြုလုပ်၍ သီဆိုပြရပါမည်။
- တေးသီချင်း၏ ဒုတိယပိုဒ်အဆုံးတွင် အသံရှည်ဆွဲ၍ အဆုံးသတ်သီဆိုရမည်ဖြစ်ကြောင်း ကလေးများအား သေချာစွာ ရှင်းပြ၍ သင်ကြားပေးရပါမည်။
- မြန်မာ့ဓလေ့ မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော်သည် အလွန်ပင်ပျော်ရွှင်ဖွယ်ကောင်းပုံ၊ မြတ်နိုးဖွယ်ကောင်းပုံကို ပေါ်လွင်အောင် သီဆိုရန် အတွက် ခံစားမိသည်များကို ကတ်ပြားပေါ်တွင် ရေး၍ မျှဝေပါက ပိုမိုကောင်းမွန်ပါသည်။
- သီချင်းစတင်သီဆိုသည့်အခါ အစပြုသည့်အသံ 'တီ' ကို ပလွေဖြင့် အသံတည်ပေးရပါမည်။

### စစ်ဆေးအကဲဖြတ်ချက်

- တေးစာသား၏ အဓိပ္ပာယ်ကို သိရှိနားလည်ပြီး အသံနေအသံထား မှန်ကန်စွာဖြင့် ပျော်ရွှင်စွာ ခံစား၍ သီဆိုနိုင်သည်။ (A)
- တေးစာသား၏ အဓိပ္ပာယ်ကို သိရှိနားလည်ပြီး အသံနေအသံထား မှန်ကန်စွာဖြင့် ပျော်ရွှင်စွာ သီဆိုနိုင်သည်။ (S)
- တေးစာသား၏ အဓိပ္ပာယ်ကို သိရှိနားလည်ပြီး အသံနေအသံထား မှန်ကန်စွာ မသီဆိုနိုင်ပါ။ (E)

DRAFT





## အခန်း(၂) တူးပို့ တူးပို့

**ရည်ရွယ်ချက်** – တူးပို့ တူးပို့ တေးသီချင်းကို ဗုံစသည့် တူရိယာတို့ဖြင့် တွဲဖက်သီဆိုပြီး က တတ်ရန်ဖြစ်သည်။

**စာသင်ချိန်** – ၂/၅

### သင်ယူမှုဦးတည်ချက်

ဂီတသင်္ကေတတန်ဖိုး အသံအနိမ့်အမြင့်ကို မှန်ကန်သာယာစွာဖြင့် သီဆိုတတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်၊ စည်း၊ ဝါး။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

- တူးပို့ တူးပို့ တေးသီချင်းကို 4/4 Timing ရိုက်ချက်လိုက်ရင်း ပြန်လည်သီဆိုစေပါမည်။(၅ မိနစ်)

**လုပ်ငန်းစဉ်**

- ဆရာက တေးသီချင်း၏ ဘား (၁)မှ ဘား (၁၉)အထိ ဂီတသင်္ကေတကို အသံအနိမ့်အမြင့် သင်္ကေတတန်ဖိုး မှန်ကန်စွာဖြင့် သီဆိုပြပြီး ကလေးများအား နားထောင်စေပါမည်။
- ပြီးလျှင် သင်္ကေတ ၂ဘားချင်းစီကို ဆရာက သီဆိုပြပြီး ကလေးများအား လိုက်ဆိုစေပါမည်။
- ဘား(၁)နှင့် ဘား(၂)ရှိ Whole Restကို ရိုက်ချက်လေးချက်စာပြည့်အောင် လက်ခုပ်တီး၍ လေ့ကျင့်စေပါမည်။
- တေးသီချင်း၏ ဘား (၁၅)နှင့် ဘား(၁၆)ကို သင်ကြားသောအခါ ဘားအစရှိ Eighth Restမှာ သတိပြု၍ သီဆိုရန် လိုအပ်သောကြောင့် ခုံပုတ်ခြင်း လက်ခုပ်တီးခြင်းများ ပြုလုပ်၍ ထပ်ကာထပ်ကာ သင်ကြားလေ့ကျင့်ပေးရပါမည်။
- ဘား (၁၈) Ritardando သင်္ကေတနေရာတွင် တဖြည်းဖြည်းနှေး၍ သီဆိုပြီး ဘား (၁၉)ရှိ Fermata သင်္ကေတနေရာတွင် စိတ်ကြိုက်အသံရှည်ဆွဲ၍ အဆုံးသတ်သီဆိုပြပြီး သင်ကြားပေးရပါမည်။
- ဂီတသင်္ကေတ ၁၉ဘားလုံး ရရှိပါက ဆရာနှင့်အတူ 4/4 Timing ရိုက်ချက်ဖြင့် သီဆိုစေပါမည်။
- ထို့နောက် ကလေးများကိုယ်တိုင် 4/4 Timing ရိုက်ချက်ဖြင့် သီဆိုစေပါမည်။(၂၅ မိနစ်)

**နိဂုံး**

- အဖွဲ့ ၂ဖွဲ့ ဖွဲ့၍ တစ်ဖွဲ့ကို တေးစာသားဖြင့် သီဆိုစေပြီး ကျန်တစ်ဖွဲ့ကို ဂီတသင်္ကေတဖြင့် သီဆိုစေပါမည်။ ဤလုပ်ငန်းစဉ်ကို တစ်လှည့်စီပြောင်း၍ သီဆိုစေပါမည်။ ထို့နောက် Ritardando နှင့် Fermata သင်္ကေတများကို ကလေးများ နားလည်ခြင်း ရှိ မရှိ ပြန်လည်လေ့ကျင့်စေပြီး နိဂုံးချုပ်ရပါမည်။(၁၀ မိနစ်)

### သတိပြုရမည့်အချက်များ

- သင်္ကေတတန်ဖိုး၊ အသံအနိမ့်အမြင့်နှင့် အသံထွက် မှန်ကန်စွာ သီဆိုနိုင်ရန် အထပ်ထပ် လေ့ကျင့်ပေးရပါမည်။
- သင်္ကေတ သင်ကြားသည့်အခါ သင်ထောက်ကူကားချပ်ကို အသုံးပြု၍ သင်ကြားလျှင် ပို၍ ထိရောက်နိုင်ပါသည်။ သင်္ကေတ တန်ဖိုးအတိုင်းကို မှန်ကန်စွာ သီဆိုနိုင်ရန် ရိုက်ချက် တစ်ချက်ချင်းစီကို ထောက်ပြ၍ သီဆိုပြရပါမည်။
- အသံအနိမ့်အမြင့် အတိုအရှည်ကို သီဆိုရာတွင် အခက်အခဲရှိသော ကလေးများ ရှိပါက ဒို ရေ မီ လက်ဟန်ဖြင့် ဆရာက ဆိုပြပြီး ကလေးများကို လိုက်ဆိုစေလျှင်လည်း ရပါသည်။
- ဘား (၁၈)နှင့် ဘား(၁၉)အဆုံးရှိ အသံအမြန်နှုန်းပြ Ritardando နှင့် Fermata သင်္ကေတနေရာများတွင် ကလေးများ စိတ်ကြိုက် အသံဆွဲ၍ အဆုံးသတ် သီဆိုစေပါမည်။

### စစ်ဆေးအကဲဖြတ်ချက်

- ဂီတသင်္ကေတ တန်ဖိုး၊ အသံအနိမ့်အမြင့်တို့ကို ရိုက်ချက်မှန်ကန်သာယာစွာဖြင့် စိတ်ရောကိုယ်ပါ သီဆိုနိုင်သည်။ (A)
- ဂီတသင်္ကေတ တန်ဖိုး၊ အသံအနိမ့်အမြင့်တို့ကို မှန်ကန်သာယာစွာဖြင့် သီဆိုနိုင်သည်။ (S)
- ဂီတသင်္ကေတ တန်ဖိုး၊ အသံအနိမ့်အမြင့်တို့ကို မှန်ကန်စွာ မသီဆိုနိုင်ပါ။ (E)

## အခန်း(၂) တူးပို့ တူးပို့

**ရည်ရွယ်ချက်** – တူးပို့ တူးပို့ တေးသီချင်းကို ဗုံစသည့် တူရိယာတို့ဖြင့် တွဲဖက်သီဆိုပြီး က တတ်ရန်ဖြစ်သည်။

**စာသင်ချိန်** – ၃/၅

### သင်ယူမှုဦးတည်ချက်

ဂီတဝေါဟာရအသုံးအနှုန်းဖြစ်သော Ostinart ကို နားလည်သိရှိပြီး သီဆိုတတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်၊ စည်း၊ ဝါး။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**


- ဂီတသင်္ကေတတန်ဖိုး၊ သံစဉ်အနိမ့်အမြင့်ကို မှန်ကန်သာယာစွာဖြင့် စည်းချက်လိုက်ကာ သီဆိုစေပါမည်။(၅ မိနစ်)

**လုပ်ငန်းစဉ်**

- ကလေးများအား သံစဉ်တူသည့်နေရာများပါဝင်ကြောင်း သိရှိစေရန် ကျောင်းသုံးစာအုပ်ကို ကြည့်၍ ရှာစေပါမည်။
- ကလေးများကိုယ်တိုင် ဂီတသင်္ကေတဖြင့် သီဆိုစေပြီး ၎င်းနေရာများရှိ သံစဉ်မှာ အမှန်တကယ် ထပ်တူခြင်း ရှိ မရှိ အတည်ပြုစေပါမည်။
- ကျောင်းသုံးစာအုပ်ရှိ ဂီတသင်္ကေတ သို့မဟုတ် သင်ထောက်ကူကားချပ်ကို ပြ၍ သကြ်န်သီချင်း ဗုံအသံထွက် 'ဗေပို တူးပို တူးပို တူ' အသံကို 4/4 Timing ရိုက်ချက်နှင့်အညီ ရွတ်ဆိုပြီး လေ့ကျင့်စေပါမည်။
- ဆရာက ၎င်းအသံထွက်များကို ရွတ်ဆို၍ နမူနာ ရိုက်ပြပါမည်။ ပြီးလျှင် ဗုံ အသံထွက်ကို တီးသည့်အခါ ဗေ နေရာတွင် လက်သီးဖြင့် တီးစေပြီး ကျန်သည့် အသံထွက်နေရာများကို လက်ဝါးဖြင့် ဘယ်ညာ တစ်လှည့်စီ တီးခတ်စေပါမည်။
- အဖွဲ့ ၂ဖွဲ့ခွဲပြီး တစ်ဖွဲ့ကို ဗုံသံ 'ဗေပို တူးပို တူးပို တူ'ကို ရွတ်ဆိုတီးခတ်စေကာ ကျန်တစ်ဖွဲ့ကို သီချင်းစာသားအား 4/4 Timing ရိုက်ချက်နှင့်အညီ သီဆိုစေပြီး တစ်လှည့်စီပြုလုပ်စေပါမည်။
- Rhythm ပုံစံတူများ ထပ်ကာထပ်ကာ တစ်ဆက်တည်း တီးရသည့်ပုံစံကို ဂီတဝေါဟာရတွင် Ostinart ဟု ခေါ်ဆိုကြောင်း ရှင်းပြရပါမည်။
- Rhythm ပုံစံ တီးရာတွင် ခုံပုတ်ခြင်းအပြင် ခြေလက်များကို ပုတ်ခြင်း ထမင်းဘူးစသည်တို့ကို အသုံးပြု၍ တီးခြင်း စသည်ဖြင့် အဖွဲ့လိုက်တီးခတ်ပုံ အမျိုးမျိုးကို စဉ်းစားစေပါမည်။(၃၀ မိနစ်)

**နိဂုံး**

- စာသားသီဆိုမည့်အဖွဲ့နှင့် ဗုံသံရိုက်၍ သီဆိုမှု Ostinart ပြုလုပ်မည့်အဖွဲ့ဟူ၍ ခွဲကာ တစ်လှည့်စီပြောင်း၍ သီဆိုစေပါမည်။(၅ မိနစ်)



အခန်း(၂) တူးပို့ တူးပို့

**Ostinart**

Ostinart ဆိုသည်မှာ Rhythm Pattern (ဗုံအသံ)ပုံစံတူများကို သီချင်းဆုံးသည်အထိ ထပ်ကာ ထပ်ကာ တစ်ဆက်တည်း တီးခတ်ရသည့်ပုံစံဖြစ်သည်။

**Ostinart ကို သီဆိုတီးမှုတ်ခြင်း**

**သင်္ကြန်သီချင်း ဗုံအသံထွက်ကို သီဆိုကြစို့**



**ဗုံအသံထွက်ကို လက်ဖြင့်ပုတ်၍ တီးကြစို့**



၁၀

### သတိပြုရမည့်အချက်များ

- Ostinart မှာ တစ်သမတ်တည်းဖြစ်သော Rhythmပုံစံတစ်ခုကို ထပ်ကာထပ်ကာ သီဆိုတီးမှုတ်ခြင်းဖြစ်သည်။ အရာဝတ္ထုများကို တီးခတ်သောအသံများ၊ တူရိယာများကို ထပ်ကာထပ်ကာ တီးမှုတ်သီဆိုခြင်းဖြစ်ကြောင်း သတိပြုသင်ကြားပေးရမည်။
- Rhythmပုံစံပထမရိုက်ချက်ရှိ ရပ်နားသင်္ကေတနေရာတွင် လက်ဝါးထောင်၍ ၁ ဟု သီဆိုပြီး ရပ်နားစေကာ ဒုတိယရိုက်ချက်မှ စရပါမည်။ သင်ထောက်ကူကားချပ်ကို အသုံးပြုသင်ကြားပါကကျောင်းသားများ ပိုမိုနားလည်နိုင်ပါသည်။ သီချင်းစာသားကို သီဆိုရာတွင် ရပ်နားသင်္ကေတ မပါသောကြောင့် အစမှဆိုရမည်ကို သတိထားစေပါမည်။ သီချင်းစာသားနှင့် ဗုံသံကိုက်ညီစေရန် ဆရာက အသံကျယ်ကျယ်ဖြင့် ဖြည်းညင်းစွာ Timing ခေါ်ပေးရပါမည်။
- ဗုံသံ 'ဗေပို တူးပို တူးပို တူ'သီဆိုခြင်းနှင့် အရာဝတ္ထုတို့ကိုတီးခတ်သည့် Rhythm မှာ သီချင်းဆုံးသည်အထိ ထပ်ကျော့နေကြောင်း ရှင်းပြရပါမည်။ တေးရေးသူမှာ ဗုံသံကို သီချင်း စာသားအနေဖြင့် ထည့်သွင်းရေးစပ်ထားကြောင်း ပြောပြရပါမည်။

### စစ်ဆေးအကဲဖြတ်ချက်

- ဂီတဝေါဟာရအသုံးအနှုန်းဖြစ်သော Ostinart ကို နားလည်သိရှိပြီး တေးသီချင်းတွင် အသုံးချ၍ စည်းချက်မှန်ကန်စွာ သီဆိုနိုင်သည်။ (A)
- ဂီတဝေါဟာရအသုံးအနှုန်းဖြစ်သော Ostinart ကို နားလည်သိရှိပြီး သီဆိုနိုင်သည်။ (S)
- Ostinart ကို နားလည်သိရှိပြီး မသီဆိုနိုင်ပါ။ (E)

DBE BOX

အခန်း(၂) တူးပို့ တူးပို့

### သကြိန်သီချင်း ဗုံအသံထွက်နှင့်အတူ သီချင်းဆိုကြစို့

| | | | | |
|---|---|---|---|---|
| (၁)လေးချက်စည်း | 1 | 2 | 3 | 4 |
| (၂)စာသား | သ ကြိန် | နှစ် ဦး | တူး ပို့ | တူး ပို့ |
| (၃)ဗုံအသံထွက် | တူ | ဗေ ပို | တူး ပို | တူး ပို |
| (၄)လက်ပုံစံ | | | | |
| (၁)လေးချက်စည်း | 1 | 2 | 3 | 4 |
| (၂)စာသား | တူး သံ | မြူး သာ | ယာ | |
| (၃)ဗုံအသံထွက် | တူ | ဗေ ပို | တူး ပို | တူး ပို |
| (၄)လက်ပုံစံ | | | | |
| (၁)လေးချက်စည်း | 1 | 2 | 3 | 4 |
| (၂)စာသား | သ ကြိန် | မယ် များ | တူး ပို့ | တူး ပို့ |
| (၃)ဗုံအသံထွက် | တူ | ဗေ ပို | တူး ပို | တူး ပို |
| (၄)လက်ပုံစံ | | | | |
| (၁)လေးချက်စည်း | 1 | 2 | 3 | 4 |
| (၂)စာသား | တူး မာ | ရဲ့ နော် | ဗျာ | |
| (၃)ဗုံအသံထွက် | တူ | ဗေ ပို | တူး ပို | တူး ပို |
| (၄)လက်ပုံစံ | | | | |

**သကြိန်သီချင်း ဗုံအသံထွက်ကို တီးခတ်သောတူရိယာများ**




၁၁

## သတိပြုရမည့်အချက်များ

- Grade 3 အထိ သင်ကြားခဲ့သော အကများကို နှစ်သက်သလို ပေါင်းစပ်၍ က နိုင်ပါသည်။ စည်းဝါးမှန်ကန်စွာ က နိုင်စေရန် ရိုက်ချက်တီးပြီး သီချင်းသီဆို၍ လေ့ကျင့်စေပါမည်။
- ဤစာသင်ချိန်တွင် နှုတ်တိုက်ရွတ်ဆိုသင်ကြားသော ဗုံသံ Rhythm ကို လိုက်ဖက်ညီအောင် တီးထွင်ကနိုင်မှု ရှိ မရှိကို အဓိကထား၍ ကြည့်ရပါမည်။
- တေးသီချင်းနှင့် အကမှာ စည်းချက်ညီညာမှု ရှိ မရှိကို သတိပြု၍ ကြည့်ရှုစေပါမည်။
- အဖွဲ့လိုက် အတန်းရှေ့ထွက်၍ သီဆို က ပြချိန်တွင် အဖွဲ့အသီးသီး၏ မတူညီသော တွဲစပ် က ပုံကို သတိပြု၍ ကြည့်စေပါမည်။
- Rhythm အသံထွက်များကို အဆိုနှင့် တွဲဖက်သည့်အခါ တစ်ခုချင်းစီကို သေချာစွာ နားထောင်ပြီး တွဲဖက်သီဆို၍ ထွက်လာသော အသံ ၂မျိုးကို ခံစား၍ နားထောင်စေပါမည်။
- သီဆို က ပြသည့်အချိန်တွင် ပြုံး၍ က စေပါမည်။

## စစ်ဆေးအကဲဖြတ်ချက်

- Ostinart ဖြစ်သော Rhythm ပုံစံဗုံသံကို တေးသီချင်းနှင့် လိုက်ဖက်ညီစွာ စည်းချက်ညီညီ ပျော်ရွှင်စွာ သီဆို၍ က နိုင်သည်။ (A)
- Ostinart ဖြစ်သော Rhythm ပုံစံဗုံသံကို တေးသီချင်းနှင့် လိုက်ဖက်ညီစွာ သီဆို၍ က နိုင်သည်။ (S)
- Ostinart ဖြစ်သော Rhythm ပုံစံဗုံသံကို တေးသီချင်းနှင့် လိုက်ဖက်ညီစွာ သီဆို က ပြနိုင်ခြင်း မရှိပါ။ (E)

# အခန်း(၂) တူးပို့ တူးပို့

**ရည်ရွယ်ချက်** – တူးပို့ တူးပို့ တေးသီချင်းကို ဗုံစသည့် တူရိယာတို့ဖြင့် တွဲဖက်သီဆိုပြီး က တတ်ရန်ဖြစ်သည်။

**စာသင်ချိန်** – ၄/၅

## သင်ယူမှုဦးတည်ချက်

Ostinart ဖြစ်သော Rhythm ပုံစံ ဗုံသံကို တေးသီချင်းနှင့် လိုက်ဖက်ညီစွာ သီဆို၍ က တတ်ရန်။

## သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်၊ စည်း၊ ဝါး။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

- ကလေးများကို အဖွဲ့ ၂ဖွဲ့ ခွဲကာ တစ်ဖွဲ့အား ဗုံသံရိုက်၍ သီဆိုမှု Ostinart ကို ပြုလုပ်စေပြီး ကျန်တစ်ဖွဲ့အား သီချင်းကို သီဆိုစေပါမည်။ ဤလုပ်ငန်းစဉ်ကို တစ်လှည့်စီပြောင်း၍ ပြုလုပ်စေပါမည်။(၅ မိနစ်)

**လုပ်ငန်းစဉ်**

- အတန်းရှိ ကလေးအရေအတွက်ပေါ်မူတည်၍ သင့်လျော်သလိုအဖွဲ့များ ဖွဲ့ပါမည်။
- အဖွဲ့လိုက် တိုင်ပင်ပြီး ယခင်က သင်ကြားခဲ့ဖူးသော အကများကို ပေါင်းစပ်၍ တေးသီချင်းနှင့် လိုက်ဖက်ညီအောင် က ကြရမည်ဖြစ်ကြောင်း ရှင်းပြမည်။
- အဖွဲ့လိုက် မိမိတို့ က မည့်အကများကို ဆွေးနွေးတိုင်ပင်စေပါမည်။
- Ostinart ဖြစ်သော ဗုံသံ Rhythm ပုံစံကို သတိပြု၍ တေးသီချင်းနှင့် လိုက်ဖက်ညီအောင် အဖွဲ့လိုက် ညီညီညာညာ က နိုင်ရန် လေ့ကျင့်စေပါမည်။
- အဖွဲ့တစ်ဖွဲ့ချင်းစီကို အတန်းရှေ့သို့ ထွက်စေပြီး က ပြစေပါမည်။ တစ်ဖွဲ့က က နေစဉ် ဆရာနှင့် ကျန်အဖွဲ့များက လက်ခုပ်စည်းချက်လိုက်ရင်း ဗုံသံ 'ဗေပို တူးပို တူးပို တူ'ကို သီဆိုပေးရပါမည်။ (၃၀ မိနစ်)

**နိဂုံး**

- အဖွဲ့အသီးသီး၏ က ပြဖျော်ဖြေမှုကို ကျန်အဖွဲ့များအား ကြည့်ရှုအားပေးသုံးသပ်စေ၍ ကောင်းသည့်အချက်များကို မှတ်ထားစေပြီး ချီးကျူးစကား ပြောစေပါမည်။(၅ မိနစ်)

DBEBOX

# အခန်း(၂) တူးပို့ တူးပို့

**ရည်ရွယ်ချက်** – တူးပို့ တူးပို့ တေးသီချင်းကို ပုံစံသည့် တူရိယာတို့ဖြင့် တွဲဖက်သီဆိုပြီး က တတ်ရန်ဖြစ်သည်။

**စာသင်ချိန်** – ၅/၅

## သင်ယူမှုဦးတည်ချက်

အဖွဲ့လိုက် ပူးပေါင်းပြီး တီထွင်ဖန်တီး၍ သီဆိုတီးခတ် က ပြဖျော်ဖြေတတ်ရန်။

## သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ စည်း၊ ဝါး၊ တေးသီချင်းပါ အသံဖိုင်။။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

- ‘တူးပို့ တူးပို့’ သီချင်းကို ကလေးအားလုံး သီဆိုစေပြီး၊ တေးသီချင်းကို မည်သို့ ခံစားရသည်ကို ကလေးများအား ပြောစေပါမည်။ ထိုခံစားချက်ဖြင့် အဖွဲ့လိုက်အက ပုံစံအမျိုးမျိုးကို စဉ်းစားပြီး ပုံသံသီဆိုတီးခတ်မှုနှင့် တွဲဖက်ပြီး သီဆိုသရုပ်ဖော်ရမည်ဖြစ်ကြောင်းပြော၍ နိဒါန်းပျိုးပါမည်။(၅ မိနစ်)

**လုပ်ငန်းစဉ်**

- အတန်းရှိ ကလေးအရေအတွက်ပေါ်မူတည်၍ သင့်လျော်သလိုအဖွဲ့များ ဖွဲ့ပါမည်။
- ဆရာက တေးသီချင်း၏ အဓိပ္ပာယ်နှင့် လိုက်ဖက်သောအကများကို အဖွဲ့လိုက်စဉ်းစားပြီး ခံစားသီဆို တီထွင်သရုပ်ဖော်ရမည်ဖြစ်ကြောင်း ရှင်းပြရပါမည်။
- အဖွဲ့အတွင်းတွင် သီချင်းသီဆိုမည့်သူ၊ ပုံအသံရွတ်ဆိုတီးမည့်သူနှင့် သရုပ်ဖော် က ပြမည့်သူဟူ၍ တာဝန်ယူစေပါမည်။
- အဖွဲ့လိုက် မိမိတို့ပြုလုပ်လိုသော က ဟန်များ၊ မည်သည့်ပစ္စည်းကို သုံး၍ မည်သို့တီးခတ်ကြမည်ကို ဆွေးနွေးစေပါမည်။
- အဖွဲ့လိုက်ဆွေးနွေးတိုင်ပင်မှုများကို ဆရာက အချိန်သတ်မှတ်ပေး၍ လေ့ကျင့်စေပါမည်။
- အဖွဲ့တစ်ဖွဲ့ချင်းစီကို မိမိတို့ မည်ကဲ့သို့ တီထွင်ဖန်တီး၍ သီဆို ကပြမည်ဆိုသည်ကို ကျန်အဖွဲ့များအား ပြောပြပြီး သီဆိုသရုပ်ဖော်စေပါမည်။
- တစ်ဖွဲ့က သီဆိုသရုပ်ဖော်နေစဉ် ဆရာနှင့် ကျန်အဖွဲ့များက ကောင်းမွန်သည့်အချက်များကို ကြည့်ရှုမှတ်သားစေပါမည်။ တစ်ဖွဲ့သီဆိုဖျော်ဖြေပြီးပါက ကျန်အဖွဲ့များက ကြည့်ရှုမှတ်သားထားသော ကောင်းမွန်သည့်အချက်များကို တစ်ဖွဲ့ချင်း ပြောပြစေပါမည်။(၃၀ မိနစ်)

**နိဂုံး**

- ကလေးများအား မိမိတို့အနှစ်သက်ဆုံး အဖွဲ့တစ်ဖွဲ့ ရွေးချယ်စေပြီး မည်သည့်အချက်များကို ကြိုက်နှစ်သက်ကြောင်း ပြောပြစေပါမည်။ (၅ မိနစ်)



**တေးသီချင်း၏ အဓိပ္ပာယ်ကို ပေါ်လွင်အောင် သီဆိုသရုပ်ဖော်ကြစို့**

**အဖွဲ့လိုက်တိုင်ပင်ကြစို့**



**အဖွဲ့လိုက်သီဆိုတီးမှုတ် သရုပ်ဖော်ကြစို့**



စည်းချက်လိုက်တဲ့အဖွဲ့ | သီဆိုရင်းကတဲ့အဖွဲ့ | ပုံသံဆိုတဲ့အဖွဲ့



## သတိပြုရမည့်အချက်များ

- တေးသီချင်းကို သီဆိုရာတွင် လွတ်လပ်စွာ ဖန်တီးစေပါမည်။ (ဥပမာ- တူးပို့ တူးပို့ ဆိုသည့် ပုံသံနေရာတွင် သံပြိုင် သီဆိုကြခြင်း)
- သင်ကြားပြီးသော အကများအပြင် မြင်တွေ့ဖူးသော အကများကို လွတ်လပ်စွာ ပေါင်းစပ်၍ အမူအရာများ၊ သရုပ်ဖော်ပုံများကို ဖန်တီးပြုလုပ်စေပါမည်။
- လက်သီး၊ လက်ဝါးနှင့် တီးခတ်၍ ထွက်ပေါ်လာသော အသံများသည် တီးခတ်သည့်ပစ္စည်းပေါ်မူတည်၍ ထွက်ပေါ်သည့် အသံမတူကြောင်း သိစေပြီး လွတ်လပ်စွာ ဖန်တီး တီးခတ်စေပါမည်။
- ကွဲလွယ်သည့်ပစ္စည်းများ၊ အန္တရာယ်ဖြစ်နိုင်သော ပစ္စည်းများကို မတီးမိစေရန် သတိပြုရပါမည်။ တူ ဆိုသည့်နေရာတွင် အသံပြင်းပြင်း တီးခြင်း၊ ဆိုခြင်း စသည်ဖြင့် ဖန်တီးစေပါမည်။
- သင်ခန်းစာအနှစ်ချုပ်တွင် အချင်းချင်း ကောင်းသည့်အချက်များကို ပြောရာ၌ မပါခဲ့သော အဖွဲ့များ ရှိပါက ဆရာက ကောင်းသည့်အချက်များကို ချီးကျူးပေးရပါမည်။

## စစ်ဆေးအကဲဖြတ်ချက်

- အဖွဲ့လိုက်ပူးပေါင်းပြီး တေးသီချင်း၏ အဓိပ္ပာယ်ကို ပိုမိုပေါ်လွင်အောင် တီထွင်ဖန်တီး၍ ပျော်ရွှင်စွာ သီဆိုတီးခတ် က ပြဖျော်ဖြေနိုင်သည်။ (A)
- အဖွဲ့လိုက်ပူးပေါင်းပြီး တီထွင်ဖန်တီး၍ သီဆိုတီးခတ် က ပြဖျော်ဖြေနိုင်သည်။ (S)
- အဖွဲ့လိုက်ပူးပေါင်းကာ တီထွင်ဖန်တီးမှု မပြုလုပ်နိုင်ပါ။ (E)

DRAFT

# သင်ကြားမှုအစီအစဉ်နှင့် ဆရာလမ်းညွှန်

## အခန်း(၃) ခြေရှေ့ထိုးအက

စတုတ္ထတန်း (ဇူလိုင်လ ဒုတိယပတ်မှ ဩဂုတ်လ ပထမပတ်အထိ)

| | |
|---|---|
| သင်ခန်းစာခေါင်းစဉ် | ခြေရှေ့ထိုးအက |
| ရည်ရွယ်ချက် | မြန်မာ့အခြေခံအက ခြေရှေ့ထိုးအကကို စနစ်တကျ သိရှိပြီး စည်းဝါးတကျ ပျော်ရွှင်စွာ က တတ်ရန် ဖြစ်သည်။ |
| သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ | ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်များ၊ စည်း၊ ဝါး။ |
| သင်ကြားမည့် အကြောင်းအရာ | - Grade 3 တွင် သင်ကြားခဲ့သော ခွင်ပုံစံ ယူပုံ၊ စည်းဝါး(ခြေရှေ့ထိုး)အကနှင့် စည်းဝါး(ခြေနောက်ထိုး)အကကို ပြန်လည် လေ့ကျင့်ပြီး စည်းဝါးတကျ က မည်။<br>- ခြေရှေ့ထိုးအက၏ လှုပ်ရှားမှုအဆင့်များကို သိရှိနားလည်ကာ စည်းဝါးတကျ က မည်။<br>- ခြေရှေ့ထိုးအကကို အဖွဲ့လိုက် စည်းဝါးတကျ က မည်။<br>- ခြေရှေ့ထိုးအကနှင့် ယခင်သင်ကြားခဲ့ဖူးသော အကများကို တွဲစပ်၍ ညီညာစွာ က မည်။<br>ဤသင်ခန်းစာတွင် ခြေရှေ့ထိုးအကကို နားလည်သိရှိကာ စည်းဝါးတကျ ပျော်ရွှင်စွာ က နိုင်ရန် လေ့ကျင့်မည်။ က သည့်အခါတွင် ခြေထောက်ကို စည်းဝါးတကျ ညင်သာစွာ ရွှေ့လျားပြီး က မည်။ က သည့်အခါတွင် ပြုံး၍ က စေပါမည်။ အဖွဲ့လိုက် ညီညာစွာ က စေပါမည်။ အကများ ပေါင်းစပ် က ရာတွင် မိမိတို့ စိတ်ကူးဖြင့် စဉ်းစား တတ်စေရန် ကူညီအကြံပေးမှုသည် အရေးကြီးပါသည်။ |
| စုစုပေါင်းသင်ကြားချိန် | စာသင်ချိန် (၄)ချိန် |

| စာသင်ချိန် | သင်ယူမှုဦးတည်ချက် | စစ်ဆေးအကဲဖြတ်ချက် (ကောင်းအဆင့်) |
|---|---|---|
| ၁။ | Grade 3 တွင် သင်ကြားခဲ့သော အကများကို စည်းဝါးတကျ ပျော်ရွှင်စွာ က တတ်စေရန်။ | Grade 3 တွင် သင်ကြားခဲ့သော အကများကို စည်းဝါးတကျ ပျော်ရွှင်စွာ က နိုင်သည်။ |
| ၂။ | ခြေရှေ့ထိုးအက၏ လှုပ်ရှားမှုအဆင့်များကို သိရှိပြီး စည်းဝါးတကျ က တတ်စေရန်။ | ခြေရှေ့ထိုးအက၏ လှုပ်ရှားမှု အဆင့်များကို သိရှိပြီး စည်းဝါးတကျ က နိုင်သည်။ |
| ၃။ | ခြေရှေ့ထိုးအကကို သိရှိပြီး အဖွဲ့လိုက် စည်းဝါးတကျ က တတ်စေရန်။ | ခြေရှေ့ထိုးအကကို သိရှိပြီး အဖွဲ့လိုက် စည်းဝါးတကျ က နိုင်သည်။ |
| ၄။ | ခြေရှေ့ထိုးအကနှင့် သင်ကြားခဲ့သောအကများကို ပေါင်းစပ်၍ အဖွဲ့လိုက် စည်းဝါးတကျ က တတ်စေရန်။ | ခြေရှေ့ထိုးအကနှင့် သင်ကြားခဲ့သော အကများကို ပေါင်းစပ်၍ အဖွဲ့လိုက် စည်းဝါးတကျ က နိုင်သည်။ |

DBE BOX

## အခန်း(၃) ခြေရှေ့ထိုးအက

**ရည်ရွယ်ချက်** – မြန်မာ့အခြေခံအက ခြေရှေ့ထိုးအကကို စနစ်တကျ သိရှိပြီး စည်းဝါးတကျ ပျော်ရွှင်စွာ က တတ်ရန်ဖြစ်သည်။

**စာသင်ချိန်** – ၁/၄

### သင်ယူမှုဦးတည်ချက်

Grade 3 တွင် သင်ကြားခဲ့သော အကများကို စည်းဝါးတကျ ပျော်ရွှင်စွာ က တတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်၊ စည်း၊ ဝါး။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

- Grade 3 တွင်သင်ကြားခဲ့သော ခွင်ပုံစံသည် မြန်မာ့အခြေခံ အကတွင် အရေးကြီးသောကြောင့် ခွင်ပုံစံ၏ အတိုင်းအတာနှင့် ခွင်ယူပုံ စည်းဝါး (ခြေရှေ့ထိုး)အကနှင့် စည်းဝါး(ခြေနောက်ထိုး)အကများ၏ လှုပ်ရှားမှုများကို ၂ ယောက်တစ်တွဲ ဆွေးနွေးစေပါမည်။ ပြီးလျှင် ကလေးအချို့ကို အတန်းရှေ့ထွက်၍ က စေပါမည်။
- ဆရာက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးရပါမည်။(၅ မိနစ်)

**လုပ်ငန်းစဉ်**

- ဆရာက ကလေးများအား ၂ ယောက်တစ်တွဲ တွဲပေးပြီး ခွင်အတိုင်းအတာယူပုံများကို လက်တွေ့ပြုလုပ်စေကာ မှန်ကန်မှု ရှိ မရှိကိုတစ်ဦးနှင့် တစ်ဦး ကြည့်စေပြီး လွဲမှားနေပါက အချင်းချင်း ပြင်ပေးစေပါမည်။
- ကလေးများနှစ်သက်သော တေးသီချင်းတစ်ပုဒ်ကို ရွေးစေပြီး စည်းဝါး (ခြေရှေ့ထိုး)အကနှင့် စည်းဝါး(ခြေနောက်ထိုး)အကကို ၂ ယောက်တစ်တွဲ က စေပါမည်။ တစ်ယောက်က စည်းဝါး(ခြေရှေ့ထိုး)အက က နေချိန်တွင် ကျန်တစ်ယောက်က ကြည့်ရှုပြီး လွဲမှားနေပါက အချင်းချင်း အကြံပေး ပြုပြင်စေပါမည်။ လုပ်ငန်းစဉ်ကို တစ်လှည့်စီ ပြုလုပ်စေပါမည်။
- ထို့နောက် စည်းဝါး(ခြေနောက်ထိုး)အကကို သီချင်းတစ်ပုဒ်စာ အပြန်အလှန် က စေပြီး အပြန်အလှန်ကြည့်ရှု အကြံပေးစေပါမည်။
- ပြီးလျှင် ၂ ယောက်တစ်တွဲစီ အက ၂ မျိုးစလုံးကို တစ်ဆက်တည်း က စေပါမည်။(၃၀ မိနစ်)

**နိဂုံး**

- ကလေးများအားလုံးကို အဖွဲ့တစ်ဖွဲ့တည်းစုပေါင်း၍ ခွင် ပုံစံ မှန်ကန်စွာ ယူစေပြီး အက ၂ မျိုးစလုံးကို တစ်ဆက်တည်း စည်းဝါးတကျ က စေပါမည်။(၅ မိနစ်)



### အခန်း(၃) ခြေရှေ့ထိုးအက

**ခြေအကများကို ပြန်လည်လေ့ကျင့်ခြင်း**






### သတိပြုရမည့်အချက်များ

- အကတိုင်းကို ညာဘက်မှစ၍ က ရန် ကလေးများအား သတိပေးရပါမည်။
- ခြေအကများ က ရာတွင် ညင်ညင်သာသာ ကူးပြောင်းကာ က ရမည်ဖြစ်ကြောင်း သတိပေးရပါမည်။
- ညီညာစွာ က နိုင်ရန် ဆရာက စည်းဝါးမှန်မှန်တီးပေးရပါမည်။ စည်းဝါးမရှိပါက ပါးစပ်မှ စည်းဝါးဆို၍ လက်ဖျစ်တီးခြင်း၊ လက်ခုပ်ရိုက်ခြင်း၊ ခုံပုတ်ခြင်းတို့ပြုလုပ်၍ က နိုင်ပါသည်။
- ကလေးများ က ရာတွင် စည်းချက်၌ ခြေကို လှုပ်ရှား က ရပြီးဝါးချက်တွင် မူလခွင်နေရာ ပြန်ရောက်ရမည်ကို သတိထား၍ ကြည့်စေပါမည်။ မက တတ်သည့် ကလေးများရှိပါက မည်သို့ က ရသည်ကို ကလေးများအချင်းချင်း အကူအညီပေးစေပါမည်။
- သီချင်းရွေးရန်ခက်ခဲနေပါက သင်ကြားခဲ့သော 'အားလုံးလှ'သီချင်းသို့မဟုတ် အားလုံးသိနိုင်သည့် သီချင်းများဖြင့်လည်း က နိုင်ပါသည်။

### စစ်ဆေးအကဲဖြတ်ချက်

- Grade 3 တွင် သင်ကြားခဲ့သော အကများကို အဖွဲ့လိုက်ညီညာစွာဖြင့် စည်းဝါးတကျ ပျော်ရွှင်စွာ က နိုင်သည်။ (A)
- Grade 3 တွင် သင်ကြားခဲ့သော အကများကို စည်းဝါးတကျ ပျော်ရွှင်စွာ က နိုင်သည်။ (S)
- Grade 3 တွင် သင်ကြားခဲ့သော အကများကို စည်းဝါးတကျ မက နိုင်ပါ။ (E)

DBE




## သတိပြုရမည့်အချက်များ

- ခြေရှေ့ထိုးအကမှာ ခြေဖြင့် လုံချည်ကိုခတ်၍ က ရသောလှုပ်ရှားမှုမှာ ထူးခြားချက်ဖြစ်ကြောင်း ရှင်းပြရပါမည်။
- ခြေရှေ့ထိုးအက ကရာတွင် စည်းချက်တွင် ခြေဖနောင့်ကိုအရှေ့သို့ ထုတ်ပြီး ခြေဖျားထောင်၍ က ရကြောင်း ကလေးများနားလည်အောင် ရှင်းပြရပါမည်။
- ခြေဖြင့် လုံချည်အနားကို ခတ်၍ ဝါးချက်တွင် မူလခွင်နေရာသို့ ပြန်နေရကြောင်းကို ကလေးများ နားလည်အောင် ရှင်းပြရပါမည်။
- ကလေးများကောင်းစွာ နားလည်စေရန် ဖြည်းညင်းစွာ က ပြပြီး သင်ကြားပေးရပါမည်။
- ကလေးများ က ရာတွင် ဖြည်းညင်းစွာ က စေပြီး မှန်သွားပါက စည်းဝါးတကျ က စေပါမည်။
- က သည့်အခါ ပြုံးရွှင်စွာ က စေပါမည်။

## စစ်ဆေးအကဲဖြတ်ချက်

- ခြေရှေ့ထိုးအက၏ လှုပ်ရှားမှု အဆင့်များကို မှန်ကန်စွာ သိရှိပြီး စည်းဝါးတကျ က နိုင်သည်။ (A)
- ခြေရှေ့ထိုးအက၏ လှုပ်ရှားမှု အဆင့်များကို သိရှိပြီး စည်းဝါးတကျ က နိုင်သည်။ (S)
- ခြေရှေ့ထိုးအက၏ လှုပ်ရှားမှု အဆင့်များကို သိရှိပြီး မက နိုင်ပါ။ (E)

# အခန်း(၃) ခြေရှေ့ထိုးအက

**ရည်ရွယ်ချက်** – မြန်မာ့အခြေခံအက ခြေရှေ့ထိုးအကကို စနစ်တကျ သိရှိပြီး စည်းဝါးတကျ ပျော်ရွှင်စွာ က တတ်ရန်ဖြစ်သည်။

**စာသင်ချိန်** – ၂/၄

## သင်ယူမှုဦးတည်ချက်

ခြေရှေ့ထိုးအက၏ လှုပ်ရှားမှုအဆင့်များကို သိရှိပြီး စည်းဝါးတကျ က တတ်ရန်။

## သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်၊ စည်း၊ ဝါး။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

- ဆရာက ခြေရှေ့ထိုးအကကို က ပြ၍ ဖြစ်စေ ဗီဒီယိုကို ပြ၍ ဖြစ်စေ Grade 3 တွင် သင်ကြားခဲ့သော စည်းဝါး(ခြေရှေ့ထိုး)အကနှင့် မည်သို့ ကွာခြားသည်ကို မိမိတို့ထင်မြင်သည့် အတိုင်း အချင်းချင်း လွတ်လပ်စွာ ပြောဆိုဆွေးနွေးစေပါမည်။(၅ မိနစ်)

**လုပ်ငန်းစဉ်**

- ဆရာက ခြေရှေ့ထိုးအကကို အောက်ပါအဆင့်များအတိုင်း ရှင်းပြပြီး ကလေးများကို ဖြည်းညင်းစွာ ကပြရပါမည်။
- ခွင်အနေအထား မှန်ကန်စွာ ယူရပါမည်။
- စည်းချက်တွင် ညာခြေကို စတင်၍ ညာဘက်အရှေ့နားသို့ ထုတ်ကာ ဖနောင့်ထောက်ထားပြီး ခြေဖျားကို ထောင်ထားရပါမည်။
- ရှေ့သို့ထုတ်ထားသော ညာခြေကို လုံချည်နားကိုခတ်၍ သိမ်းလိုက်ပြီး ဝါးချက်တွင် မူလခွင်အနေအထားအတိုင်း ပြန်နေရပါမည်။
- အထက်ပါနည်းအတိုင်း ဘယ်ခြေကို ဆက်လက် က ပြရပါမည်။ ဤနည်းအတိုင်း စည်း ၈ ချက် ဝါး ၈ ချက်ပြည့်အောင် က ပြရပါမည်။ အထက်ပါအဆင့်များအတိုင်း ကလေးများအား ဆရာနှင့်အတူလိုက်၍ က စေပါမည်။
- ကလေးများအား ၂ ယောက်တစ်တွဲ တွဲစေပြီး ခြေရှေ့ထိုးအကကို အပြန်အလှန် က စေပါမည်။ မှန်ကန်စွာ က နိုင်ခြင်း ရှိ မရှိကို အချင်းချင်း အပြန်အလှန်ကြည့်စေပြီး အကြံပေးစေပါမည်။ တစ်လှည့်စီ စည်း ၈ချက် ဝါး ၈ချက်ပြည့်အောင် က စေပါမည်။(၃၀ မိနစ်)

**နိဂုံး**

- ကလေးများကို အဖွဲ့ ၂ဖွဲ့ ခွဲပြီး ခြေရှေ့ထိုးအကကို က စေပြီး အပြန်အလှန် ကြည့်စေပါမည်။ ဆရာက စည်းဝါးတီးပေးပြီး ကျန်ကလေးများက စည်းဝါးကို လိုက်ဆိုစေကာ ကြည့်ရှုစေပါမည်။ မှန်ကန်ကောင်းမွန်စွာ က နိုင်သူများကို ကလေးများ အချင်းချင်း ချီးကျူးစကားပြောစေပါမည်။(၅ မိနစ်)

DBE BOX

## အခန်း(၃) ခြေရှေ့ထိုးအက

**ရည်ရွယ်ချက်** – မြန်မာ့အခြေခံအက ခြေရှေ့ထိုးအကကို စနစ်တကျ သိရှိပြီး စည်းဝါးတကျ ပျော်ရွှင်စွာ က တတ်ရန်ဖြစ်သည်။

**စာသင်ချိန်** – ၃/၄

### သင်ယူမှုဦးတည်ချက်

ခြေရှေ့ထိုးအကကို သိရှိပြီး အဖွဲ့လိုက် စည်းဝါးတကျ က တတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်၊ စည်း၊ ဝါး။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

- ဆရာက ခြေရှေ့ထိုးအက၏ လှုပ်ရှားမှုအဆင့်များကို ကလေးများအား ပြန်လည်မေးမြန်း ဆွေးနွေး၍ စည်း စချက် ဝါး စချက်ပြည့်အောင် က စေပါမည်။
- ခြေရှေ့ထိုးအကကို သီချင်းဆိုပြီး စည်းချက်ညီညီ က ရမည်ဖြစ်ကြောင်း ပြော၍ နိဒါန်းပျိုးပါမည်။(၅ မိနစ်)

**လုပ်ငန်းစဉ်**

- ဆရာက ခြေရှေ့ထိုးအက က ရန်အတွက် ကလေးများကိုယ်တိုင် ၃၊ ၄ ဖွဲ့ခန့် ဖွဲ့စေပါမည်။
- ကလေးများညီညာစွာ ကနိုင်ရန် အဖွဲ့တိုင်းအား ခေါင်းဆောင်တစ်ဦး ရွေးစေပြီး သီဆိုမည့်သီချင်းကို တိုင်ပင်၍ ရွေးစေပါမည်။ အဖွဲ့လိုက် ခြေရှေ့ထိုးအကကိုသီချင်းဆို၍ စည်းချက်ညီညီ က နိုင်ရန် ၁၀မိနစ် ခန့် လွတ်လပ်စွာ လေ့ကျင့်စေပါမည်။
- လေ့ကျင့်ပြီးပါက တစ်ဖွဲ့ချင်းစီကို အတန်းရှေ့သို့ထွက်၍ ခြေရှေ့ထိုး အကကို သီချင်းဆို၍ က စေပါမည်။
- ကသည့်အချိန်တွင် ဆရာက စည်းဝါးတီးပေးပြီး အခြားကလေးများကို လည်း စည်းဝါးကို ပါးစပ်မှဆို၍ ကြည့်ရှုအားပေးစေပါမည်။ ကြည့်ရှုနေစဉ်အတွင်း စည်းဝါးကိုက်ညီမှု ရှိ မရှိကို အကဲဖြတ်ကြည့်ရှုစေပါမည်။(၃၀ မိနစ်)

**နိဂုံး**

- ကလေးများအားလုံးကို အဖွဲ့တစ်ဖွဲ့တည်းစုပေါင်း၍ ခြေရှေ့ထိုးအက ကို ကရာတွင် မည့်သည့်နေရာတွင် အခက်အခဲရှိသည်ကို အချင်းချင်း ဆွေးနွေးစေပြီး ရှိပါက လွယ်ကူအောင် မည်သို့ က ရမည်ကို အကြံပြု တိုင်ပင်စေပါမည်။ ပြီးလျှင်ဆရာက စည်းဝါးတီးပေးပြီး စည်း စချက် ဝါး စချက် ကစေပါမည်။(၅ မိနစ်)




### သတိပြုရမည့်အချက်များ

- အတန်းရှိ လူဦးရေပေါ်မူတည်၍ အဖွဲ့အရေအတွက်ကို သင့်လျော် သလိုဖွဲ့နိုင်ပါသည်။
- အဖွဲ့လိုက် လေ့ကျင့်ချိန်တွင် စည်းဝါးကို ပါးစပ်က ရွတ်စေပြီး၊ စည်းဝါးတကျ ညီညာစွာ က နိုင်ရန် သတိပေးရပါမည်။
- ကြည့်ရှုအားပေးချိန်၌ စည်းချက်တွင် ခြေကိုရှေ့သို့ထုတ်ပြီး ခြေဖြင့် လုံချည်နားကို ခတ်၍ ဝါးချက်တွင် မူလနေရာသို့ ပြန်ရောက်မှုရှိ၊ မရှိ သတိပြု၍ ကြည့်စေပါမည်။
- မက နိုင်သည့် ကလေးရှိပါက ကလေးများ အချင်းချင်း အကူအညီ ပေးစေပါမည်။
- က သည့်အခါ ပြုံးရွှင်စွာ က စေပါမည်။

### စစ်ဆေးအကဲဖြတ်ချက်

- ခြေရှေ့ထိုးအကကို သိရှိပြီး အဖွဲ့လိုက်ညီညာစွာဖြင့် စည်းဝါးတကျ ပျော်ရွှင်စွာ က နိုင်သည်။ (A)
- ခြေရှေ့ထိုးအကကို သိရှိပြီး အဖွဲ့လိုက် စည်းဝါးတကျ က နိုင်သည်။ (S)
- ခြေရှေ့ထိုးအကကို သိရှိပြီး အဖွဲ့လိုက် မက နိုင်ပါ။ (E)




## အခန်း(၃) ခြေရှေ့ထိုးအက

**ရည်ရွယ်ချက်** – မြန်မာ့အခြေခံအက ခြေရှေ့ထိုးအကကို စနစ်တကျ သိရှိပြီး စည်းဝါးတကျ ပျော်ရွှင်စွာ က တတ်ရန်ဖြစ်သည်။

**စာသင်ချိန်** – ၄/၄

### သင်ယူမှုဦးတည်ချက်

ခြေရှေ့ထိုးအကနှင့် သင်ကြားခဲ့သောအကများကို ပေါင်းစပ်၍ အဖွဲ့လိုက် စည်းဝါးတကျ က တတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်၊ စည်း၊ ဝါး။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

- ဆရာက ခြေရှေ့ထိုးအကများအပြင် ယခင်က သင်ကြားခဲ့သော အကများအကြောင်းကို ပြန်လည်စဉ်းစားစေပြီး ကလေးများနှင့် မေးမြန်းဆွေးနွေးပါမည်။(၅ မိနစ်)

**လုပ်ငန်းစဉ်**

- ဆရာက ကလေးများအား ၄ ယောက် သို့မဟုတ် ၅ ယောက် အဖွဲ့ဖွဲ့စေပါမည်။
- အဖွဲ့တိုင်းအား ခေါင်းဆောင်တစ်ဦးထားစေပြီး ခြေရှေ့ထိုးအကနှင့် သင်ကြားခဲ့ဖူးသော အခြားအကများကို မည်ကဲ့သို့ တီထွင်ဖန်တီးပြီး ပေါင်းစပ် က မည်ကို တိုင်ပင်ဆွေးနွေးစေပါမည်။
- အဖွဲ့အသီးသီးက စဉ်းစားထားသော အကများကို ပေါင်းစပ်၍ ညီညာစွာ ကနိုင်ရန် ၁၀ မိနစ်ခန့် လွတ်လပ်စွာ လေ့ကျင့်စေပါမည်။
- တစ်ဖွဲ့ချင်းစီကို အတန်းရှေ့သို့ ထွက်၍ က စေပါမည်။ ကသည့်အချိန်တွင် မည်သည့်သီချင်းကို ရွေးပြီး မည်သည့်အကများကိုတွဲ၍ က ရန် ရွေးခဲ့ကြောင်းကို ပြောစေပါမည်။ (ဥပမာ- အများသိသော သင်္ကြန်သီချင်းကို ရွေးပြီး အားလုံးညီအောင် က ခဲ့သည်။)
- အဖွဲ့လိုက် ကနေချိန်တွင် ဆရာက စည်းဝါးတီးပေးပြီး ကျန်ကလေးများကိုလည်း စည်းဝါးကို ပါးစပ်မှ ဆိုစေပါမည်။
- တစ်ဖွဲ့ ကနေချိန်တွင် ကျန်အဖွဲ့များက ကြည့်ရှုအားပေးစေပါမည်။ ကြည့်ရှုအားပေးနေချိန်တွင် စည်းဝါးကိုက်ညီမှု ရှိ မရှိကို အချင်းချင်း အကဲဖြတ်ကြည့်ရှုစေပါမည်။(၃၀ မိနစ်)

**နိဂုံး**

- ကလေးများကို အဖွဲ့လိုက်မည်သို့ တီထွင်ဖန်တီးထားသလဲ၊ ဘယ်နေရာက ကောင်းသလဲ စသည်ဖြင့် ထင်မြင်ချက်ကို အချင်းချင်းဆွေးနွေးစေပါမည်။ အခြားအဖွဲ့များက တီထွင်ဖန်တီးထားသော အကများကို အချင်းချင်း သင်ယူလေ့လာစေပါမည်။(၅ မိနစ်)

### သတိပြုရမည့်အချက်များ

- အကများပေါင်းစပ်ကချိန်တွင် စည်း ၈ချက် ဝါး ၈ချက် နှစ်ကြိမ် သို့မဟုတ် သုံးကြိမ်ခန့်ကို လွတ်လပ်စွာ ပေါင်းစပ်၍ ကစေမည်။
- အဖွဲ့လိုက်လေ့ကျင့်ချိန်တွင် စည်းဝါးကို ရွတ်ဆိုစေပြီး စည်းဝါးတကျ အဖွဲ့လိုက်ညီညာစွာ ကနိုင်ရန် သတိပေးရပါမည်။
- ကြည့်ရှုအားပေးချိန်တွင် အကတစ်ခုမှ တစ်ခု ကူးပြောင်းချိန်၌ စည်းဝါးမှန်ကန်စွာဖြင့် ညင်သာစွာ ကူးပြောင်း ကနိုင်ခြင်း ရှိ မရှိ အကအမျိုးမျိုးပေါင်းစပ် က နိုင်ခြင်း ရှိ မရှိ အဖွဲ့လိုက် ညီညာမှု ရှိ မရှိကို ကြည့်ရှုစေပါမည်။
- မိမိထင်မြင်ချက်ကိုပြောချိန်တွင် ကောင်းသည့်အချက်များကို ပြောစေပြီး အပြန်အလှန်ချီးကျူးစေမည်။ သင်ခဲ့ဖူးသော အကများအပြင် မိမိတို့ မြင်တွေ့ဖူးသော အကများကိုလည်း ပေါင်းစပ်၍ က နိုင်ကြောင်း ကလေးများအား ဆရာက ပြောပေးရပါမည်။

### စစ်ဆေးအကဲဖြတ်ချက်

- ခြေရှေ့ထိုးအကနှင့် သင်ကြားခဲ့သော အကများကို တီထွင်ပေါင်းစပ်၍ အဖွဲ့လိုက် စည်းဝါးတကျ ညီညာစွာ က နိုင်သည်။ (A)
- ခြေရှေ့ထိုးအကနှင့် သင်ကြားခဲ့သော အကများကို ပေါင်းစပ်၍ အဖွဲ့လိုက် စည်းဝါးတကျ က နိုင်သည်။ (S)
- ခြေရှေ့ထိုးအကနှင့် သင်ကြားခဲ့သော အကများကို အဖွဲ့လိုက် ပေါင်းစပ်၍ မက နိုင်ပါ။ (E)

# သင်ကြားမှုအစီအစဉ်နှင့် ဆရာလမ်းညွှန်

## အခန်း(၄) အရုပ်အတက်အဆင်းအက

စတုတ္ထတန်း (ဩဂုတ်လ ဒုတိယပတ်မှ စက်တင်ဘာလ ပထမပတ်အထိ)

| | |
|---|---|
| သင်ခန်းစာခေါင်းစဉ် | အရုပ်အတက်အဆင်းအက |
| ရည်ရွယ်ချက် | မြန်မာ့အခြေခံအက အရုပ်အတက်အဆင်းအကကို စနစ်တကျသိရှိပြီး စည်းဝါးတကျ ပျော်ရွှင်စွာ က တတ်ရန်ဖြစ်သည်။ |
| သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ | ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်များ၊ စည်း၊ ဝါး။ |
| သင်ကြားမည့် အကြောင်းအရာ | - အရုပ်အတက်အဆင်းအကကို သိရှိပြီး စိတ်ရောကိုယ်ပါ ပျော်ရွှင်စွာ က တတ်ရန် လေ့ကျင့်မည်။<br>- အရုပ်အတက်အဆင်းအကကို စည်းဝါးတကျ က တတ်ရန် လေ့ကျင့်မည်။<br>- ခြေရှေ့ထိုးအကနှင့် အရုပ်အတက်အဆင်းအကကို စည်းဝါးတကျ တစ်ဆက်တည်း က နိုင်ရန် လေ့ကျင့်မည်။<br>- ခြေရှေ့ထိုးအကနှင့် အရုပ်အတက်အဆင်းအကများအပြင် သင်ကြားခဲ့ပြီးသော အကများကို အဖွဲ့လိုက် လွတ်လပ်စွာ ပေါင်းစပ်ပြီး ညီညာစွာ က တတ်စေမည်။<br>ဤသင်ခန်းစာတွင် အရုပ်အတက်အဆင်းအကကို နားလည်သိရှိပြီး၊ စည်းဝါးတကျ က နိုင်ရန် လေ့ကျင့်မည်။ အက က သည့်အခါ၌ အတက်အဆင်းတွင် ခြေထောက်ကို စည်းဝါးတကျ ညင်သာစွာ ရွှေ့လျားပြီး က မည်။ က သည့်အခါတွင် ပြုံး၍ က စေပါမည်။ အဖွဲ့လိုက် ညီညာစွာ စည်းဝါးတကျ က စေပါမည်။ |
| စုစုပေါင်းသင်ကြားချိန် | စာသင်ချိန် (၄)ချိန် |

| စာသင်ချိန် | သင်ယူမှုဦးတည်ချက် | စစ်ဆေးအကဲဖြတ်ချက် (ကောင်းအဆင့်) |
|---|---|---|
| ၁။ | အရုပ်အတက်အဆင်း (အတက်)အကကို သိရှိပြီး စိတ်ရောကိုယ်ပါ က တတ်ရန်။ | အရုပ်အတက်အဆင်း(အတက်)အကကို သိရှိပြီး စိတ်ရောကိုယ်ပါ က နိုင်သည်။ |
| ၂။ | အရုပ်အတက်အဆင်း(အဆင်း)အကကို သိရှိပြီး စိတ်ရောကိုယ်ပါ က တတ်ရန်။ | အရုပ်အတက်အဆင်း(အဆင်း)အကကို သိရှိပြီး စိတ်ရောကိုယ်ပါ က နိုင်သည်။ |
| ၃။ | ခြေရှေ့ထိုးအကနှင့် အရုပ်အတက်အဆင်းအကကို အဖွဲ့လိုက် စည်းဝါး တကျ တစ်ဆက်တည်း က တတ်ရန်။ | ခြေရှေ့ထိုးအကနှင့် အရုပ်အတက်အဆင်းအကကို အဖွဲ့လိုက် စည်းဝါးတကျ တစ်ဆက်တည်း က နိုင်သည်။ |
| ၄။ | Grade 4 တွင် သင်ကြားသော အကနှင့် ယခင်သင်ကြားခဲ့ဖူးသော အကများကို တီထွင်ပေါင်းစပ်၍ က တတ်ရန်။ | Grade 4 တွင် သင်ကြားသော အကနှင့် ယခင်သင်ကြားခဲ့ဖူးသော အကများကို တီထွင်ပေါင်းစပ်၍ က နိုင်သည်။ |

DBE BOX


အခန်း(၄) အရုပ်အတက်အဆင်းအက

**အခန်း(၄) အရုပ်အတက်အဆင်းအက**

**ခြေကို ရှေ့သို့လှမ်းတက်ပြီး ကကြစို့**



၁၇

## သတိပြုရမည့်အချက်များ

- ခြေကိုလှုပ်ရှား က ရာတွင် ညာဘက်မှစ၍ ကရမည်ဖြစ်ကြောင်း ကလေးများအား သတိပေးစကား ပြောပေးရပါမည်။
- ဝါးချက်ခြေအချတွင် ခြေဖနောင့်ကို အတွင်းသို့ချပြီး ခါးနှင့်ကိုယ် ထည်ညွှတ်လျက်ရှိရမည်ဖြစ်ကြောင်း၊ နောက်တွင် ကျန်ခဲ့သော ခြေမှာခြေဖျားအနည်းငယ် ထောက်ထားရမည်ဖြစ်ကြောင်း ကလေး များအား သေချာစွာ ရှင်းပြပေးရပါမည်။
- အရုပ်အတက်အဆင်း(အတက်)အကကို ကရာတွင် ညာခြေ ၂ကြိမ် ဘယ်ခြေ ၂ကြိမ် (စုစုပေါင်း ၄ကြိမ်) ရှေ့သို့ တက်၍ ကရမည်ဖြစ် ကြောင်း ကလေးများအား ပြောပြရပါမည်။
- မကတတ်သည့်ကလေးများရှိပါက မည်သို့ ကရသည်ကို ကလေးများ အချင်းချင်းပြောကြားစေပါမည်။
- ကလေးများ ကိုယ်တိုင် ပျော်ရွှင်စွာ က နိုင်ရန် လှုပ်ရှားမှု အဆင့်ပြ သင်ထောက်ကူကားချပ်များကို ကြိုတင်ပြင်ထားရပါမည်။

## စစ်ဆေးအကဲဖြတ်ချက်

- အရုပ်အတက်အဆင်း(အတက်)အကကို သိရှိပြီး စည်းဝါးတကျ စိတ်ရောကိုယ်ပါ ပျော်ရွှင်စွာ က နိုင်သည်။ (A)
- အရုပ်အတက်အဆင်း(အတက်)အကကို သိရှိပြီး စိတ်ရောကိုယ်ပါ က နိုင်သည်။ (S)
- အရုပ်အတက်အဆင်း(အတက်)အကကို မှန်ကန်စွာ မကနိုင်ပါ။ (E)

## အခန်း(၄) အရုပ်အတက်အဆင်းအက

**ရည်ရွယ်ချက်** – မြန်မာ့အခြေခံအက အရုပ်အတက်အဆင်းအကကို စနစ်တကျသိရှိပြီး စည်းဝါးတကျ ပျော်ရွှင်စွာ က တတ်ရန်ဖြစ်သည်။

**စာသင်ချိန်** – ၁/၄

## သင်ယူမှုဦးတည်ချက်

အရုပ်အတက်အဆင်း (အတက်)အကကို သိရှိပြီး စိတ်ရောကိုယ်ပါ က တတ်ရန်။

## သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်၊ စည်း၊ ဝါး။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

- ကျောင်းသုံးစာအုပ်မျက်နှာဖုံးရှိ ရုပ်သေးရုပ်ပုံကို ပြကာ ဤရုပ်သေး ရုပ်ကလေးတွေ ဘယ်လိုလှုပ်ရှားမယ်ထင်သလဲဟု မေး၍ လှုပ်ရှားက ပုံကို အဖွဲ့လိုက်တိုင်ပင်စဉ်းစားစေပါမည်။
- မိမိတို့ စဉ်းစားထားသော ရုပ်သေးအက က ပုံကို အဖွဲ့အချို့အား ပြောစေပါမည်။ အရုပ်အတက်အဆင်းအကသည် ရုပ်သေးရုပ်အက ၏ အတက်အဆင်းကို အတုယူ၍ က သော အကဖြစ်ကြောင်း ပြော၍ နိဒါန်းပျိုးပါမည်။(၅ မိနစ်)

**လုပ်ငန်းစဉ်**

- ဆရာက အရုပ်အတက်အဆင်း(အတက်)အကကို က ပြပြီး မိမိတို့ စဉ်းစားထားသော လှုပ်ရှားမှုနှင့် ကွာခြားသည့်အချက်များ၊ တူညီသည့် အချက်များကို နှိုင်းယှဉ်စေပါမည်။ (ရှေ့သို့တက်သည့်ပုံ၊ ခြေဖနောင့် ကို အတွင်းသို့ထားရပုံမှာ အရေးကြီးပါသည်။ ရုပ်သေးရုပ်၏ ဒူးနေရာ ကို ကြိုးဖြင့် ဆွဲသည့်အခါ ဤသို့ ခြေလှမ်းပုံဖြစ်ကြောင်း ရှင်းပြရပါ မည်။)
- ဦးစွာ ခွင်အနေအထားမှန်ကန်စွာ ယူစေပါမည်။
- ပထမစည်းချက်တွင် ညာခြေကို တင်ပါးအနီးသို့ရောက်အောင် မြှောက် ၍ ပထမဝါးချက်တွင် ခြေဖနောင့်ကို အတွင်းသို့ထား၍ ခွင်ပုံစံအတိုင်း ရှေ့သို့ ချရပါမည်။
- ညာခြေဖဝါး ရှေ့သို့ချပြီးသည်နှင့် တစ်ပြိုင်နက် ကိုယ်နှင့် ခါးသည် ညွှတ်လျက်ရှိရမည်ဖြစ်၍ နောက်တွင်ကျန်ခဲ့သော ဘယ်ခြေကို ခြေဖျား အနည်းငယ် ထောက်ထားသော အနေအထားမျိုးရှိရပါမည်။
- ဒုတိယစည်းတွင် နောက်တွင်ရှိသော ဘယ်ခြေကို ညာခြေလှုပ်ရှားတတ် သည့်အတိုင်း လှုပ်ရှား က ရပါမည်။ ဒုတိယဝါးချက်တွင် ခြေဖနောင့်ကို အတွင်းသို့ထား၍ ခွင်ပုံစံအတိုင်း ရှေ့သို့ ချရပါမည်။ အထက်ပါနည်း အတိုင်း ဘယ် ညာ တစ်လှည့်စီ ၄ကြိမ် (ညာ ၂ကြိမ် ဘယ် ၂ကြိမ်) တက်၍ က ရပါမည်။ ဆရာက က ပြပြီး ကလေးများကို ဆရာနှင့်အတူ လိုက် က စေပါမည်။(၃၀ မိနစ်)

**နိဂုံး**

- ကလေးများကို အဖွဲ့၂ဖွဲ့ ခွဲပြီး တစ်ဖွဲ့ချင်းစီ အလှည့်ကျ ကစေပါမည်။ ဆရာက စည်းဝါးတီးပေးပြီး ကျန်ကလေးများက စည်းဝါးကို လိုက်ဆိုစေ ကာ ကြည့်ရှုအားပေးစေပါမည်။(၅ မိနစ်)

## အခန်း(၄) အရုပ်အတက်အဆင်းအက

**ရည်ရွယ်ချက်** – မြန်မာ့အခြေခံအက အရုပ်အတက်အဆင်းအကကို စနစ်တကျသိရှိပြီး စည်းဝါးတကျ ပျော်ရွှင်စွာ က တတ်ရန်ဖြစ်သည်။

**စာသင်ချိန်** – ၂/၄

### သင်ယူမှုဦးတည်ချက်

အရုပ်အတက်အဆင်း(အဆင်း)အကကို သိရှိပြီး စိတ်ရောကိုယ်ပါ က တတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်၊ စည်း၊ ဝါး။




### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

- ဆရာက အရုပ်အတက်အဆင်း(အတက်)အက အကြောင်းကို ကလေးများအား ပြန်လည်မေးမြန်းဆွေးနွေးပါမည်။
- အရုပ်အတက်အဆင်း(အဆင်း)အကကို အဖွဲ့လိုက် စဉ်းစားစေပြီး ကလေးအချို့ကို ရှေ့သို့ ထွက်စေ၍ လွတ်လပ်စွာ က စေပါမည်။ (၅ မိနစ်)

**လုပ်ငန်းစဉ်**

- ဆရာက အရုပ်အတက်အဆင်း(အဆင်း)အကကို က ပြပြီး မိမိတို့စဉ်းစားထားသော အကနှင့် တူညီသောအချက်၊ ကွာခြားသည့်အချက်များကို နှိုင်းယှဉ်စေပါမည်။
- ရှေးဦးစွာ ခွင်အနေအထား မှန်ကန်စွာ ယူစေပါမည်။
- အရုပ်အတက်အဆင်း(အဆင်း)အကကို ကရန်အတွက် ဦးစွာ အတက်အကကို ညာ ဘယ်တစ်လှည့်စီ ၄ ကြိမ် အရှေ့သို့ လှမ်းတက်၍ က ရပါမည်။
- အထက်ပါ အတက်အနေအထားမှ ဘယ် ညာ တစ်လှည့်စီ ခြေကို ၄ ကြိမ် နောက်သို့ ဆုတ်ပြီးက ရပါမည်။
- အဆင်းအက က ရာတွင် ဘယ်ခြေဖနောင့်ကိုအတွင်းဘက်သို့ ထား၍ နောက်ဆုတ်ပြီး က ရပါမည်။ ဘယ်ညာတစ်လှည့်စီ ၄ကြိမ် (၄ဝါး) ပြည့်အောင်ဆုတ်၍ က ရပါမည်။ ကကွက်တိုင်းတွင် ကိုယ်နှင့်ခါးသည် ညွတ်လျက် ရှိရပါမည်။
- အထက်ပါအဆင့်များအတိုင်း ဆရာက ကပြပြီး ကလေးများအား ဆရာနှင့်အတူလိုက်၍ က စေပါမည်။ ပြီးလျှင် ကလေးများအား နှစ်ယောက်တစ်တွဲ တွဲစေပြီး အပြန်အလှန် ကစေကာ အရေးကြီးသည့်အချက်များကို သတိပြု၍ ကြည့်စေပါမည်။ နှစ်ယောက်တစ်တွဲစီ မှန်ကန်စွာ က နိုင်ခြင်း ရှိမရှိ အပြန်အလှန်ကြည့်စေပြီး အကြံပေးစေပါမည်။ (၃၀ မိနစ်)

**နိဂုံး**

- ကလေးများအားလုံးကို အဖွဲ့၂ဖွဲ့ပြီး အရုပ်အတက်အဆင်း(အဆင်း)အကကို တစ်ဖွဲ့ချင်းစီ အလှည့်ကျ က ရပါမည်။ ဆရာက စည်းဝါးတီးပေး၍ ကျန်ကလေးများက စည်းဝါးကို လိုက်ဆိုပြီး ကြည့်ရှုအားပေးရပါမည်။(၅ မိနစ်)

### သတိပြုရမည့်အချက်များ

- အရုပ်အတက်အဆင်း(အဆင်း)အက ကကွက်တွင်(ရှေ့သို့ တက်ပြီး အနေအထားဖြစ်သောကြောင့်) ဘယ်ခြေမှစ၍ ဆုတ် က ရမည် ဖြစ်ပါသည်။
- ခြေများကို ရှေ့သို့ တက်ရာတွင်လည်းကောင်း၊ နောက်သို့ ဆုတ်ရာတွင်လည်းကောင်း လုံချည်နားကို တစ်ချက်ခတ်၍ ဆုတ်ရမည်ကို ကလေးများအား သတိပေးပြောကြားရပါမည်။
- အက လှုပ်ရှားမှုတိုင်းတွင် ကိုယ်နှင့်ခါးကို ညွတ်၍ ကရမည်ဖြစ်ကြောင်း ကလေးများအား သတိပေးပြောကြားရပါမည်။
- ကလေးများကောင်းစွာ နားလည်စေရန် ဖြည်းညင်းစွာ က ပြပြီး သင်ကြားပေးရပါမည်။
- ကလေးများ က ရာတွင် ဖြည်းညင်းစွာ က စေပြီး မှန်သွားပါက စည်းဝါးတကျ က စေပါမည်။

### စစ်ဆေးအကဲဖြတ်ချက်

- အရုပ်အတက်အဆင်း(အဆင်း)အကကို သိရှိပြီး စည်းဝါးတကျ မှန်ကန်စွာ က နိုင်သည်။ (A)
- အရုပ်အတက်အဆင်း(အဆင်း)အကကို သိရှိပြီး စိတ်ရောကိုယ်ပါ က နိုင်သည်။ (S)
- အရုပ်အတက်အဆင်း(အဆင်း)အကကို မကနိုင်ပါ။ (E)




## သတိပြုရမည့်အချက်များ

- ညင်ညင်သာသာကူးပြောင်း က ရမည်ဖြစ်ကြောင်း ကလေးများအား သတိပေးစကား ပြောပေးရပါမည်။
- ကလေးများ ကရာတွင် ဖြည်းညင်းစွာ က စေပြီး မှန်သွားပါက စည်းဝါးတကျ က စေပါမည်။
- က သည့်အခါ ပြုံးရွှင်စွာ က ရန် ကလေးအချင်းချင်း အပြန်အလှန် သတိပေးစေပါမည်။
- အဖွဲ့တိုင်းအား ဆရာက ချီးကျူးစကား ပြောပေးရပါမည်။
- မကတတ်သည့် ကလေးရှိပါက အဖွဲ့လိုက် အချင်းချင်း ပြောကြားစေမည်။
- က သည့်အချိန်တွင် ဆရာက စည်းဝါးတီးပေးပြီး အခြားကလေးများအား စည်းဝါးကို ပါးစပ်က ဆိုစေခြင်း၊ လက်ခုပ်တီးခြင်း၊ စားပွဲကို ပုတ်စေခြင်းတို့ဖြင့် စည်းချက်လိုက်ရင်း ကြည့်ရှုအားပေးစေပါမည်။

## စစ်ဆေးအကဲဖြတ်ချက်

- ခြေရှေ့ထိုးအကနှင့် အရုပ်အတက်အဆင်းအကကို အဖွဲ့လိုက် စည်းဝါးတကျ တစ်ဆက်တည်း ညင်သာစွာ က နိုင်သည်။ (A)
- ခြေရှေ့ထိုးအကနှင့် အရုပ်အတက်အဆင်းအကကို အဖွဲ့လိုက် စည်းဝါးတကျ တစ်ဆက်တည်း က နိုင်သည်။ (S)
- ခြေရှေ့ထိုးအကနှင့် အရုပ်အတက်အဆင်းအကကို တစ်ဆက်တည်း မကနိုင်ပါ။ (E)

## အခန်း(၄) အရုပ်အတက်အဆင်းအက

**ရည်ရွယ်ချက်** – မြန်မာ့အခြေခံအက အရုပ်အတက်အဆင်းအကကို စနစ်တကျသိရှိပြီး စည်းဝါးတကျ ပျော်ရွှင်စွာ က တတ်ရန်ဖြစ်သည်။

**စာသင်ချိန်** – ၃/၄

### သင်ယူမှုဦးတည်ချက်

ခြေရှေ့ထိုးအကနှင့် အရုပ်အတက်အဆင်းအကကို အဖွဲ့လိုက် စည်းဝါးတကျ တစ်ဆက်တည်း က တတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်၊ စည်း၊ ဝါး။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

- ဆရာက ခြေရှေ့ထိုးအက၏ လှုပ်ရှားမှုအဆင့်များနှင့် အရုပ်အတက်အဆင်းအကအဆင့်များ၏ ကွာခြားပုံကို ကလေးများအား ပြန်လည်မေးမြန်း၍ အဖွဲ့လိုက်တိုင်ပင်ဆွေးနွေးစေပါမည်။(၅ မိနစ်)

**လုပ်ငန်းစဉ်**

- ဆရာက အရုပ်အတက်အဆင်းအကနှင့် ခြေရှေ့ထိုးအက က ရန်အတွက် ကလေးများကိုယ်တိုင် ဦးရေသတ်မှတ်ပြီး အဖွဲ့ ၃၊ ၄ဖွဲ့ခန့် ဖွဲ့စေပါမည်။ အဖွဲ့တိုင်းတွင် ဦးဆောင်မည့်သူတစ်ယောက်ကို ကလေးများကိုယ်တိုင် ရွေးချယ်သတ်မှတ်စေပါမည်။
- ဆရာက စည်းဝါးတီးပေးပြီး အဖွဲ့တိုင်းကို ခြေရှေ့ထိုးအကနှင့် တစ်ဆက်တည်း အရုပ်အတက်အဆင်းအကကို တစ်လှည့်စီ စည်း ၈ချက် ဝါး ၈ချက် လေ့ကျင့်စေမည်။
- ကလေးများ ညီညာစွာ က နိုင်ရန် အဖွဲ့လိုက် ၁၀မိနစ်ခန့် လွတ်လပ်စွာ လေ့ကျင့်စေပါမည်။
- လေ့ကျင့်ပြီးပါက တစ်ဖွဲ့ချင်းစီကို အတန်းရှေ့သို့ထွက်၍ ခြေရှေ့ထိုးအကနှင့် အရုပ်အတက်အဆင်းအကကို အကတစ်မျိုးလျှင် စည်း ၈ ချက် ဝါး ၈ ချက်ဆို၍ တစ်ဆက်တည်း ကစေပါမည်။
- အဖွဲ့လိုက် က သည့် အချိန်တွင် ဆရာက စည်းဝါးတီးပေး၍ ကျန်အဖွဲ့များကို စည်းဝါး လိုက်ဆိုစေပြီး ကြည့်ရှုအားပေးစေပါမည်။ ကြည့်ရှုအားပေးနေချိန်တွင် စည်းဝါးကိုက်ညီမှု ရှိ မရှိကိုလည်း လေ့လာကြည့်ရှုစေပါမည်။(၃၀ မိနစ်)

**နိဂုံး**

- ကလေးများအားလုံးကို တစ်ဖွဲ့တည်း စုပေါင်း၍ ခြေရှေ့ထိုးအကနှင့် အရုပ်အတက်အဆင်းအကကို တစ်ဆက်တည်း စည်းဝါးတကျ က စေပါမည်။ ဆရာက စည်းဝါးတီးပေးပြီး ကကွက်တစ်ခုစီကို စည်း ၈ချက် ဝါး ၈ချက် ကစေပါမည်။(၅ မိနစ်)

DBE BOX

## အခန်း(၄) အရုပ်အတက်အဆင်းအက

**ရည်ရွယ်ချက်** – မြန်မာ့အခြေခံအက အရုပ်အတက်အဆင်းအကကို စနစ်တကျသိရှိပြီး စည်းဝါးတကျ ပျော်ရွှင်စွာ က တတ်ရန်ဖြစ်သည်။

**စာသင်ချိန်** – ၄/၄

### သင်ယူမှုဦးတည်ချက်

Grade 4 တွင် သင်ကြားသော အကနှင့် ယခင်သင်ကြားခဲ့ဖူးသော အကများကို တီထွင်ပေါင်းစပ်၍ က တတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်၊ စည်း၊ ဝါး။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

- Grade 1 မှ Grade 4 အထိ သင်ကြားခဲ့ဖူးသောအကများကို ကလေးများအား မေးပါမည်။ ဤစာသင်ချိန်တွင် ရုပ်သေးရုပ် က သကဲ့သို့ သင်ကြားခဲ့ဖူးသော စိတ်ဝင်စားဖွယ်အကများကို ပေါင်းစပ် က ရန် စဉ်းစားပြီး က ကြရမည် ဖြစ်ကြောင်းပြောကာ နိဒါန်းပျိုးပါမည်။ (၅ မိနစ်)

**လုပ်ငန်းစဉ်**

- ဆရာက ကလေးများအား ၄ ယောက်တစ်ဖွဲ့ သို့မဟုတ် ၅ ယောက်တစ်ဖွဲ့ ဖွဲ့စေပါမည်။
- အဖွဲ့တိုင်းအား ခေါင်းဆောင်တစ်ဦးကို ကလေးများကိုယ်တိုင် သတ်မှတ်စေပြီး ဝါးလတ်စည်းဖြင့် တီးခတ်သီဆိုရသည့် စိတ်ဝင်စားဖွယ် သီချင်းတစ်ပုဒ်ရွေးကာ သင်ကြားခဲ့ဖူးသော အကများကို ခြေရှေ့ထိုးအက၊ အရုပ်အတက်အဆင်းအကနှင့် မည်သို့ပေါင်းစပ် က မည်ကို အဖွဲ့လိုက် တိုင်ပင်ဆွေးနွေးစေပါမည်။
- မိမိတို့စဉ်းစားထားသော အကများကို အဖွဲ့လိုက်ညီညာစွာ ကနိုင်ရန် ၁၀ မိနစ်ခန့် လွတ်လပ်စွာ လေ့ကျင့်စေမည်။
- အဖွဲ့တစ်ဖွဲ့ချင်းစီအား အတန်းရှေ့သို့ထွက်၍ အဖွဲ့လိုက် လေ့ကျင့်ထားသော ပေါင်းစပ်အကများကို က ပြစေပါမည်။ က ပြပြီးချိန်တွင် မည်သည့်အကများကို တွဲစပ် က ခဲ့ကြောင်းကို ပြောပြစေပါမည်။
- က နေချိန်တွင် အဖွဲ့တိုင်းအား ဆရာက စည်းဝါးကိုတီးပေးပြီး ကလေးများက စည်းဝါး မမှားအောင် သတိထားပြီး က စေပါမည်။ တစ်ဖွဲ့က လျှင် ကျန်အဖွဲ့များက ကြည့်ရှုအားပေးစေပါမည်။(၃၀ မိနစ်)

**နိဂုံး**

- ကလေးများကို မိမိတို့အဖွဲ့အပြင် တခြားဘယ်အဖွဲ့ ကတာ ကြိုက်သလဲ။ ဘာကြောင့်ကြိုက်သလဲဟု ဆွေးနွေးစေပါမည်။ တစ်ဖွဲ့နှင့် တစ်ဖွဲ့မတူညီသော တီထွင်ဖန်တီးမှုများကို အချင်းချင်း လေ့လာသင်ယူစေပါမည်။(၅ မိနစ်)



**သင်ယူခဲ့ပြီးသော ကကွက်များကို အခြေခံ၍ နှစ်သက်ရာတေးသီချင်းဖြင့် ပေါင်းစပ်ဖန်တီးကပြခြင်း**






### သတိပြုရမည့်အချက်များ

- အတန်းရှိ ကလေးအရေအတွက်ပေါ် မူတည်၍ အဖွဲ့အရေအတွက်ကို အဆင်ပြေသလို ပြောင်းလဲနိုင်ပါသည်။
- သင်ကြားဖူးသော အကများအပြင် မိမိတို့ မြင်တွေ့ဖူးသောအကများကို ဆရာက မေးမြန်းဆွေးနွေးပေးရပါမည်။
- ဆရာက အဖွဲ့အသီးသီးကို အကြံပေးရပါမည်။
- အဖွဲ့လိုက် လေ့ကျင့်ချိန်တွင် စည်းဝါးကို ရွတ်ဆိုပြီး စည်းဝါးတကျ ညီညာစွာ က နိုင်ရန် သတိထားစေပါမည်။
- ကလေးများအား ထင်မြင်ချက်များကို မေးမြန်းဆွေးနွေးရာတွင် ကောင်းသည့်အချက်များကို ပြောပြ၍ အချင်းချင်း အကဲဖြတ်စေပါမည်။

### စစ်ဆေးအကဲဖြတ်ချက်

- Grade 4 တွင် သင်ကြားသော အကနှင့် ယခင်သင်ကြားခဲ့ဖူးသော အကများကို တီထွင်ပေါင်းစပ်၍ စည်းဝါးတကျ ပျော်ရွှင်စွာ က နိုင်သည်။ (A)
- Grade 4 တွင် သင်ကြားသော အကနှင့် ယခင်သင်ကြားခဲ့ဖူးသော အကများကို တီထွင်ပေါင်းစပ်၍ က နိုင်သည်။ (S)
- သင်ကြားခဲ့သော အကများကို အဖွဲ့လိုက်ပေါင်းစပ်၍ မကနိုင်ပါ။ (E)

# သင်ကြားမှုအစီအစဉ်နှင့် ဆရာလမ်းညွှန်

## အခန်း(၅) ဗုံကြီးသံ

စတုတ္ထတန်း (စက်တင်ဘာလ ဒုတိယပတ်မှ အောက်တိုဘာလ ဒုတိယပတ်အထိ)

| | |
|---|---|
| သင်ခန်းစာခေါင်းစဉ် | ဗုံကြီးသံ |
| ရည်ရွယ်ချက် | ဗုံကြီးသံ တေးသီချင်းကို သီဆိုတီးမှုတ်ခြင်းမှ တစ်ဆင့်၊ မြန်မာ့ရိုးရာ ဗုံကြီးတီးခတ်ပုံ၏ စိတ်ဝင်စားဖွယ်ကောင်းပုံကို သိရှိကာ ပလွေနှင့်အတူ တွဲဖက်တီးမှုတ်တတ်ရန်ဖြစ်သည်။ |
| သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ | ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်များ၊ တီးခတ်တူရိယာပုံ (ဗုံ၊ ဒိုးပတ်၊ အိုးစည်၊ ဝါးလက်ခုပ် စသည်) စည်း၊ ဝါး။ |
| သင်ကြားမည့် အကြောင်းအရာ | - ဆရာတီးခတ်ပြသည်ကို နားထောင်၍ ဗုံတီးခတ်ဟန်၏ စိတ်ဝင်စားဖွယ်ကောင်းပုံကို ခံစားသိရှိမည်။<br>- ဗုံကြီးတီးခတ်သည့်အသံထွက် ပုံစံ ၂မျိုးကို လက်ဖြင့် စားပွဲကို ပုတ်၍ တီးခတ်မည်။<br>- ပုံစံ ၂မျိုးကို အပြန်အလှန်ပုတ်ခြင်း၊ လက်ဆင့်ကမ်းသည့်ပုံစံဖြင့် တစ်လှည့်စီဆက်၍ ပုတ်ခြင်းတို့ကို ပြုလုပ်မည်။<br>- တေးသီချင်းနှင့်အညီ ဗုံကြီးအသံထွက်ကို ပုတ်၍ အသံထပ်သည့်အပိုင်းကို သတိပြုမိစေမည်။<br>- Rit (Ritardando အသံတဖြည်းဖြည်း နှေးသွားပြီး အဆုံးသတ်သည့်ပုံစံ)ကို နားလည်သိရှိပြီး သီဆိုတီးမှုတ်မည်။<br>- တေးသွားကို ပလွေဖြင့် မှုတ်မည်။<br>- စာသားဆိုမည့်အဖွဲ့၊ ပလွေမှုတ်မည့်အဖွဲ့၊ Rhythm Pattern တီးခတ်မည့်အဖွဲ့ဟူ၍ အဖွဲ့ ၃ ဖွဲ့ခွဲကာ သီဆိုတီးခတ်မည်။<br>ဤသင်ခန်းစာတွင် ရှေးယခင်ကတည်းက သီဆိုတီးခတ်လာသည့် မြန်မာ့ရိုးရာဗုံကြီး၏ တီးခတ်သောအသံကို သိရှိနားလည်ကာ၊ သီချင်းနှင့်ကိုက်ညီအောင် သီဆိုတီးခတ်နိုင်ခြင်းမှာ အရေးကြီးပါသည်။ စာသင်ချိန်(၁)နှင့်(၂)တွင် တေးစာသား၊ ဗုံနှင့် ပတ်သက်၍ နားလည်သိရှိကာ၊ တေးသီချင်း၏ ထူးခြားချက်ကို နားလည်သိရှိမည်။<br>ထို့နောက် မြန်မာ့ရိုးရာအမွေအနှစ်အဖြစ် လက်ဆင့်ကမ်းလာသော တီးခတ်ပုံကို ပါးစပ်ဖြင့် နှုတ်တိုက်ရွတ်၍ သင်ယူမည်။ စာသင်ချိန်(၃)တွင် ပလွေဖြင့် တီးမှုတ်ပြီး၊ စာသင်ချိန်(၄)တွင် အပေါ်ပိုင်းရှိ တေးသီချင်းနှင့် အောက်ပိုင်းရှိ ဗုံတီးခတ်သော အသံတို့ကို တွဲဖက်၍ သီဆိုခြင်း၊ ပလွေမှုတ်ခြင်းနှင့် ဗုံကြီးသံ အသံထွက်ကို တွဲဖက်တီးခတ်မည်။ စာသင်ချိန်(၅)တွင် အသံ ဟန်ချက်မျှတမှုကို သတိပြုကာ တီထွင်ဖန်တီး၍ စုပေါင်းသီဆိုတီးခတ်မည်။<br>ဂီတသင်္ကေတနှင့် အသုံးအနှုန်းများ<br>- အသံထပ်ခြင်း၊<br>- Rit (Ritardando)<br>- Rit ဆိုသည်မှာ အသံတဖြည်းဖြည်း နှေးသွားပြီး အဆုံးသတ်သည့် ပုံစံကိုခေါ်သည်။ |
| စုစုပေါင်းသင်ကြားချိန် | စာသင်ချိန် (၅)ချိန် |

| စာသင်ချိန် | သင်ယူမှုဦးတည်ချက် | စစ်ဆေးအကဲဖြတ်ချက် (ကောင်းအဆင့်) |
|---|---|---|
| ၁။ | တေးစာသား၏ အဓိပ္ပာယ်နှင့် ဂီတအသုံးအနှုန်းတို့ကို နားလည်သိရှိပြီး ခံစားသီဆိုတတ်ရန်။ | တေးစာသား၏ အဓိပ္ပာယ်နှင့် ဂီတအသုံးအနှုန်းတို့ကို နားလည်သိရှိပြီး ခံစားသီဆိုနိုင်သည်။ |
| ၂။ | ဗုံအသံထွက် ၂မျိုးအား တေးသီချင်းနှင့် တွဲ၍ ပေါင်းစပ်သီဆိုတတ်ရန်။ | ဗုံအသံထွက် ၂မျိုးအား တေးသီချင်းနှင့် တွဲ၍ ပေါင်းစပ်သီဆိုနိုင်သည်။ |
| ၃။ | ဂီတသင်္ကေတဖြင့် သီဆိုပြီး၊ ပလွေဖြင့် လက်ပေါက်မှန်ကန်စွာ တီးမှုတ်တတ်ရန်။ | ဂီတသင်္ကေတဖြင့်သီဆိုပြီး၊ ပလွေဖြင့် လက်ပေါက်မှန်ကန်စွာ တီးမှုတ်နိုင်သည်။ |
| ၄။ | တေးသီချင်း၊ ပလွေနှင့် ဗုံတို့၏ အသံတွဲဖက်တီးခတ်ပုံကို ခံစားသိရှိပြီး သီဆိုတီးမှုတ်တတ်ရန်။ | တေးသီချင်း၊ ပလွေနှင့် ဗုံတို့၏ အသံတွဲဖက်တီးခတ်ပုံကို ခံစားသိရှိပြီး သီဆိုတီးမှုတ်နိုင်သည်။ |
| ၅။ | အဖွဲ့လိုက် ပူးပေါင်းကာ သီချင်း၊ ဗုံအသံထွက်၊ ပလွေ၊ အမူအရာ တစ်ခုချင်း စီတို့၏ အသံအတိုးအကျယ် မျှတစေရန် သတိပြုပြီး တီထွင်ဖန်တီး၍ သီဆိုတီးမှုတ်တတ်ရန်။ | အဖွဲ့လိုက် ပူးပေါင်းကာ သီချင်း၊ ဗုံအသံထွက်၊ ပလွေ၊ အမူအရာ တစ်ခုချင်းစီတို့၏ အသံအတိုးအကျယ် မျှတစေရန် သတိပြုပြီး တီထွင်ဖန်တီး၍ သီဆိုတီးမှုတ်နိုင်သည်။ |

DBE BOX

## အခန်း(၅) ဗုံကြီးသံ

**ရည်ရွယ်ချက်** – ဗုံကြီးသံ တေးသီချင်းကို သီဆိုတီးမှုတ်ခြင်းမှ တစ်ဆင့် မြန်မာ့ရိုးရာ ဗုံကြီးသံတီးခတ်ပုံ၏ စိတ်ဝင်စားဖွယ်ကောင်းပုံကို သိရှိကာ ပလွေနှင့်အတူ တွဲဖက်တီးခတ်တတ်ရန်ဖြစ်သည်။ **စာသင်ချိန်** – ၁/၅

### သင်ယူမှုဦးတည်ချက်

တေးစာသား၏ အဓိပ္ပာယ်နှင့် ဂီတအသုံးအနှုန်းတို့ကို နားလည်သိရှိပြီး ခံစားသီဆိုတတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်၊ တေးသီချင်းပါ အသံဖိုင်၊ စည်း၊ ဝါး။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

- ဆရာက သားတို့ သမီးတို့ရေ မြန်မာ့ရိုးရာ ဗုံကို မြင်ဖူးကြသလား။ ဘယ်လိုပုံစံမျိုးလဲ။ ဘယ်လိုပွဲမျိုးတွေမှာ တီးလေ့ရှိသလဲ။ ဗုံတီးဖူးကြသလား။ ဘယ်လိုတူရိယာတွေနဲ့ တွဲပြီး တီးလေ့ရှိသလဲ စသည်တို့ကို မေး၍ အစပျိုးပါမည်။(၅ မိနစ်)

**လုပ်ငန်းစဉ်**

- ဆရာက ကျောင်းသုံးစာအုပ်ပါ တေးစာသားကို ကလေးများအား ဖတ်စေပြီး ပုံထဲတွင်ပါဝင်သော ရာသီဥတု၊ ရှုခင်းအခြေအနေ၊ လှုပ်ရှားမှုများကို ပြောပြစေပါမည်။ လိုအပ်ပါက ဆရာက ဖြည့်စွက်ရှင်းလင်းပေးပါမည်။ တေးသီချင်း မသီဆိုခင် 4/4 Timing ရိုက်ချက်ကိုမှန်ကန်စွာ ရိုက်တတ်ရန် ဆရာနှင့်အတူ ၃ ကြိမ်ခန့် လေ့ကျင့်စေမည်။
- ဆရာက တေးသီချင်းအစမှ အဆုံးထိ ဝါးလတ်စည်းဖြင့် သီဆိုပြပါမည်။ သီဆိုပြသည့်အခါတွင် အဆုံးသတ်ပိုင်းကို ဆွဲပြီး(နှေးပြီး) ဆိုပြ၍ ထိုကဲ့သို့ အသံရှိန်ကို ဖြည်းညင်းစွာ လျှော့ချသီဆိုခြင်းသည် Ritardando ဖြစ်ကြောင်း ရှင်းပြပါမည်။
- ဆရာက Ritardando ထည့်သွင်း၍ အဆုံးသတ်ပိုင်းကို အသံနှေးသွားပြီး တစ်ကြိမ်၊ ပုံမှန်အမြန်နှုန်းအတိုင်းတစ်ကြိမ် သီဆိုပြပြီး မည်သို့ကွာခြားကြောင်းကို စဉ်းစား၍ ဖြေဆိုစေပါမည်။
- ဆရာက တေးစာသားတစ်ကြောင်းစီကို သီဆိုပြပြီး ကလေးများအား လိုက်ဆိုစေပါမည်။ အဆုံးထိရလျှင် တေးသီချင်းအစမှအဆုံးထိ ဆရာနှင့်အတူ ဝါးလတ်စည်းလိုက်၍ သီဆိုစေပါမည်။ 4/4 Timing ရိုက်ချက်ဖြင့် ထပ်မံသီဆိုလေ့ကျင့်မည်။
- ကလေးများ ကိုယ်တိုင် 4/4 Timing ရိုက်ချက်လိုက်၍ သီဆိုစေပါမည်။
- ဆရာက ကလေးများအား တေးသီချင်း အဓိပ္ပာယ်ကို ပြန်လည်သုံးသပ်စဉ်းစားစေပြီး မည်သို့ခံစားရကြောင်း ဆွေးနွေးစေပါမည်။ တေးသီချင်း၏ အဓိပ္ပာယ်ကို နားလည်စေပြီးမှ နောက်တစ်ကြိမ် ခံစားသီဆိုစေပါမည်။(၂၅ မိနစ်)

**နိဂုံး**

- အတန်းရှိ ကျောင်းသားဦးရေအပေါ် မူတည်၍ သင့်လျော်သလိုအဖွဲ့ဖွဲ့ပြီး တစ်ဖွဲ့ချင်းကို Ritardando အား သတိပြု၍ သီဆိုစေပါမည်။ တစ်ဖွဲ့က သီဆိုနေစဉ် ကျန်အဖွဲ့များက ဆရာနှင့်အတူ 4/4 Timing ရိုက်ချက်လိုက်၍ ကြည့်ရှုအားပေးပါမည်။(၁၀ မိနစ်)

---



**အခန်း(၅) ဗုံကြီးသံ**

**ဗုံကြီးသံ** ရှေးရိုးရာတေး

(တီးလိုက်ပါတဲ့ ဗုံကြီးသံ)^၂
(ထက်ကောင်းကင် ဝေဃံစွန်းမှာ)^၂
လွမ်းစေဖို့ဖန် . . . လေ့။
(သိကြားမင်းရယ်တဲ့ ဘုံဗိမာန်)^၂
(အယူခံဗုံသံတက်တယ်)^၂
မိုးကျွက်ကျွက်ညံ . . . လေ့။



**ဗုံကြီး**

ဗုံကြီးသံမှာ ဟိန်း၍ တစ်မူထူးခြားပြီး ခံ့ညားလေးနက်သော သဘောရှိသည်။ သီဆိုရာတွင်လည်း ဗုံသံနှင့် လိုက်အောင်ငြိမ့်ညောင်းစွာ သီဆိုရသည်။



ဗုံတီးသူနှစ်ဦး၊ လင်းကွင်းတီးသူတစ်ဦး၊ နှဲမှုတ်သူတစ်ဦး ပါဝင်သော ဗုံကြီးဝိုင်းကို ကုန်းဘောင်ခေတ်ဦးတွင် စတင်ခဲ့သည်။ ဗုံကြီးသံတေးသီချင်းမှာ ဗုံကြီးဝိုင်းတွင် သီဆိုတီးမှုတ်ရန် ရေးစပ်ထားသော တေးသီချင်းမျိုးဖြစ်သည်။

လယ်စိုက်ရာ၌ နတ်များ ကူညီစောင့်ရှောက်စေရန် ရည်ရွယ်၍ပြုလုပ်သော 'လယ်ပုံချပွဲ'များတွင် သီဆိုတီးမှုတ်ကခုန်ခဲ့သည်။ ရွှေဘိုကျေးလက်မှ စတင်ခဲ့သော ဗုံကြီးဝိုင်းများသည် ကုန်းဘောင်ခေတ်တစ်လျှောက် ခေတ်စားပြီး မြို့တော် နန်းတော်အထိ ပေါက်ရောက်ခဲ့ကာ ယနေ့ထက်ထိတိုင် ဆက်လက်သီဆိုခဲ့ကြသည်။ တန်ဖိုးထားသီဆိုသွားကြပါစို့။




---

### သတိပြုရမည့်အချက်များ

- ဤသီချင်းသည် ဝါးလတ်စည်းဖြင့် တီးခတ်ရပြီး 4/4 Timing ရိုက်ချက်၏ ပထမရိုက်ချက်တွင် ဝါး၊ တတိယရိုက်ချက်တွင် စည်းဖြင့် တီးခတ်ရသော သီချင်းဖြစ်သည်။
- Ritardando ၏ အဓိပ္ပာယ်ကို ကလေးများ ကွဲကွဲပြားပြား နားလည်စေရန် ဆရာက အခန်း (၂)ရှိ ရှင်းလင်းချက်ကို သေချာစွာ ဖတ်ပြီး တေးသီချင်းအား သီဆိုပြသည့်အခါတွင် အဆုံးသတ်ပိုင်းကို ဆွဲပြီး (နှေးပြီး) ဆိုပြရန်လိုပါသည်။
- Ritardando နှင့်အညီ သီချင်းတဖြည်းဖြည်းနှေးသွားသလို စည်းချက်ကိုလည်း လိုက်နှေးပေးရပါမည်။
- သီချင်းစတင်သီဆိုသည့်အခါ အစပြုသည့်အသံ တီ ကို ပလွေဖြင့် အသံတည်ပေးရပါမည်။
- ဗုံအမျိုးအစားများကို အသေးစိတ်ရှင်းပြရန် မလိုပါ။
- အဆုံးရှိ Whole Note ကို ရိုက်ချက်အပြည့်ဆိုရန်နှင့် Ritardando ကို သတိပြု၍ သီဆိုစေပါမည်။

### စစ်ဆေးအကဲဖြတ်ချက်

- တေးစာသား၏ အဓိပ္ပာယ်နှင့် ဂီတအသုံးအနှုန်းတို့ကို နားလည်သိရှိပြီး စိတ်ရောကိုယ်ပါ ခံစားသီဆိုနိုင်သည်။ (A)
- တေးစာသား၏ အဓိပ္ပာယ်နှင့် ဂီတအသုံးအနှုန်းတို့ကို နားလည်သိရှိပြီး ခံစားသီဆိုနိုင်သည်။ (S)
- တေးစာသား၏ အဓိပ္ပာယ်နှင့် ဂီတအသုံးအနှုန်းတို့ကို နားလည်သိရှိပြီး မသီဆိုနိုင်ပါ။ (E)




## အခန်း(၅) ဖုံကြီးသံ

**ရည်ရွယ်ချက်** – ဖုံကြီးသံ တေးသီချင်းကို သီဆိုတီးမှုတ်ခြင်းမှ တစ်ဆင့် မြန်မာ့ရိုးရာ ဖုံကြီးသံတီးခတ်ပုံ၏ စိတ်ဝင်စားဖွယ်ကောင်းပုံကို သိရှိကာ ပလွေနှင့်အတူ တွဲဖက်တီးခတ်တတ်ရန်ဖြစ်သည်။ **စာသင်ချိန်** – ၂/၅

### သင်ယူမှုဦးတည်ချက်

ဖုံအသံထွက် ၂မျိုးအား တေးသီချင်းနှင့် တွဲ၍ ပေါင်းစပ်သီဆိုတတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်၊ တေးသီချင်းပါ အသံဖိုင်၊ စည်း၊ ဝါး။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

- ဆရာက ဖုံ တူရိယာဟာ ဘယ်လိုအသံထွက်သလဲ။ ပလွေ တူရိယာက ဘယ်လိုအသံထွက်သလဲ။ ဘယ်တူရိယာက အသံရှည်ရှည်ထွက်သလဲ အသံဘယ်လိုကွာသလဲ စသည်ဖြင့် မေးပါမည်။
- ဖုံတူရိယာမှာ Rhythm ကို တီးခတ်တဲ့တူရိယာဖြစ်ကြောင်း ဒီနေ့က ဖုံသံ ၂မျိုးကို ပါးစပ်နဲ့ဆိုတာကို လက်နဲ့ရိုက်တာတို့လုပ်ပြီး သီဆိုမှာ ဖြစ်ကြောင်း ပြောပြီး နိဒါန်းပျိုးပါမည်။(၅ မိနစ်)

**လုပ်ငန်းစဉ်**

- ဖုံကြီးအား ပတ်စာထည့်၍ သီဆိုကြသည့်အတွက် ဖုံကြီးအသံမှာ အမျိုးမျိုးထွက်နိုင်ကြောင်း၊ ယခုဖုံကြီးသံ တေးသီချင်းမှာ ဗစ် တပ် ဗစ် တပ် ဗေ တိုး တပ် ဗေ ဗေ ဖုံ ဟု အသံထွက်ပြီး ဆိုကြည့်ကြမယ် ဟု ပြောပြီး ရှင်းပြရပါမည်။
- သင်ထောက်ကူကားချပ် သို့မဟုတ် ကျောင်းသုံးစာအုပ်ကို အသုံးပြု၍ ရိုက်ချက်တစ်ချက်ချင်းစီကို ညွှန်ပြရင်း ဆရာက ၎င်းအသံထွက်ကို ရွတ်ဆိုပြပါမည်။ ကလေးများအား 4/4 Timing ရိုက်ချက်လိုက်၍ သီဆိုစေပါမည်။
- ကလေးများ ကိုယ်တိုင် 4/4 Timing ရိုက်ချက်ဖြင့် ရွတ်ဆိုစေပါမည်။
- ဆရာက ကျောင်းသုံးစာအုပ်ပါ လက်ဟန်ပုံကို ပြ၍ ဗေ နေရာတွင် လက်သီးဖြင့် တီးစေပြီး ကျန်သည့်အသံထွက်နေရာများကို လက်ဝါးဖြင့် ဘယ် ညာ တစ်လှည့်စီ တီးခတ်စေပါမည်။
- ဆရာက ၎င်းအသံထွက်များကို ရွတ်ဆို၍ နမူနာ ရိုက်ပြပါမည်။
- ကလေးများအား ဆရာနှင့်အတူ ဖုံအသံထွက်ကို ရိုက်စေပါမည်။
- ကလေးများကိုယ်တိုင် ဖုံအသံထွက်ကို ရွတ်ဆိုရင်း လက်ဖြင့် ရိုက်စေပါမည်။
- ထို့နောက် သီချင်းနှင့်တွဲဖက်၍ ဖုံအသံထွက်ကို ရိုက်စေပါမည်။
- ဒုတိယဖုံအသံထွက် တစ်မျိုးဖြစ်သည့် ဗစ် တပ် ဗေ တိုး ဗေ ဗေ ဖုံ ကို အထက်ပါအတိုင်း သင်ကြားပေးရပါမည်။(၂၅ မိနစ်)

**နိဂုံး**

- သင့်လျော်သလို အဖွဲ့များဖွဲ့ကာ ဖုံအသံထွက်များကိုသတိပြု၍ ပထမ အဖွဲ့အား တေးသီချင်းကို သီဆိုစေပြီး၊ ဒုတိယအဖွဲ့အား ဖုံအသံထွက်ကို ရွတ်ဆိုစေကာ ကျန်အဖွဲ့အား လက်ဖြင့် ရိုက်စေပါမည်။ ဤလုပ်ငန်းစဉ်ကို အလှည့်ကျ ပြုလုပ်စေပါမည်။ အထက်ပါအတိုင်း ဒုတိယ ဖုံအသံထွက်ပုံစံကိုလည်း ရွတ်ဆိုစေပါမည်။ အဖွဲ့များ သီဆိုနေချိန်တွင် ဆရာက 4/4 Timing ရိုက်ချက်နှင့်အညီ ရိုက်ချက်တစ်ချက်ချင်းစီကို ညွှန်ပြပေးရပါမည်။(၁၀ မိနစ်)

### သတိပြုရမည့်အချက်များ

- ဖုံအသံထွက် Rhythm ကို စတင်သီဆိုရာ၌ ပထမဆုံးအချက်သည် ရပ်နားချက်ဖြစ်ကြောင်း သတိပြု၍ သင်ကြားပေးရပါမည်။
- Rhythmပုံစံပထမရိုက်ချက်ရှိ ရပ်နားသင်္ကေတနေရာတွင် လက်ဝါးထောင်၍ ၁ ဟု သီဆိုပြီး ရပ်နားစေကာ ဒုတိယရိုက်ချက်မှ စရပါမည်။
- သင်ထောက်ကူကားချပ်ကို အသုံးပြုသင်ကြားပါက ကျောင်းသားများ ပိုမိုနားလည်နိုင်ပါသည်။
- သီချင်းစာသားကို သီဆိုရာတွင်လည်း ဒုတိယရိုက်ချက်မှ စ၍သီဆိုရမည်ကို သတိထားစေပါမည်။
- အားလုံးစုပေါင်း၍ သီဆိုချိန်တွင် လေးချက်စည်းကို သတိပြုပြီး တေးသံစဉ်၏ အမြန်နှုန်း 4/4 Timing ရိုက်ချက် မပျက်စေရန် သတိပြုရပါမည်။
- အသံဖိုင်၊ ဗီဒီယိုဖိုင်ကို အသုံးပြုလျှင် ပို၍ ထိရောက်နိုင်ပါသည်။

### စစ်ဆေးအကဲဖြတ်ချက်

- ဖုံအသံထွက် ၂မျိုးအား တေးသီချင်းနှင့် လိုက်ဖက်ညီစွာ စည်းဝါးတကျ ပေါင်းစပ်သီဆိုနိုင်သည်။ (A)
- ဖုံအသံထွက် ၂မျိုးအား တေးသီချင်းနှင့် တွဲ၍ ပေါင်းစပ်သီဆိုနိုင်သည်။ (S)
- ဖုံအသံထွက် ၂မျိုးအား တေးသီချင်းနှင့် တွဲ၍ ပေါင်းစပ်မသီဆိုနိုင်ပါ။ (E)

DBE-BOX

## အခန်း(၅) ဖုံကြီးသံ

**ရည်ရွယ်ချက်** – ဖုံကြီးသံ တေးသီချင်းကို သီဆိုတီးမှုတ်ခြင်းမှ တစ်ဆင့် မြန်မာ့ရိုးရာ ဖုံကြီးသံတီးခတ်ပုံ၏ စိတ်ဝင်စားဖွယ်ကောင်းပုံကို သိရှိကာ ပလွေနှင့်အတူ တွဲဖက်တီးခတ်တတ်ရန်ဖြစ်သည်။ **စာသင်ချိန်** – ၃/၅

### သင်ယူမှုဦးတည်ချက်

ဂီတသင်္ကေတဖြင့် သီဆိုပြီး၊ ပလွေဖြင့် လက်ပေါက်မှန်ကန်စွာ တီးမှုတ်တတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်၊ တေးသီချင်းပါ အသံဖိုင်၊ စည်း၊ ဝါး။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**


- အဖွဲ့ ၂ဖွဲ့ဖွဲ့၍ တစ်ဖွဲ့ကို ဖုံကြီးသံတေးသီချင်းအား သီဆိုစေပြီး ကျန်တစ်ဖွဲ့အား ဖုံအသံထွက်ပုံစံ ၁ကို လက်ဖြင့် ရိုက်စေပါမည်။(၅ မိနစ်)

**လုပ်ငန်းစဉ်**

- ဆရာက တေးသီချင်း၏ ဂီတသင်္ကေတကို 4/4 Timing ရိုက်ချက်တီး၍ သီဆိုပြပါမည်။
- ဆရာက ဂီတသင်္ကေတများကို ရိုက်ချက် တစ်ချက်ချင်းစီ ညွှန်ပြ၍ ပထမ နှစ်ဘားထိ သီဆိုပြပြီး ကလေးများကို လိုက်ဆိုစေပါမည်။ ဆရာက သီဆိုပြချိန်တွင် ကလေးများအား 4/4 Timing ရိုက်ချက်ကို လက်ခုပ်ရိုက်စေပါမည်။
- ကလေးများအား ဆရာနှင့်အတူ သီဆိုစေပါမည်။
- ကလေးများ ကိုယ်တိုင် သီဆိုစေပါမည်။
- ထိုနည်းအတိုင်း ၂ ဘားစီကို သီချင်းဆုံးသည်အထိ ဆက်၍ သီဆိုစေပါမည်။ အစမှ အဆုံးထိရလျှင် 4/4 Timing ရိုက်ချက်ဖြင့် ဆရာနှင့်အတူ သီဆိုစေပါမည်။
- ကလေးများကိုယ်တိုင် အစမှ အဆုံးထိ 4/4 Timing ရိုက်ချက်ဖြင့် သီဆိုစေပါမည်။
- ကျောင်းသုံးစာအုပ်ရှိ သင်္ကေတများကို ပြ၍ တေးသီချင်းအစအဆုံးကို မှုတ်ပြပါမည်။ ထိုအချိန်တွင် ဘား ၂နှင့် ၃မှာ ကျောင်းသုံးစာအုပ်တွင် ရေးထားသည့်အတိုင်းအသံကို ပြောင်း၍ မှုတ်ပြရပါမည်။
- ကလေးများအား ၂ ဘားချင်းစီ ပလွေလက်ပေါက်မှန်ကန်စွာ ဖွင့်စေပြီး နှုတ်မှ သင်္ကေတကို သီဆိုစေပါမည်။
- နှစ်ယောက်တစ်တွဲစီတွဲ၍ သင်္ကေတကို နှုတ်မှ ရွတ်ဆိုစေပြီး လက်ပေါက် မှန် မမှန်ကို အချင်းချင်း ကြည့်ရှုစေပြီး ကူညီ၍ ပြင်ပေးစေပါမည်။
- ဆရာနှင့်အတူ သင်္ကေတကို လက်ပေါက်အဖွင့်အပိတ်မှန်ကန်စေရန် ဂရုစိုက်၍ မှုတ်စေပါမည်။
- ကလေးများကိုယ်တိုင်မှုတ်စေပါမည်။
- အထက်ပါနည်းအတိုင်း ကျန်ဘားများကို ဆက်လက်လေ့ကျင့်စေပါမည်။
- ပြီးလျှင် တေးကဗျာ အစမှ အဆုံးထိ ပေါင်း၍ တစ်ဆက်တည်း လေ့ကျင့်စေပါမည်။(၂၅ မိနစ်)

**နိဂုံး**

- အဖွဲ့ ဖွဲ့၍သော်လည်းကောင်း၊ ၂ ယောက်တစ်တွဲစီတွဲ၍သော်လည်းကောင်း ပြုလုပ်ကာ တစ်ဖွဲ့အား ဂီတသင်္ကေတကို သီဆိုစေပြီး ကျန်အဖွဲ့အား သင်္ကေတကို ကြည့်၍ မှုတ်စေပါမည်။ တစ်လှည့်စီ ပြုလုပ်စေပါမည်။
- ဆရာက 4/4 Timing ရိုက်ချက်လိုက်ပေးရပါမည်။(၁၀ မိနစ်)




### သတိပြုရမည့်အချက်များ

- သင်္ကေတတန်ဖိုးအတိုင်း မှန်ကန်စွာ သီဆိုနိုင်ရန် ရိုက်ချက်တစ်ချက်ချင်းစီကို ထောက်ပြ၍ သီဆိုပြရပါမည်။
- ဆရာက မှုတ်ပြသည့်အခါ မှန်ကန်သော အသံအနေအထား၊ အနိမ့်အမြင့် အတိုအရှည်ကို ကလေးများ သတိပြုစေရန် ဂရုစိုက်၍ မှုတ်ပြရပါမည်။
- တစ်ယောက်ချင်းစီ၏ လက်ပေါက်မှန်ကန်မှု ရှိ မရှိကို လှည့်လည်ကြည့်ရှု၍ လိုအပ်ပါက ပြုပြင်ပေးရပါမည်။ မှုတ်ရန် အခက်အခဲရှိသော ကလေးများကို ဆရာက လေ့ကျင့်ပေးရန် လိုအပ်ပါသည်။
- အဖွဲ့လိုက် သီဆိုတီးမှုတ်ရာတွင် ခေါင်းဆောင်တစ်ဦးရွေးချယ်၍ ထိုခေါင်းဆောင်မှ Timing ခေါ်ပေးရပါမည်။ ပလွေမှုတ်ရန် အခက်အခဲရှိသည့် ကျောင်းသားကိုလည်း ပါဝင်လုပ်ဆောင်နိုင်သည့် နေရာတွင် ရွေးချယ်တာဝန်ပေးရပါမည်။

### စစ်ဆေးအကဲဖြတ်ချက်

- ဂီတသင်္ကေတဖြင့်သီဆိုပြီး၊ ပလွေဖြင့်လက်ပေါက်မှန်ကန်စွာ စည်းဝါးတကျ တီးမှုတ်နိုင်သည်။ (A)
- ဂီတသင်္ကေတဖြင့်သီဆိုပြီး၊ ပလွေဖြင့်လက်ပေါက်မှန်ကန်စွာ တီးမှုတ်နိုင်သည်။ (S)
- ဂီတသင်္ကေတဖြင့်သီဆိုပြီး၊ ပလွေဖြင့်လက်ပေါက်မှန်ကန်စွာ မတီးမှုတ်နိုင်ပါ။ (E)


အခန်း(၅) ဗုံကြီးသံ

**ဗုံအစားထိုးတီးခတ်နိုင်သောပစ္စည်းများ**

**ဗုံအစားထိုးပစ္စည်းများကို တီးခတ်ကြစို့** (ဥပမာ–ခုံပုတ်ခြင်း၊ ရေသန့်ဘူး၊ ကွန်ပါဘူး၊ တစ်ရှူးဘူး စသည်ဖြင့်)

**အဖွဲ့လိုက် ဗုံအစားထိုးပစ္စည်းများကို တီးခတ်ကြစို့**

၂၄

## အခန်း(၅) ဗုံကြီးသံ

**ရည်ရွယ်ချက်** – ဗုံကြီးသံ တေးသီချင်းကို သီဆိုတီးမှုတ်ခြင်းမှ တစ်ဆင့် မြန်မာ့ရိုးရာ ဗုံကြီးသံတီးခတ်ပုံ၏ စိတ်ဝင်စားဖွယ်ကောင်းပုံကို သိရှိကာ ပလွေနှင့်အတူ တွဲဖက်တီးခတ်တတ်ရန်ဖြစ်သည်။ **စာသင်ချိန်** – ၄/၅

### သင်ယူမှုဦးတည်ချက်

တေးသီချင်း၊ ပလွေနှင့် ဗုံတို့၏ အသံတွဲဖက်တီးခတ်ပုံကို ခံစားသိရှိပြီး သီဆိုတီးမှုတ်တတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်၊ တေးသီချင်းပါ အသံဖိုင်၊ စည်း၊ ဝါး။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

- ဂီတသင်္ကေတကို ကြည့်၍ ပလွေဖြင့် ပြန်လည်မှုတ်စေပါမည်။
- ဆရာက သားတို့ သမီးတို့ရေ တီးဝိုင်းတွေနဲ့ သီချင်းဆိုတာမျိုးတွေ နားထောင်ဖူးသလား။ ဘယ်နေရာတွေမှာ မြင်ဖူး၊ နားထောင်ဖူးသလဲ။ (ဥပမာ- ဂီတဖျော်ဖြေပွဲများ၊ ရုပ်မြင်သံကြား အစီအစဉ်များ) ဘယ်လို တာဝန်ခွဲပြီး တီးခတ်သီဆိုကြသလဲ (ဥပမာ သီချင်းဆိုသည့်သူ၊ ဂစ်တာ တီးသည့်သူ၊ ဒရမ်တီးသည့်သူ) တို့ကိုမေး၍ နိဒါန်းပျိုးကာ ကလေးများ နှင့်အတူ ဆွေးနွေးစေပါမည်။
- ဒီနေ့က ဗုံကြီးသံ သီချင်းကို တီးဝိုင်းလိုမျိုး အကုန်ပေါင်းပြီး တီးမှုတ် သီဆိုကြမယ်ဟု ပြောပြီး နိဒါန်းပျိုးပါမည်။(၅ မိနစ်)

**လုပ်ငန်းစဉ်**

- ဆရာက အခု ဗုံကြီးသံတေးသီချင်းကိုလည်း သီချင်းဆိုမည့်သူ ဗုံအသံ ထွက် ၂မျိုးကို သီဆိုတီးခတ်မည့်သူ၊ ပလွေမှုတ်မည့်သူ၊ 4/4 Timing ရိုက်ချက်လိုက်မည့်သူ ဟူ၍ ခွဲကာ တီးဝိုင်းကဲ့သို့ အလှည့်ကျသီဆို တီးမှုတ်ရမည်ဖြစ်ကြောင်း ရှင်းပြရပါမည်။
- ဗုံအသံထွက်အား ရိုက်ခတ်ရာတွင် မိမိပတ်ဝန်းကျင်ရှိ အရာဝတ္ထုအမျိုး မျိုး (ဥပမာ- ဖန်ခွက်၊ ခဲတံ၊ ရေဘူး၊ ဘူးအခွံ)ကို အသုံးပြု၍ တီထွင် ရိုက်ခတ်ရမည်ဖြစ်ကြောင်း ရှင်းပြရပါမည်။
- အတန်းရှိ ကလေးအရေအတွက်ပေါ် မူတည်၍ သင့်လျော်သလို အဖွဲ့ များဖွဲ့ပါမည်။
- အဖွဲ့လိုက် မိမိတို့ မည်ကဲ့သို့ တီထွင်ဖန်တီး၍ သီဆိုတီးမှုတ်မည်ကို တိုင်ပင်စဉ်းစားကာ ဆုံးဖြတ်စေပါမည်။
- အဖွဲ့လိုက်ညီညာစွာ သီဆိုတီးမှုတ်နိုင်ရန် လေ့ကျင့်စေပါမည်။ (၃၀ မိနစ်)

**နိဂုံး**

- အဖွဲ့တစ်ဖွဲ့ချင်းစီ သီဆိုတီးမှုတ်စေပါမည်။ ပြီးလျှင် မည်ကဲ့သို့ တီထွင် ဖန်တီး၍ သီဆိုထားကြောင်းကို ပြောစေပါမည်။
- ကြည့်ရှုအားပေးနေသော အဖွဲ့များမှာ အဖွဲ့အသီးသီး၏ တီထွင်ဖန်တီး မှုများကို သိရှိနားလည်ပြီး ကောင်းသည့်အချက်များကို ချီးကျူးစေပါ မည်။(၅ မိနစ်)

### သတိပြုရမည့်အချက်များ

- အဖွဲ့တိုင်းတွင် အနည်းဆုံး ၆ ဦးခန့် ပါစေရပါမည်။ အဖွဲ့တိုင်းတွင် ပလွေမှုတ်မည့်သူ ၂ ဦးခန့် ပါစေရပါမည်။
- ဗုံသံ တီးခတ်ရာတွင် မတူညီသည့် အသံ ၂ သံ ဗစ် နှင့် တပ် ထွက်စေရန် မတူညီသောအရာများကို ရိုက်စေရပါမည်။
- အဖွဲ့လိုက် တိုင်ပင်ဆွေးနွေးချိန်တွင် အမြန်နှုန်း Tempo ကို ပြောင်းလဲနိုင်ကြောင်းကို ပြောပြရပါမည်။
- ကလေးများ အဖွဲ့လိုက် သရုပ်ဖော်ပုံကို စဉ်းစားနေချိန်တွင် ဆရာ က ကူညီ၍ အကြံပေးရပါမည်။
- အဖွဲ့တိုင်း၏ တီထွင်ဖန်တီး သရုပ်ဖော်ထားပုံများကို ဆရာက ချီးကျူးစကားပြောပေးရပါမည်။

### စစ်ဆေးအကဲဖြတ်ချက်

- တေးသီချင်း၊ ပလွေနှင့် ဗုံတို့၏ အသံတွဲဖက်တီးခတ်ပုံကို ခံစား သိရှိပြီး မိမိတို့ဟန်ဖြင့် စဉ်းစားသီဆိုတီးမှုတ်နိုင်သည်။ (A)
- တေးသီချင်း၊ ပလွေနှင့် ဗုံတို့၏ အသံတွဲဖက်တီးခတ်ပုံကို ခံစား သိရှိပြီး သီဆိုတီးမှုတ်နိုင်သည်။ (S)
- တေးသီချင်း၊ ပလွေနှင့် ဗုံတို့၏ အသံတွဲဖက်တီးခတ်ပုံကို ခံစား သိရှိပြီး သီဆိုတီးမှုတ်နိုင်ခြင်း မရှိပါ။ (E)

DBE BOX

## အခန်း(၅) ဗုံကြီးသံ

**ရည်ရွယ်ချက်** – ဗုံကြီးသံ တေးသီချင်းကို သီဆိုတီးမှုတ်ခြင်းမှ တစ်ဆင့် မြန်မာ့ရိုးရာ ဗုံကြီးသံတီးခတ်ပုံ၏ စိတ်ဝင်စားဖွယ်ကောင်းပုံကို သိရှိကာ ပလွေနှင့်အတူ တွဲဖက်တီးခတ်တတ်ရန်။ **စာသင်ချိန်** – ၅/၅

### သင်ယူမှုဦးတည်ချက်

အဖွဲ့လိုက် ပူးပေါင်းကာ သီချင်း၊ ဗုံအသံထွက်၊ ပလွေ၊ အမူအရာ တစ်ခုချင်းစီတို့၏ အသံအတိုးအကျယ် မျှတစေရန် သတိပြုပြီး တီထွင်ဖန်တီး၍ သီဆို တီးမှုတ်တတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်၊ တေးသီချင်းပါ အသံဖိုင်၊ စည်း၊ ဝါး။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

- ကလေးများအား စာသင်ချိန် (၄)က အဖွဲ့လိုက် သီဆိုတီးမှုတ်တာကို ကြည့်ပြီး ဘယ်လိုအသံတွေ တွဲဖက် တီးခဲ့ကြသလဲ ဘယ်အဖွဲ့ရဲ့ တီထွင်ဖန်တီးထားတာက ပျော်စရာကောင်းသလဲ စသည်ဖြင့် မေးပြီး ဒီနေ့က သီချင်းနှင့် လိုက်ဖက်မည့် အမူအရာတွေပြုလုပ်ပြီး သီချင်းဆိုသည့်အသံ၊ ပလွေသံ၊ ဗုံတီးခတ်သည့် အသံမျှတစေရန် အဖွဲ့လိုက် စဉ်းစားပြီး ပိုပျော်စရာကောင်းအောင် သီဆိုတီးမှုတ်ကြရအောင်ဟု ပြော၍ နိဒါန်းပျိုးပါမည်။(၅ မိနစ်)

**လုပ်ငန်းစဉ်**

- အတန်းရှိ ကလေးအရေအတွက်ပေါ်မူတည်၍ သင့်လျော်သလို အဖွဲ့များ ဖွဲ့ပါမည်။
- တေးစာသားအဓိပ္ပာယ်နှင့် လိုက်ဖက်သောသရုပ်ဖော် လှုပ်ရှားမှုများ၊ ဟန်အမူအရာများကို အဖွဲ့လိုက်စဉ်းစားတိုင်ပင်ပြီး ပြုလုပ်ခြင်း၊ ဗုံအသံထွက်များကို တီထွင်ရိုက်ခတ်ခြင်း၊ ပလွေမှုတ်ခြင်းတို့ကို အသီးသီး အသံအတိုးအကျယ်မျှတစေရန် တီထွင်ဖန်တီး၍ ခံစားသီဆိုသရုပ်ဖော် တီးမှုတ်ရမည်ဖြစ်ကြောင်း ရှင်းပြပါမည်။
- အဖွဲ့လိုက် တေးသီချင်းနှင့် လိုက်ဖက်သည့် အမူအရာပြုလုပ်၍ သီဆိုမည့်သူ၊ ဗုံအသံထွက် ပုံစံ ၂မျိုးကို တီးခတ်မည့်သူများ၊ ပလွေမှုတ်မည့်သူ၊ လေးချက်စည်းကို လက်ခုပ်ရိုက်မည့်သူ စသည်တို့ကို တိုင်ပင်စဉ်းစားကာ မည်ကဲ့သို့ ဖန်တီး၍ သီဆိုတီးမှုတ်ပြီး သရုပ်ဖော်မည်ကို ဆုံးဖြတ်စေပါမည်။
- အဖွဲ့လိုက်ညီညာစွာ သီဆိုတီးမှုတ်နိုင်ရန် ခေါင်းဆောင်တစ်ဦး ရွေးချယ်ပြီး လေ့ကျင့်စေပါမည်။(၃၀ မိနစ်)

**နိဂုံး**

- အဖွဲ့တစ်ဖွဲ့ချင်းစီ သီဆိုသရုပ်ဖော်တီးမှုတ်စေပါမည်။ ပြီးလျှင်မည်ကဲ့သို့ တီထွင်ဖန်တီး၍ သီဆိုထားကြောင်းကို ပြောစေပါမည်။
- ကြည့်ရှုအားပေးနေသော အဖွဲ့များမှာ အဖွဲ့အသီးသီး၏ တီထွင်ဖန်တီးမှုများကို သိရှိနားလည်ပြီး ကောင်းသည့်အချက်များကို ချီးကျူးစေပါမည်။(၅ မိနစ်)

အခန်း(၅) ဗုံကြီးသံ

**တေးသီချင်း၏ အဓိပ္ပာယ်ကို ပေါ်လွင်အောင် သီဆိုသရုပ်ဖော်ကြစို့**

**အဖွဲ့လိုက်တိုင်ပင်ကြစို့**



**အဖွဲ့လိုက်သီဆိုတီးမှုတ် သရုပ်ဖော်ကြစို့**



၂၅

### သတိပြုရမည့်အချက်များ

- အဖွဲ့တိုင်းတွင် အနည်းဆုံး ၈ဦးခန့် ပါဝင်စေပါမည်။
- ၁။ ပလွေမှုတ်မည့်သူ (အနည်းဆုံး ၂ဦး)
  ၂။ တေးသီချင်းသီဆိုပြီး အမူအရာပြုလုပ်မည့်သူ
  ၃။ ဗုံသံပုံစံ ၂မျိုးကို သီဆိုတီးခတ်မည့်သူ
  ၄။ လေးချက်စည်းလိုက်မည့်သူ
- တွဲဖက် သီဆိုတီးခတ်သည့်အခါ 4/4 Timing ရိုက်ချက်နှင့် ဗုံအသံထွက်ကို ရွတ်ဆိုပြီးမှ စည်းချက်ညီညီ သီချင်းနှင့် ပလွေကို သီဆိုတီးမှုတ်မည်။
- သီဆိုတီးမှုတ်ရန် ဆရာက ဖိအားပေး သင်ကြားခြင်းထက် ကလေးများအချင်းချင်း အတူတကွ သီဆိုတီးမှုတ်ခြင်းကို ပြုလုပ်စေရန် ညွှန်ကြားပေးရပါမည်။ သီဆိုသည့်အသံ တီးမှုတ်သည့်အသံ အတိုးအကျယ်မျှတစေရန် တီထွင်ဖန်တီးသည့်အခါ တစ်ဘားချင်းစီကို အသံအတိုးအကျယ်ပြောင်း၍ သီဆိုတီးမှုတ်နိုင်ပါသည်။

### စစ်ဆေးအကဲဖြတ်ချက်

- အဖွဲ့လိုက် ပူးပေါင်းကာ သီချင်း၊ ဗုံအသံထွက်၊ ပလွေ၊ အမူအရာ တစ်ခုချင်းစီတို့၏ အသံအတိုးအကျယ် မျှတစေရန် သတိပြုပြီး တီထွင်ဖန်တီး၍ တေးသီချင်း၏ အနှစ်သာရကို ပေါ်လွင်အောင် သီဆိုတီးမှုတ်နိုင်သည်။ (A)
- အဖွဲ့လိုက် ပူးပေါင်းကာ သီချင်း၊ ဗုံအသံထွက်၊ ပလွေ၊ အမူအရာ တစ်ခုချင်းစီတို့၏ အသံအတိုးအကျယ် မျှတစေရန် သတိပြုပြီး တီထွင်ဖန်တီး၍ သီဆိုတီးမှုတ်နိုင်သည်။ (S)
- တီထွင်ဖန်တီး၍ သီဆိုဖျော်ဖြေခြင်း မပြုလုပ်နိုင်ပါ။ (E)

DRAFT

## အခန်း(၆) မိဘမေတ္တာ

စတုတ္ထတန်း (နိုဝင်ဘာလ ပထမပတ်မှ ဒီဇင်ဘာလ ပထမပတ်အထိ)

| | |
|---|---|
| သင်ခန်းစာခေါင်းစဉ် | မိဘမေတ္တာ |
| ရည်ရွယ်ချက် | မိဘမေတ္တာ တေးသီချင်း၏ အနှစ်သာရကို သိရှိနားလည်ကာ အသံအပြင်းအပျော့ သင်္ကေတများကို သတိပြု၍ ခံစားချက်ဖြင့် သီဆိုတီးမှုတ်တတ်ရန်ဖြစ်သည်။ |
| သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ | ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်များ၊ စည်း၊ ဝါး။ |
| သင်ကြားမည့် အကြောင်းအရာ | - တေးစာသားကို ဖတ်ရှုပြီး၊ နားလည်သိရှိမည်။<br>- သီချင်းစာသားမှ တေးသီချင်း၏ ခံစားချက်ကို နားလည်သိရှိမည်။<br>- 4/4 Timing ရိုက်ချက်ဖြင့် စည်းချက်ညီညီ သီဆိုမည်။<br>- ဒို ရေ မီ သင်္ကေတဖြင့် သီဆိုမည်။<br>- ပလွေလက်ပေါက်ကို မှန်ကန်စွာ သိရှိမည်။<br>- အစမှ အဆုံးအထိ ပလွေဖြင့် မှုတ်မည်။<br>- မိတ်ဖက်သံစဉ်ကို တစ်ထပ်တည်း ထပ်၍ မှုတ်မည်။<br>Crescendo, Decrescendo, Forte, Mezzopiano, Mezzoforte စသော သင်္ကေတများကို သိရှိကာ၊ အသံအပြင်းအပျော့များ ထည့်သွင်း၍ မှုတ်မည်။<br>ဤသင်ခန်းစာတွင် တေးကဗျာ၏ အနှစ်သာရကို သိရှိနားလည်ကာ အသံအပြင်းအပျော့များထည့်သွင်း၍ ခံစားချက်ဖြင့် သီဆိုတီးမှုတ်ခြင်းမှာ အရေးကြီးသည်။ စာသင်ချိန် (၁) တွင် တေးကဗျာကို သီဆိုပြီး စာသင်ချိန်(၂) တွင် ဒို ရေ မီ သင်္ကေတကို သီဆို၍ လက်ပေါက်မှန်ကန်စွာ ပလွေမှုတ်နိုင်ရန် လေ့ကျင့်မည်။ စာသင်ချိန်(၃)တွင် သံစဉ် ၂ ခု၏ အသံအတိုးအကျယ်ကို မှတရန် သတိပြုပြီး အသံအပြင်းအပျော့ကို ထည့်သွင်းကာ တီးမှုတ်မည်။ စာသင်ချိန်(၄)တွင် မိတ်ဖက်သံစဉ်ကို မှုတ်နိုင်ရန် လေ့ကျင့်ပြီး ပလွေဖြင့် သံစဉ် ၂ ခုကို အပြန်အလှန်မှုတ်ခြင်း၊ လက်ဆင့်ကမ်းသည့်ပုံစံဖြင့် အဆင့်ဆင့်မှုတ်ခြင်းတို့ကို ပြုလုပ်၍ သံစဉ် ၂ ခုကို မှုတ်နိုင်ရန် လေ့ကျင့်မည်။ စာသင်ချိန်(၅)တွင် အဖွဲ့လိုက် တေးကဗျာ၏ အနှစ်သာရကို ပေါ်လွင်စေရန် ခံစားသီဆိုသရုပ်ဖော်ပြီး အနှစ်ချုပ်မည်။<br>ဂီတသင်္ကေတနှင့် အသုံးအနှုန်းများ<br>- အသံအပြင်းအပျော့သင်္ကေတများ Crescendo, Decrescendo, Forte, Mezzopiano, Mezzoforte |
| စုစုပေါင်းသင်ကြားချိန် | စာသင်ချိန် (၅)ချိန် |

| စာသင်ချိန် | သင်ယူမှုဦးတည်ချက် | စစ်ဆေးအကဲဖြတ်ချက် (ကောင်းအဆင့်) |
|---|---|---|
| ၁။ | တေးစာသား၏ အဓိပ္ပာယ်ကို သိရှိနားလည်ပြီး ခံစားသီဆိုတတ်ရန်။ | တေးစာသား၏ အဓိပ္ပာယ်ကို သိရှိနားလည်ပြီး ခံစားသီဆိုနိုင်သည်။ |
| ၂။ | တေးသီချင်း၏ ဂီတသင်္ကေတကို သီဆိုပြီး ပလွေဖြင့် လက်ပေါက်မှန်ကန်စွာ သီဆိုတီးမှုတ်တတ်ရန်။ | တေးသီချင်း၏ ဂီတသင်္ကေတကို သီဆိုပြီး ပလွေဖြင့် လက်ပေါက်မှန်ကန်စွာ သီဆိုတီးမှုတ်နိုင်သည်။ |
| ၃။ | အသံအပြင်းအပျော့ သင်္ကေတများကို သတိပြု၍ ခံစားချက်ဖြင့် တီးမှုတ်တတ်ရန်။ | အသံအပြင်းအပျော့ သင်္ကေတများကို သတိပြု၍ ခံစားချက်ဖြင့် တီးမှုတ်နိုင်သည်။ |
| ၄။ | မိတ်ဖက်သံစဉ် ၂ခုအား တစ်ထပ်တည်းမှုတ်ခြင်းကို နားလည်သိရှိပြီး ပလွေဖြင့် တီးမှုတ်တတ်ရန်။ | မိတ်ဖက်သံစဉ် ၂ခုအား တစ်ထပ်တည်းမှုတ်ခြင်းကို နားလည်သိရှိပြီး ပလွေဖြင့် တီးမှုတ်နိုင်သည်။ |
| ၅။ | တေးသီချင်း၏ အနှစ်သာရ၊ အသံအပြင်းအပျော့ကို အဖွဲ့လိုက် တီထွင်ဖန်တီး၍ သီဆိုတီးမှုတ်တတ်ရန်။ | တေးသီချင်း၏ အနှစ်သာရ၊ အသံအပြင်းအပျော့ကို အဖွဲ့လိုက် တီထွင်ဖန်တီး၍ သီဆိုတီးမှုတ်နိုင်သည်။ |

DBLBox

## အခန်း(၆) မိဘမေတ္တာ

**ရည်ရွယ်ချက်** – တေးသီချင်း၏ အနှစ်သာရကို သိရှိနားလည်ကာ အသံအပြင်းအပျော့ သင်္ကေတများကို သတိပြု၍ ခံစားချက်ဖြင့် သီဆိုတီးမှုတ်ရန် ဖြစ်သည်။ **စာသင်ချိန်** – ၁/၅


### သင်ယူမှုဦးတည်ချက်
တေးစာသား၏ အဓိပ္ပာယ်ကို သိရှိနားလည်ပြီး ခံစားသီဆိုတတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ
ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်၊ တေးသီချင်းပါ အသံဖိုင်၊ စည်း၊ ဝါး။


### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်
**နိဒါန်း**
- ဆရာက 'သားတို့ သမီးတို့ရေ မိဘမေတ္တာဟာ မိုးကောင်းကင်ကြီးလို ကြီးမားကျယ်ပြန့်တယ်၊ သစ်ပင်အရိပ်အောက်ကို ရောက်ရင် အေးမြသလို မိဘရဲ့အရိပ်ဟာ အေးမြတယ်'ဟု ပြော၍ အစပျိုးပါမည်။ (၅ မိနစ်)

**လုပ်ငန်းစဉ်**
- ဆရာက တေးစာသားကို ကလေးများအား ဖတ်စေပြီး ပုံထဲတွင် ပါဝင်သော အကြောင်းအရာများကို ပြောစေပါမည်။
- လိုအပ်ပါက ဆရာက ဖြည့်စွက်ရှင်းလင်းပေးပါမည်။
- 'ဒီအကြောင်းအရာတွေပါတဲ့ တေးသီချင်းလေးကို မိဘမေတ္တာကိုခံစားပြီး ဆိုကြည့်ကြမယ်နော်'ဟု ပြောပါမည်။
- သီချင်းစတင် မသီဆိုခင်တွင် 4/4 Timing ရိုက်ချက်ကို မှန်ကန်စွာ ရိုက်တတ်ရန် ၁၊ ၂၊ ၃၊ ၄ ရိုက်ချက်အား ဆရာနှင့်အတူ ကလေးများ ၃ ကြိမ်ခန့် လေ့ကျင့်စေပါမည်။
- နီးစပ်ရာ ၂ ယောက်တစ်တွဲ တွဲပေးရပါမည်။ ဆရာက သီဆိုပြနေချိန်တွင် တစ်ဦးအား လက်ခုပ်တီးစေ၍ ကျန်တစ်ဦးအား ကျောင်းသုံးစာအုပ်ရှိ သင်္ကေတအား မှတ်သားစေပါမည်။ ဤလုပ်ငန်းစဉ်အား အလှည့်ကျပြုလုပ်စေပါမည်။
- အသံအတိုအရှည်ကို မှတ်မိလျှင် ဆရာက တေးစာသားနှစ်ကြောင်းစီကို သီဆိုပြပြီး ကလေးများအား လိုက်ဆိုစေပါမည်။ အဆုံးထိရလျှင် တေးသီချင်းအစမှ အဆုံးထိ ဆရာနှင့်အတူ 4/4 Timing ရိုက်ချက်ဖြင့် သီဆိုစေပါမည်။
- ကလေးများကိုယ်တိုင် 4/4 Timing ရိုက်ချက်ဖြင့် အသံအပြင်းအပျော့ကို တီထွင်ဖန်တီး၍ သီဆိုစေပါမည်။
- ဆရာက ကလေးများအား တေးသီချင်း၏ အဓိပ္ပာယ်ကို ပြန်လည်မေးမြန်းပြီး မည်သို့ခံစားရကြောင်း ဆွေးနွေးစေပါမည်။ တေးသီချင်း၏ အဓိပ္ပာယ်ကို နားလည်စေပြီးမှ နောက်တစ်ကြိမ် ခံစားသီဆိုစေပါမည်။ (၃၀ မိနစ်)

**နိဂုံး**
- အတန်းရှိ ကျောင်းသားဦးရေအပေါ် မူတည်၍ သင့်လျော်သလို အဖွဲ့ဖွဲ့ပြီး တစ်ဖွဲ့ချင်းကို သီဆိုစေပါမည်။ တစ်ဖွဲ့က သီဆိုနေစဉ် ကျန်အဖွဲ့များက ဆရာနှင့်အတူ စည်းချက်လိုက်ရင်း ကြည့်ရှုအားပေးပါမည်။ (၅ မိနစ်)









### သတိပြုရမည့်အချက်များ
- သီချင်းစတင်သီဆိုသည့်အခါ အစပြုသည့်အသံ (ဆို) ကို ပလွေဖြင့် အသံတည်ပေးရပါမည်။
- ရိုက်ချက် (Timing) ခေါ်ပေးရာတွင် ကလေးများလိုက်ဆိုနိုင်ရန် ဆရာက ဂရုစိုက်၍ ဖြည်းဖြည်းနှင့် မှန်မှန်ခေါ်ပေးရပါမည်။
- ဆရာက အသံအပြင်းအပျော့ကို တီထွင်ဖန်တီး၍ သီဆိုစေရန် အကြံပေးရပါမည်။
- တေးသံစဉ်ကို လက်ဖြင့် ရေးဟန်ပြုစေပြီး အသံအမြင့်ကို သတိပြုရင်း သီဆိုစေပါမည်။
- သံစဉ်မြင့်တက်သွားချိန်တွင် တဖြည်းဖြည်းအသံကို မြှင့်၍ သီဆိုစေပါမည်။
- သံစဉ်နိမ့်ကျသွားချိန်တွင် တဖြည်းဖြည်းအသံကိုချ၍ သီဆိုစေပါမည်။
- တေးသီချင်းတွင် ခံစားချက်များ ထည့်သွင်း ရေးစပ်ထားခြင်းကို သိရှိစေပါမည်။

### စစ်ဆေးအကဲဖြတ်ချက်
- တေးစာသား၏ အဓိပ္ပာယ်ကို သိရှိနားလည်ပြီး စည်းချက်ညီညီ ခံစားသီဆိုနိုင်သည်။ (A)
- တေးစာသား၏ အဓိပ္ပာယ်ကို သိရှိနားလည်ပြီး ခံစားသီဆိုနိုင်သည်။ (S)
- တေးစာသား၏ အဓိပ္ပာယ်ကို သိရှိနားလည်ပြီး မသီဆိုနိုင်ပါ။ (E)

## အခန်း(၆) မိဘမေတ္တာ

**ရည်ရွယ်ချက်** – တေးသီချင်း၏ အနှစ်သာရကို သိရှိနားလည်ကာ အသံအပြင်းအပျော့ သင်္ကေတများကို သတိပြု၍ ခံစားချက်ဖြင့် သီဆိုတီးမှုတ်ရန် ဖြစ်သည်။ **စာသင်ချိန်** – ၂/၅


### သင်ယူမှုဦးတည်ချက်
တေးသီချင်း၏ ဂီတသင်္ကေတကို သီဆိုပြီး ပလွေဖြင့် လက်ပေါက်မှန်ကန်စွာ သီဆိုတီးမှုတ်တတ်ရန်။


### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ
ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်၊ တေးသီချင်းပါ အသံဖိုင်၊ စည်း၊ ဝါး။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်
**နိဒါန်း**
- ကျောင်းသုံးစာအုပ်အားကြည့်၍ မိဘမေတ္တာတေးသီချင်းကို လေးချက်စည်းဖြင့် စည်းချက်လိုက်ရင်း ပြန်လည်လေ့ကျင့် သီဆိုစေပါမည်။ (၅ မိနစ်)

**လုပ်ငန်းစဉ်**
- ဆရာက ဂီတသင်္ကေတကို သီဆိုပြ၍ တစ်ဦးအား လက်ခုပ်တီးစေပြီး ကျန်တစ်ဦးအား ကျောင်းသုံးစာအုပ်ရှိ သင်္ကေတအား ရိုက်ချက်တစ်ချက်စီ ထောက်၍ အသံဆွဲပြီး ဆိုရသည့် နေရာများကို မှတ်သားစေပါမည်။ ဤလုပ်ငန်းစဉ်အားအလှည့်ကျ ပြုလုပ်စေပါမည်။
- အသံဆွဲ၍ သီဆိုရသည့်နေရာများကို ၂ ယောက်တစ်တွဲ တိုင်ပင်၍ ရှာဖွေစေပြီး အချင်းချင်း ပြောစေပါမည်။
- ကျောင်းသုံးစာအုပ်ရှိ ရိုက်ချက်လိုင်းများကို ကြည့်၍ တူညီသောလိုင်းများကို ရှာစေကာ ၂ ယောက်တစ်တွဲ ပြောစေပါမည်။
- ဤတေးသီချင်းတွင် သံစဉ်တူထပ်ကျော့ပါခြင်း၊ ပြောင်းလဲခြင်းတို့ဖြင့် ရေးစပ်ထားကြောင်း သတိပြုမိစေပါမည်။
- Dotted Crochet(♩.)၊ Minim(𝅗𝅥)တို့၏ အသံရှည်ကို လက်ခုပ်ရိုက်ချက်ဖြင့် ကလေးများ နားလည်သည်အထိ ပြန်လည်ရှင်းပြပြီး ဂီတသင်္ကေတ၏ အသံအတိုအရှည် အနိမ့်အမြင့်ကို သတိပြု၍ပထမပိုဒ် ၄ဘားနှင့် ဒုတိယပိုဒ် ၄ဘားကို သီဆိုပြပြီး ကလေးများအား လိုက်ဆိုစေပါမည်။ကလေးများ ကိုယ်တိုင်သီဆိုစေပါမည်။
- အထက်ပါအတိုင်း အသစ်ပါသော Dotted Minim(𝅗𝅥.)၏ အသံအရှည်ကို သင်ကြားပေးပြီး တတိယပိုဒ် ၄ဘားနှင့် စတုတ္ထပိုဒ် ၄ဘားကို ဆရာက သင်္ကေတဖြင့် သီဆိုပြပြီး ကလေးများကို 4/4 Timingလိုက်၍ သီဆိုစေပါမည်။
- ဘား (၁၃)မှ ဘား (၁၆)သည် ဘား (၅)မှ ဘား(၈)နှင့် ပုံစံအတူတူပင်ဖြစ်ကြောင်း ရှင်းပြပြီး တေးသီချင်းအစမှ အဆုံးထိ ကလေးများကိုယ်တိုင် သီဆိုပြီး လက်ပေါက်မှန်ကန်စွာ မှုတ်စေပါမည်။(၂၅ မိနစ်)

**နိဂုံး**
- ၂ ယောက်တစ်တွဲ သို့မဟုတ် သင့်လျော်သလို အဖွဲ့များဖွဲ့ကာ ဂီတသင်္ကေတတန်ဖိုးများကို သတိပြု၍ တစ်ဖက်ကို ပလွေဖြင့် မှုတ်စေပြီး ကျန်တစ်ဖက်မှာ လက်ပေါက်မှန်ကန်မှု ရှိ မရှိ ကြည့်ရင်း ဂီတသင်္ကေတကို သီဆိုစေခြင်းကို အလှည့်ကျ ပြုလုပ်စေပါမည်။ အဖွဲ့များ သီဆိုတီးမှုတ်နေချိန်တွင် ဆရာက လေးချက်စည်းလိုက်ပေးရပါမည်။ (၁၀ မိနစ်)





### သတိပြုရမည့်အချက်များ
- သင်္ကေတသင်ကြားသည့်အခါ သင်ထောက်ကူကားချပ်ကို အသုံးပြု၍ စည်းချက်တစ်ချက်ချင်းစီ ထောက်ပြပြီး သင်ကြားလျှင် ပို၍ ထိရောက်နိုင်ပါသည်။
- အသံဆွဲ၍ ဆိုရသည့်နေရာများ ရှာရာတွင် (Minim, Dotted Crochet, Dotted Minim)တို့ကို သတိပြုစေပါမည်။
- စတင်လေ့ကျင့်ချိန်တွင် ကလေးများ ညီညာမှန်ကန်စေရန် ဆရာက ရိုက်ချက် (Timing) ဖြည်းညင်းစွာ ခေါ်ပေးရပါမည်။
- Dotted ပါသော သင်္ကေတများကို သင်ကြားရာတွင် လေးချက်စည်းဖြင့် လက်ခုပ်တီး၍ ရှင်းပြလျှင် နားလည်လွယ်ပါသည်။
- လက်ပေါက်မှန် မမှန်ကို ကလေးအချင်းချင်း ကြည့်ရှုစေ၍ ကူညီစေပါမည်။
- အသက်ရှူရန် ပြသော သင်္ကေတ (V)ကို သတိပြု၍ မှုတ်စေပါမည်။

### စစ်ဆေးအကဲဖြတ်ချက်
- တေးသီချင်း၏ ဂီတသင်္ကေတကို သီဆိုပြီး ပလွေဖြင့် လက်ပေါက်မှန်ကန်စွာ သင်္ကေတတန်ဖိုးအတိုင်း မှုတ်နိုင်သည်။ (A)
- တေးသီချင်း၏ ဂီတသင်္ကေတကို သီဆိုပြီး ပလွေဖြင့် လက်ပေါက်မှန်ကန်စွာ မှုတ်နိုင်သည်။ (S)
- တေးသီချင်း၏ ဂီတသင်္ကေတကို သီဆိုပြီး ပလွေဖြင့် လက်ပေါက်မှန်ကန်စွာ မမှုတ်နိုင်ပါ။ (E)

## အခန်း(၆) မိဘမေတ္တာ

**ရည်ရွယ်ချက်** – တေးသီချင်း၏ အနှစ်သာရကို သိရှိနားလည်ကာ အသံအပြင်းအပျော့ သင်္ကေတများကို သတိပြု၍ ခံစားချက်ဖြင့် သီဆိုတီးမှုတ်ရန် ဖြစ်သည်။ **စာသင်ချိန်** – ၃/၅

### သင်ယူမှုဦးတည်ချက်

အသံအပြင်းအပျော့ သင်္ကေတများကို သတိပြု၍ ခံစားချက်ဖြင့် တီးမှုတ်တတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်၊ တေးသီချင်းပါ အသံဖိုင်၊ စည်း၊ ဝါး။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**


- ဂီတသင်္ကေတများကို ပလွေလက်ပေါက်အဖွင့်အပိတ်ပြုလုပ်ရင်း သီဆိုစေပါမည်။ တေးသီချင်းကို လက်ပေါက်မှန်ကန်စွာ မှုတ်စေ၍ စာသင်ချိန် (၂)ရှိ သင်ခန်းစာကို ပြန်လည်လေ့ကျင့်စေပါမည်။(၅ မိနစ်)

**လုပ်ငန်းစဉ်**

- ကျောင်းသုံးစာအုပ်ရှိ ဂီတသင်္ကေတ အသုံးအနှုန်းများ (Mezzopiano, Forte, Mezzoforte, Crescendo, Decrescendo)၏ သင်္ကေတနှင့် အဓိပ္ပာယ်ကို ကလေးများနားလည်ရန် သင်ထောက်ကူကားချပ်များပြ၍ ရှင်းပြပေးရပါမည်။
- ကျောင်းသုံးစာအုပ်ရှိ တေးသီချင်းတွင် ၎င်းသင်္ကေတနေရာများကို ရှာဖွေစေပြီး မည်သို့မှုတ်ရမည်ကို ပြောပြစေပါမည်။
- အထက်ပါ ဂီတသင်္ကေတများအား သင်ထောက်ကူကားချပ်များပြုလုပ်ပြီး အားလုံးအတူတူ သီဆိုကြည့်ခြင်း၊ ပလွေဖြင့် လေ့ကျင့်မှုတ်ကြည့်စေခြင်းတို့ကို ပြုလုပ်ရပါမည်။
- အတန်းရှိ ကလေးအရေအတွက်ပေါ် မူတည်၍ တစ်ဖွဲ့လျှင် ၆ ဦးခန့် အဖွဲ့များ ဖွဲ့စေပါမည်။
- အဖွဲ့လိုက် မည်သို့ တီးမှုတ်မည်ကို ဆွေးနွေးတိုင်ပင်စေပါမည်။ (ဥပမာ- တေးသီချင်း၏နောက်ဆုံးဘားတွင် Decrescendoသင်္ကေတပါသောကြောင့် အသံကို တဖြည်းဖြည်း အားပျော့ပျော့ဖြင့် မှုတ်ရမည်။)
- အဖွဲ့လိုက် အသံအပြင်းအပျော့ကို ညီညာစွာ တီးမှုတ်နိုင်ရန် လေ့ကျင့်စေပါမည်။(၂၅ မိနစ်)

**နိဂုံး**

- အဖွဲ့တစ်ဖွဲ့ချင်း အတန်းရှေ့သို့ထွက်၍ တီးမှုတ်စေပါမည်။ တစ်ဖွဲ့က တီးမှုတ်နေချိန်တွင် ဆရာနှင့် ကျန်အဖွဲ့များက လက်ခုပ်တီး၍ စည်းချက်လိုက်ပေးရပါမည်။ ထိုအချိန်တွင် အသံအပြင်းအပျော့ မှန်ကန်မှု ရှိ မရှိကို သတိပြု၍ ကြည့်ရပါမည်။(၁၀ မိနစ်)









### သတိပြုရမည့်အချက်များ

- ကလေးများ လက်ကွက် မှန်ကန်စွာဖြင့် တီးမှုတ်နိုင်ရန် ဆရာက ကျောင်းသားတိုင်းအား ကူညီပေးရပါမည်။
- ဆရာက အသံအပြင်းအပျော့ ပြုလုပ်ရမည့် နေရာများကို ကိုယ်ဟန်အမူအရာပြုလုပ်၍ သီဆိုပြလျှင် ကလေးများပိုမိုသတိထားမိစေနိုင်ပါသည်။ (ဥပမာ-အသံပြင်းပြင်း သီဆိုတီးမှုတ်ရမည့် နေရာတွင် လက်ကို ဖြန့်ကားပြခြင်း)
- အသံအပြင်းအပျော့ဖြင့် မှုတ်ရာတွင် လေအားကို သတိထား၍ မှုတ်တတ်စေရန် သင်ပေးရပါမည်။
- အဖွဲ့လိုက် လေ့ကျင့်ချိန်တွင် အသံအပြင်းအပျော့ကို ညီညာစွာ သီဆိုတီးမှုတ်နိုင်ရန်အတွက် အပြန်အလှန်ကြည့်ရှုပြောပြစေပါမည်။

### စစ်ဆေးအကဲဖြတ်ချက်

- အသံအပြင်းအပျော့ သင်္ကေတများကို သတိပြု၍ ခံစားချက်ဖြင့် ညီညာစွာ တီးမှုတ်နိုင်သည်။ (A)
- အသံအပြင်းအပျော့ သင်္ကေတများကို သတိပြု၍ ခံစားချက်ဖြင့် တီးမှုတ်နိုင်သည်။ (S)
- အသံအပြင်းအပျော့ သင်္ကေတများကို သတိပြု၍ မတီးမှုတ်နိုင်ပါ။ (E)





## အခန်း(၆) မိဘမေတ္တာ

**ရည်ရွယ်ချက်** – တေးသီချင်း၏ အနှစ်သာရကို သိရှိနားလည်ကာ အသံအပြင်းအပျော့ သင်္ကေတများကို သတိပြု၍ ခံစားချက်ဖြင့် သီဆိုတီးမှုတ်ရန် ဖြစ်သည်။ **စာသင်ချိန်** – ၄/၅

### သင်ယူမှုဦးတည်ချက်

မိတ်ဖက်သံစဉ် ၂ခုအား တစ်ထပ်တည်းမှုတ်ခြင်းကို နားလည်သိရှိပြီး ပလွေဖြင့် တီးမှုတ်တတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်၊ တေးသီချင်းပါ အသံဖိုင်၊ စည်း၊ ဝါး။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

- စာသင်ချိန် (၃)တွင် သင်ကြားခဲ့သည့်အတိုင်း အသံအပြင်းအပျော့များ ထည့်သွင်းကာ လက်ပေါက်မှန်ကန်စွာဖြင့် မှုတ်နိုင်ရန် ပြန်လည်လေ့ကျင့်စေပါမည်။(၅ မိနစ်)

**လုပ်ငန်းစဉ်**

- ယခင် သင်ခဲ့ဖူးသော သံစဉ် ၂ခုအား တစ်ထပ်တည်းကျစေရန် မှုတ်ခြင်း အကြောင်းကို ပြန်စဉ်းစားစေပြီး ပထမသံစဉ်နှင့် ဒုတိယသံစဉ်ကို ဆရာက မှုတ်ပြပါမည်။
- ဒုတိယသံစဉ်သည်လည်း ပထမသံစဉ်ကဲ့သို့ပင် ဆင်တူသောအပိုဒ်များ ထပ်ကာထပ်ကာ ပါဝင်ကြောင်း သတိပြုမိစေမည်။
- ဒုတိယသံစဉ်ကို ဆရာနှင့်အတူ ကလေးများကို လိုက်မှုတ်စေပါမည်။
- မိတ်ဖက်သံစဉ် ၂ခု တစ်ထပ်တည်း မှုတ်ခြင်းသည် သံစဉ်တစ်ခုတည်း မှုတ်ခြင်းနှင့် ကွာခြားမှုအပေါ် မည်သို့ ခံစားရကြောင်းကို ကလေးအချို့အား ဖြေစေပါမည်။
- ဆရာက ကလေးတစ်ဦးအား အတန်းရှေ့သို့ခေါ်၍ ဆရာနှင့်အတူ သံစဉ် ၂ခုကို တစ်ထပ်တည်းကျအောင် အပြန်အလှန်မှုတ်ပြပါမည်။
- ကလေးများအား ၂ ယောက်တစ်တွဲ တွဲပေးပြီး လေ့ကျင့်စေပါမည်။
- အတန်းရှိ ကလေးအရေအတွက်ပေါ် မူတည်၍ ကလေးများကို အဖွဲ့ ၄ ဖွဲ့ဖွဲ့ပေးပြီး လက်ဆင့်ကမ်းသည့် ပုံစံဖြင့် အလှည့်ကျ မှုတ်ရမည်ဖြစ်ကြောင်း ရှင်းပြရပါမည်။
- ပထမဘား၊ ဒုတိယဘား၊ တတိယဘားတို့ကို အလှည့်ကျ မှုတ်စေပြီး စတုတ္ထဘားတွင် သုံးဖွဲ့လုံး စုပေါင်းမှုတ်ရပါမည်။ ဒုတိယသံစဉ်မှာ ကျန်အဖွဲ့က အစအဆုံးမှုတ်ရမည်ဖြစ်ကြောင်း ရှင်းပြရပါမည်။ ဥပမာ-

| | ဘား ၁ | ဘား ၂ | ဘား ၃ | ဘား ၄ |
|---|---|---|---|---|
| ပထမသံစဉ် | အဖွဲ့ ၁ | အဖွဲ့ ၂ | အဖွဲ့ ၃ | အဖွဲ့ ၁+၂+၃ |
| ဒုတိယသံစဉ် | အဖွဲ့ ၄ | | | |

- အထက်ပါနည်းအတိုင်း ဘား (၅)မှ ဘား (၁၆)အထိ ဆက်၍ မှုတ်စေပါမည်။(၂၅ မိနစ်)

**နိဂုံး**

- အတန်းသားအားလုံး လက်ဆင့်ကမ်းသည့် ပုံစံဖြင့် အစမှ အဆုံးထိ မှုတ်စေပါမည်။(၁၀ မိနစ်)

### သတိပြုရမည့်အချက်များ

- သံစဉ် ၂ခုမှုတ်ရာတွင် တစ်ထပ်တည်းကျစေရန် ဂရုစိုက်၍ လေ့ကျင့်သင်ကြားပေးရပါမည်။
- လက်ဆင့်ကမ်းမှုတ်ခြင်းနှင့် သံစဉ် ၂ခုကို တစ်ထပ်တည်းကျအောင် မှုတ်ခြင်းတို့အား လေ့ကျင့်ရာတွင် အတိအကျမှုတ်စေခြင်းထက် အတူတကွ ပူးပေါင်းဆောင်ရွက်လိုခြင်း၊ အချင်းချင်းညှိနှိုင်းဆောင်ရွက်လိုခြင်း၊ မိမိကျရာတာဝန်ကို ကျေပွန်စွာ လုပ်ဆောင်လိုခြင်းတို့ကို နားလည်သိရှိစေပါမည်။
- လက်ဆင့်ကမ်း အဆင့်ဆင့်မှုတ်ချိန်တွင် အခြေအနေပေါ် မူတည်၍ ဆရာက ပြောင်းလဲဖွဲ့ပေးလျှင်လည်း ရပါသည်။
- လက်ဆင့်ကမ်းမှုတ်သည့်အခါ မိမိအလှည့်ကျချိန်တွင် မှန်ကန်စွာ မှုတ်နိုင်ရန် သင်္ကေတကို ဂရုစိုက်ကြည့်ရှုရန် လိုအပ်ပါသည်။

### စစ်ဆေးအကဲဖြတ်ချက်

- မိတ်ဖက်သံစဉ် ၂ခုအား တစ်ထပ်တည်းမှုတ်ခြင်းကို နားလည်သိရှိပြီး အသံအပြင်းအပျော့ ထည့်သွင်းကာ ပလွေဖြင့် မှန်ကန်စွာ တီးမှုတ်နိုင်သည်။ (A)
- မိတ်ဖက်သံစဉ် ၂ခုအား တစ်ထပ်တည်းမှုတ်ခြင်းကို နားလည်သိရှိပြီး ပလွေဖြင့် တီးမှုတ်နိုင်သည်။ (S)
- ပလွေဖြင့် မမှုတ်နိုင်ပါ။ (E)

## အခန်း(၆) မိဘမေတ္တာ

**ရည်ရွယ်ချက်** – တေးသီချင်း၏ အနှစ်သာရကို သိရှိနားလည်ကာ အသံအပြင်းအပျော့ သင်္ကေတများကို သတိပြု၍ ခံစားချက်ဖြင့် သီဆိုတီးမှုတ်ရန် ဖြစ်သည်။ **စာသင်ချိန်** – ၅/၅

### သင်ယူမှုဦးတည်ချက်

တေးသီချင်း၏ အနှစ်သာရ၊ အသံအပြင်းအပျော့ကို အဖွဲ့လိုက် တီထွင်ဖန်တီး၍ သီဆိုတီးမှုတ်တတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်၊ တေးသီချင်းပါ အသံဖိုင်၊ စည်း၊ ဝါး။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

- ကလေးများအား သီချင်းစာသား တစ်ပိုဒ်ချင်းစီ၏ အဓိပ္ပာယ်နှင့် မည်ကဲ့သို့ ခံစားရသည်ကို လွတ်လပ်စွာ ပြောစေမည်။ (၅ မိနစ်)

**လုပ်ငန်းစဉ်**

- အတန်းရှိ ကလေးအရေအတွက်ပေါ်မူတည်၍ သင့်လျော်သလို အဖွဲ့များဖွဲ့ပါမည်။
- အဖွဲ့လိုက် စဉ်းစားတိုင်ပင်ပြီး
  (၁) တေးကဗျာ၏ အဓိပ္ပာယ်နှင့် လိုက်ဖက်သော ဟန်အမူအရာများကို ပြုလုပ်ခြင်း၊
  (၂) သံစဉ်နှစ်ခုကို တစ်ထပ်တည်း မှုတ်ခြင်းနှင့်
  (၃) အသံအပြင်းအပျော့ကို တီထွင်ဖန်တီး၍ တီးမှုတ်ခြင်း တို့ကို ခံစားသီဆို သရုပ်ဖော်တီးမှုတ်ရမည်ဖြစ်ကြောင်း ရှင်းပြပါမည်။
- ပထမသံစဉ်နှင့် ဒုတိယသံစဉ်တို့ အသံမျှတစေရန် စဉ်းစားပြီး အသံအားနည်းသောဘက်ကို လူဦးရေ ပိုတိုးလျှင် အသံပိုကျယ်လာမည်ဖြစ်ကြောင်းကို ရှင်းပြရပါမည်။
- အဖွဲ့လိုက် မိမိတို့ ပြုလုပ်လိုသော အမူအရာများ၊ အသံအပြင်းအပျော့နှင့် သံစဉ်နှစ်ခုကို မှုတ်မည့် လူဦးရေ စသည်တို့ကို တိုင်ပင်စဉ်းစားကာ မည်ကဲ့သို့ ဖန်တီး၍ တီးမှုတ်သီဆိုမည်ကို ဆုံးဖြတ်စေပါမည်။
- အဖွဲ့လိုက် ညီညာစွာ သီဆိုတီးမှုတ်နိုင်ရန် လေ့ကျင့်စေပါမည်။ (၃၀ မိနစ်)

**နိဂုံး**

- အဖွဲ့တစ်ဖွဲ့ချင်းစီ သီဆိုသရုပ်ဖော် တီးမှုတ်စေပါမည်။ မည်ကဲ့သို့ တီထွင်ဖန်တီး၍ သီဆိုထားကြောင်းကို ပြောစေပါမည်။
- ကြည့်ရှုအားပေးနေသော အဖွဲ့များမှာ အဖွဲ့အသီးသီး၏ တီထွင်ဖန်တီးမှုများကို သိရှိနားလည်ပြီး ကောင်းသည့်အချက်များကို ချီးကျူးစေပါမည်။(၅ မိနစ်)

အခန်း(၆) မိဘမေတ္တာ

**တေးသီချင်း၏ အဓိပ္ပာယ်ကို ပေါ်လွင်အောင် သီဆိုသရုပ်ဖော်ကြစို့**

**အဖွဲ့လိုက်တိုင်ပင်ကြစို့**



**အဖွဲ့လိုက်သီဆိုတီးမှုတ် သရုပ်ဖော်ကြစို့**



၃၂

### သတိပြုရမည့်အချက်များ

- အသံ အပြင်းအပျော့၊ အသံ နှစ်ထပ်မှုတ်ခြင်းနှင့် တေးကဗျာ၏ အနှစ်သာရ စသည်တို့ကို သတိပြု၍ အဖွဲ့လိုက်လေ့ကျင့်စေပါမည်။ တေးသီချင်း၏ အနှစ်သာရကို ပေါ်လွင်စေရန် အသံအပြင်းအပျော့နေရာများကို အဖွဲ့လိုက်တီထွင်ဖန်တီး၍ ပြောင်းလဲနိုင်ပါသည်။ (ဥပမာ- 'တေးစာသားရှိ ခွန်အားသတ္တိများကိုပေးတယ်က အရေးကြီးတယ်ထင်လို့ ပြင်းပြင်းမှုတ်ခဲ့တယ်')
- ကလေးများအဖွဲ့လိုက် သရုပ်ဖော်ပုံကို စဉ်းစားနေချိန်တွင် ဆရာက အတန်းတွင်း လှည့်လည်၍ ကူညီအကြံပေးပြီး အဖွဲ့တိုင်း၏ တီထွင်ဖန်တီးသရုပ်ဖော်ထားပုံများကို ချီးကျူးပေးရပါမည်။
- အဖွဲ့လိုက် သီဆိုတီးရာတွင် ခေါင်းဆောင်တစ်ဦးရွေးချယ်၍ ထိုခေါင်းဆောင်မှ တိုင်ပင်ခေါ်ပေးရပါမည်။

### စစ်ဆေးအကဲဖြတ်ချက်

- တေးသီချင်း၏ အနှစ်သာရ၊ အသံအပြင်းအပျော့ကို အဖွဲ့လိုက် တိုင်ပင်ဆွေးနွေးကာ မိတ်ဖက်သံစဉ် ၂ခုကို အတူတကွသီဆိုတီးမှုတ်နိုင်သည်။ (A)
- တေးသီချင်း၏ အနှစ်သာရ၊ အသံအပြင်းအပျော့ကို အဖွဲ့လိုက် တီထွင်ဖန်တီး၍ သီဆိုတီးမှုတ်နိုင်သည်။ (S)
- တေးသီချင်း၏ အနှစ်သာရ၊ အသံအပြင်းအပျော့ကို အဖွဲ့လိုက် သီဆိုမတီးမှုတ်နိုင်ပါ။ (E)

# ဂီတဝေါဟာရများ (စတုတ္ထတန်း)

**Dotted Crochet**



Dotted Crochet သင်္ကေတသည် Crochet Note တန်ဖိုး၏ တစ်ဝက်ကို ထပ်မံပေါင်းထားခြင်းဖြစ်သည်။

**Minim**



Minim သင်္ကေတသည် ရိုက်ချက် ၂ ချက်စာ အသံရှည်တန်ဖိုးရှိသည်။

**Dotted Minim**



Dotted Minim သင်္ကေတသည် ရိုက်ချက် ၃ ချက်စာ အသံရှည်တန်ဖိုးရှိသည်။

**Mezzoforte**




Mezzoforte သင်္ကေတသည် အသံကိုအနည်းငယ် ပြင်းပြင်းကျယ်ကျယ် သီဆိုတီးမှုတ်ရသည်။

**Forte**




Forte သင်္ကေတသည် အသံကိုပြင်းပြင်းကျယ်ကျယ် သီဆိုတီးမှုတ်ရသည်။

**Tie**



Tie သင်္ကေတသည် တူညီသောအသံရှိသည့် သင်္ကေတနှစ်ခုကို မျဉ်းကွေးဖြင့်ဆက်၍ ဖော်ပြပြီး မျဉ်းကွေးအစရှိ အသံကို သီဆိုတီးပြီးပါက ဒုတိယအသံကို နောက်ထပ်သီဆို တီးရန်မလိုဘဲ အသံရှည်ဆွဲထားရန်ဖြစ်သည်။

**Whole Rest**




Whole Rest သင်္ကေတသည် ရိုက်ချက်လေးချက်စာ ရပ်နားရသည်။

**Ritardando**




Ritardando သင်္ကေတသည် တဖြည်းဖြည်းနှေးပြီး သီဆိုတီးမှုတ်ရသည်။

**Fermata**




Fermata သင်္ကေတသည် စိတ်ကြိုက်အသံရှည်ဆွဲခြင်းနှင့် တေးသွားအဆုံးသတ်ခြင်းတို့တွင် အသုံးပြုသည်။

**Mezzopiano**





Mezzopiano သင်္ကေတသည် အသံအနည်းငယ် ပျော့ပျော့ပျောင်းပျောင်း သီဆိုတီးမှုတ်ရသည်။

**Crescendo**



Crescendo သင်္ကေတသည် အသံတဖြည်းဖြည်း အားပြင်းပြင်းဖြင့် သီဆိုတီးမှုတ်ရသည်။

**Decrescendo**



Decrescendo သင်္ကေတသည် အသံတဖြည်းဖြည်း အားပျော့ပျော့ဖြင့် သီဆိုတီးမှုတ်ရသည်။

DBE BOX